# အယ်ဒီတာ့စကား

ရွက်ဟောင်းတွေ တဖြုတ်ဖြုတ်ကြွေပြီး ဖူးသစ်စရွက်နုလေးတွေဟာ စိမ်းဖျော့ဖျော့အရောင်ကနေ အစိမ်းရင့်ရင့်ရောင်ပြောင်းခဲ့ပြီ။ မကြာခင်မှာ နှစ်တစ်နှစ်ကို နှုတ်ဆက်ပြီး နှစ်တစ်နှစ်ကို ကြိုဆိုရပေဦးမယ်။

နှစ်ဟောင်းကို ပြန်ကြည့်လိုက်တဲ့အခါ LGBTတွေအတွက် ပတ်ဝန်းကျင်ရဲ့ ခွဲခြားဆက်ဆံမှုတွေ၊ မိသားစုလက်မခံနိုင်မှုတွေ၊ ဝေဖန်တိုက်ခိုက်မှုတွေ ရှိနေတုန်းပဲ။

LGBTတွေကလည်း ဒီလိုအဆင်မပြေမှုတွေကို ကြံ့ကြံ့ခံအံတုရင်း ရင်ဆိုင်တိုက်ခိုက်နေကြဆဲ။ နှစ်သစ်တစ်ခုကူးပြောင်းလာတိုင်း ခွန်အားအသစ်တွေ အင်သားအသစ်တွေနဲ့ ရှေ့ဆက်ဖို့ ကြိုးစားနေကြဆဲ။

သက်တံ့ရောင်မဂ္ဂဇင်းအနေနဲ့လည်း LGBTတွေအတွက် ခွန်အားဖြစ်စေမယ့် အကြောင်းအရာတွေနဲ့ မိသားစုလက်ခံနိုင်မှု ပိုမိုရရှိလာအောင်၊ ခွဲခြားမှုတွေ ပပျောက်သွားအောင်၊ လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုရရှိလာအောင် LGBT တွေရဲ့ဘေးကနေ အမြဲရပ်တည်ပေးနေမှာပါ။လူ့လောကထဲကို ရောက်လာကြသူတွေ၊ နှုတ်ဆက်ထွက်ခွာသွားသူတွေကြားမှာ ရုန်းကန်ရပ်တည်ရင်း မောပန်းလာတဲ့အခါ တွဲလက်အဖြစ်၊ နှစ်သိမ့်ပေးနိုင်မယ့် ပခုံးတစ်ဖက်အဖြစ်နဲ့ အတူတူရှိနေမှာပါ။

ပျော်ရွှင်စရာကောင်းတဲ့ နှစ်သစ်မှာ ခွန်အားအသစ်၊ စိန်ခေါ်မှုအသစ်၊ အောင်မြင်မှုအသစ်တွေနဲ့ ပိုမိုတောက်ပတဲ့ အနာဂတ်တစ်ခုကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းကောင်းရင်းနဲ့...။

နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေနော်။

Happy New Year !!!

**အယ်ဒီတာအဖွဲ့**

# Contents

Vol.44 2019
Rainbow Magazine



32




16





## ကဗျာ

4 အရောင်များနဲ့ မော်အောင်သူတွေ ဂိုးဂိုး (မောရမြိုင်)

5 အလွမ်းများ သုတလင်း (ဆင်ပေါင်ဝဲ)

6 ရင်ခွင်ပေဟာင်းကို မွှမ်းမံခြင်း သျှီသူအောင်

7 ဘုန်းကညာ စိုးနောင် (မုံရွာ)

## ဆောင်းပါး

8 လူနဲ့ လိင်စိတ်ကွဲပြားမှုအကြောင်း ဝင်နီ
သိကောင်းစရာ

12 ဆောင်းတွင်းမှာ ဖြစ်တတ်တဲ့ Angelic Demon
အလှအပရေးရာ ပြဿနာတွေကို
ဘယ်လိုဖြေရှင်းကြမလဲ

## ဥပဒေ

16 ဥပဒေရေးရာ အမေးအဖြေကဏ္ဍ
Access to Justice Program

## အင်တာဗျူး

20 ရွှေသမီးနှင့် တွေ့ဆုံမေးမြန်းခြင်း ရှိန်း

32 မြင့်မြတ်ကိုနှင့် တွေ့ဆုံမေးမြန်းခြင်း အညို

## အလှအပနှင့် ကျန်းမာရေး

62 ခရီးသွားတိုင်း မဖြစ်မနေလုပ်သင့်တဲ့ Angelic Demon
အသားအရည်ထိန်းသိမ်းနည်း (၇) မျိုး

## ရုပ်ရှင်ခံစားမှု

80 ရုပ်ရှင်အညွှန်း Salai Leo



46



62



66

## ဝတ္ထုတို


52 ကောင်းကင်ပျောက်သော တိမ်စိုင်လေးများ အရောင်မဲ့


## သက်တံရောင်သစ်


40 မျက်နှာမှားပြီး စီးတဲ့ရေ ပုလဲသွင်

46 နတ်သားထောင်ချောက် ခိုင်ငြိမ်းချမ်း


## ဘဝတမျက်နှာ


26 ဝင်ကစွပ်လေးရဲ့အချစ် Angelic Demon


## ဝတ္ထုရှည် အခန်းဆက်


66 ဆူး အကြင်နာမွန်



တာဝန်ခံအယ်ဒီတာ

အညို

အယ်ဒီတာအဖွဲ့

ကြယ်စင်လင်း

ဒီဂိုင်း

စိုးမြတ်သူ

မျက်နှာဖုံးဓာတ်ပုံ

သီဟစိုး

ထုတ်ဝေသူ

လှမြတ်ထွန်း(၀၂၂၆၀)

ပုံနှိပ်တိုက်

ချမ်းသာ

စာပေနှင့် ပုံနှိပ်လုပ်ငန်း

အမှတ်(၁၃၆)၊ ၃၉-လမ်း(အောက်ဘလောက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Funded by

FOUNDATION FOR A JUST SOCIETY



COLORS RAINBOW

Ph: 09 400447181, 09 894207921

info@colorsrainbow.org

www.colorsrainbow.org

www.colorsrainbow.com



## အရောင်များနဲ့ မျှော်အောင်သူတွေ

အလှအပတွေ ဖန်တီးနိုင်ဖို့
နဂိုရှိတာလေးပဲလိုတယ်
'လာဂီယာကွန်ဒါ' လို အပြိုးသေမျိုးမဟုတ်ဘူး
ဖန်တီးရှင်တွေအတွက် ဘာသာကွဲမရှိဘူး
ဖန်တီးချက်တိုင်းမှာ ခေတ်ကလှပခဲ့ရ
သက်တံ့ဟာ သူတို့ရဲ့လက်မှာ ပွင့်နေ
မိန်းမဆန်မှုကိစ္စလား
နှုတ်ခမ်းကွေးရုံလေး ပြုံးပြပစ်လိုက်မယ်
ဝါသနာဆမ်းထားတဲ့ အနုပညာနဲ့
အဓိပ္ပာယ်ရှိစွာ သွေးအေးနေသူတွေ
ခေတ်ထဲမှာနေပြီး ရေစီးအတိုင်းလိုက်တယ်
ပန်းပွင့်လေးတွေအတွက်
ဆွဲဆောင်မှုရနံ့ကို ချက်တယ်
သူတို့ရဲ့ ရှင်သန်ခြင်းတွေက
နစ်မွန်းခြင်း ဝေါဟာရအချို့အောက်
အားငယ်မှုနဲ့ စိန်ခေါ်နေရဆဲ
စွဲလန်းစွာ တဖက်သတ်ဘဝကို တွယ်ဖက်ထားတာပါ
သူတို့ဟာ အလှအပများစွာအတွက်
မရှိမဖြစ် ရှိနေသင့်သူတွေ ။ ။

ဂိုးဂိုး (မောရမြိုင်)



## အလွမ်းများ

အတိတ်က ဂငယ်ကွေ့လှည့်ဝင်လာတယ်
သတိတရ ပြန်ပြန်ဝါးမိတဲ့ ကွမ်းလို
ပြန်ပြန်စွဲလမ်းမိတဲ့ ကိုယ်သင်းရနံ့နဲ့
နေလောင်နေ့ရက်များ
အရေခွံဟောင်းလေးကိုပဲ
ထပ်တလည်းလည်း မီးပူတိုက်ဝတ်
ရင်ခုန်နှုန်းမြင့် ဆောင်းဟာ
ရာသီစက်ဝန်းထဲ စစ်တုရင်ထိုင်ထိုးလို့
လွမ်းရလို့ ငိုကြွေးရတာလည်း
ခေါင်းအုန်းလေး မချိမဆန့်ပေါ့ကွယ်
အဝေးထဲလွင့်ဝဲသွားတဲ့ စွန်
ကြိုးတွေရဲ့ အချော့အတင်းမှာ
ပျော်မောကြည်မွေ့နေပြီလား
တစစ်စစ်ကိုက်ခဲနေတဲ့ ဒဏ်ရာမှာ
အလွမ်းက တဖျစ်ဖျစ်မြည်ပေါ့ ချစ်သက်နှယ်။ ။

သုတလင်း (ဆင်ပေါင်ဝဲ)



## ရင်ခွင်ဟောင်းကို မွမ်းမံခြင်း

လှဲကျင်းထားတဲ့ ရင်ထဲကိုမှ
မျက်ရည်က ကြွေကျတယ်။
လက်ဖမိုးပေါ်က အနမ်းရာလေးတောင်
လူမမြင်အောင်ဝှက်ထားရ။
နမ်းဖူးတဲ့နှုတ်ခမ်းလေးလိုတော့
ဘယ်အရာမှ ချိုမှာမဟုတ်ဘူး။
ကျင်လည်ဖူးတဲ့ ရင်ခွင်ထဲမှာ
ခြေရာလက်ရာ မကျန်ခဲ့ပါစေနဲ့။
လိုအပ်မှ သတိရတတ်တဲ့ဖြစ်စဉ်
တစ်ခါမှမကြုံဖူးရင်လည်း
ရှုံးခဲ့သမျှကို အချစ်လို့ထင်လိုက်ပေါ့။
အပျော်လွန်ရက်စွဲတွေဆီက
အမှတ်တရညတွေ
ကိုယ်လက်သန့်စင်ပေးလိုက်ပါ။
မနက်ဖြန်မနက် အရုဏ်တက်ရင်
ပျော်ရွှင်ပေါ့ပါးသွားလိမ့်မယ်။


သျှီသူအောင်



# ဘုန်းကညာ

ကျွန်မနာမည်ရှေ့မှာ
မောင်တပ်ခေါ်ရင် မကြိုက်တာက စတာပဲ
ကျွန်မက
ပုဆိုးကို ထမီလုပ်ဝတ်တာက စတာပဲ။
ကျွန်မကြောင့်
အမေအရှက်ရတာက စတာပဲ။
ကျွန်မကို
အထင်သေးသလို ကြည့်တာက စတာပဲ၊
ကျွန်မကို
ရွံ့သလို ဆက်ဆံကြတာက စတာပဲ။
ကျွန်မတစ်ယောက်တည်း
လောကစံကို မိန်းမသားလို အန်တုရာက စတာပဲ။
ကျွန်မကြောင့်
မျက်နှာလေးတွေ ပိုလှတာက စတာပဲ။
ကျွန်မကြောင့်
ဝတ်စုံလေးတွေ သိပ်လှတာကစတာပဲ။
ကျွန်မကြောင့်
ကမ္ဘာကြီး ပိုလှလာတာမှာ စတာပဲ။

စိုးနောင် (မုံရွာ)



# လူနဲ့ လိင်စိတ်ကွဲပြားမှုအကြောင်း သိကောင်းစရာ...

ဝင်နီ



အမေရိကန်နိုင်ငံ မင်နီဆိုတာ အခြေစိုက် ဆေးဘက်ပညာရေးဆိုင်ရာ အကျိုးအမြတ်မယူသော အဖွဲ့အစည်းကြီး ဖြစ်တဲ့ The Mayo Clinic ဆိုတာ ဆေးကုသရေး၊ ပညာရေးနဲ့ သုတေသနဆိုင်ရာများမှာ ဘက်ပေါင်းစုံကနေ အာရုံစိုက် ဆောင်ရွက်နေတဲ့ အဖွဲ့ကြီးတစ်ခု ဖြစ်ပါတယ်။ အဲဒီ Mayo Clinic ကနေပြီးတော့ လိင်စိတ်ကွဲပြားမှုအပေါ်မှာ လူတွေက ဘယ်လို သဘောထားနေကြသလဲ ဆိုတာကို စူးစမ်းလေ့လာပြီး ထုတ်ပြန်ပေးထားတဲ့ 'လူနဲ့ လိင်စိတ်ကွဲပြားမှုအကြောင်း သိကောင်းစရာ' တွေကို ဗဟုသုတ ဖြစ်ဖွယ် မျှဝေလိုက်ချင်ပါတယ်။

'လူနဲ့လိင်စိတ် ကွဲပြားနေတယ်'ဆိုတဲ့အပေါ် ပိုပြီးနားလည်လာနိုင်ကြစေဖို့



အခြေခံအချက် ကလေးတွေနဲ့ ကျား/မ ဝိသေသလက္ခဏာလေးတွေကို ခွဲခြားတဲ့ အခေါ်အဝေါ်တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ကလေးတွေကို သိရှိနိုင်ကြစေဖို့ပဲ ဖြစ်ပါတယ်။

## လူနဲ့လိင်စိတ် ကွဲပြားနေခြင်း

'လူနဲ့ လိင်စိတ်ကွဲပြားနေခြင်း' ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ဟာ ကိုယ်တို့ထင်ထားတာထက် အများကြီး ကျယ်ပြန့်ပါတယ်။ သူက ကျား/မ ဝိသေသလက္ခဏာ ခွဲခြားခြင်းဆိုတဲ့ နယ်ပယ်တစ်ခုလုံးကို လွှမ်းခြုံတဲ့အပြင် ဒီစကားအသုံးအနှုန်းဟာ လူအားလုံးမှာ 'ကျား' ရယ် 'မ' ရယ် ဆိုပြီး နှစ်မျိုးပဲ ရှိတယ်ဆိုတဲ့ အယူအဆရဲ့ အပြင်ဘက်ကို ဖောက်ထွက်ပြလိုက်တာပဲ ဖြစ်ပါတယ်။

Photo - www.timiskaminghu.com

> **လိင်တိမ်းညွှတ်နေမှုဆိုတာ ကိုယ့်ရဲ့ မွေးရာပါ လိင်သတ်မှတ်ချက်၊ ရုပ်ပိုင်းဆိုင်ရာ အမူအကျင့်နဲ့ ဝိသေသလက္ခဏာတွေအပေါ်မှာ မကျေမနပ်ဖြစ်ပြီး စိတ်ဆင်းရဲနေတာမျိုးကို ဆိုလိုပါတယ် . . .**

ဒါ့အပြင် 'လူနဲ့ လိင်စိတ်ကွဲပြားနေသူ'ဆိုတဲ့ စကားရပ်မှာ ကျား/မ ဝိသေသလက္ခဏာခွဲခြားထားခြင်းဖြစ်တဲ့ ယောက်ျားဖြစ်ခြင်းနဲ့ မိန်းမဖြစ်ခြင်းတို့ရဲ့ မတူကွဲပြားမှု နှစ်ခုစလုံး အကျုံးဝင်နေပါတယ်။ ရှင်းအောင်ထပ်ပြောရမယ်ဆိုရင်'ကျား/မ ဝိသေသလက္ခဏာခွဲခြားခြင်း' ဆိုတာ ကျားလား၊ မ လား၊ ကျား/မ နှစ်မျိုးလုံးလား၊ ကျား/မ နှစ်ခုလုံး မဟုတ်ဘူးလား ဆိုတာကို စိတ်ထဲကနေ အလိုလို သိနေတာကို ဆိုလိုတာဖြစ်ပြီး 'ကျား/မ မတူကွဲပြားမှု' ဆိုတာကတော့ သူ့ကို လူမှုနယ်ပယ်က အသိအမှတ်ပြုထားမှု၊ ပုံပန်းသွင်ပြင်နဲ့ အမူအကျင့်တွေ အားလုံးအပေါ်မှာ ခြုံငုံသုံးသပ်တာပဲ ဖြစ်ပါတယ်။

## ဘယ်သူတွေက လူနဲ့လိင်စိတ်ကွဲပြားနေကြတာလဲ...

– မွေးရာပါ လိင်သတ်မှတ်မှုမှာ မနေဘဲ ဆန့်ကျင်ဘက်ရဲ့ ဝိသေသလက္ခဏာတွေ ရှိတဲ့သူ။

– ဆန့်ကျင်ဘက်လိင်အမျိုးအစားရဲ့အဝတ်အစား၊ အပြောအဆို၊ အမူအကျင့်၊ စိတ်ဝင်စားမှု စတာတွေဘက်ကိုသာလိုက်ပြီး မွေးရာပါ လိင်သတ်မှတ်မှုရဲ့ ပုံစံကျလူ့အဖွဲ့အစည်း စံချိန်စံညွှန်းတွေ နောက်ကို မလိုက်သူ။

– ကိုယ့်ရဲ့ လိင်စိတ်ခံယူမှုကို ကျား/မ နှစ်မျိုးထက်ကျော်လွန်ပြီး ခွဲခြားသတ်မှတ်ဖော်ပြနေသူ။ (ဟော်မုန်းပြောင်းလဲတာ၊ ခွဲစိတ်ပြုပြင်တာ စတာတွေပါ ပါချင်လဲပါမယ်။ မပါချင်လဲ မပါဘူး)

## ကျား/မ ဝိသေသလက္ခဏာနဲ့ လိင်စိတ်ခံယူမှု

'လူနဲ့လိင်စိတ်ကွဲပြားနေခြင်း'ဆိုတာဟာ လူတစ်ယောက်ရဲ့ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ အမူအကျင့်၊ လိင်ပိုင်းဆိုင်ရာ အပြုအမူတွေအကြောင်းကို ပြောတာ မဟုတ်ပါဘူး။ လိင်စိတ်ခံယူမှုဆိုတာ တစ်ဦးချင်းရဲ့ မွေးကတည်းက ပါလာတဲ့ဟာ ဖြစ်တယ်။ လူတစ်ယောက်ရဲ့ လိင်စိတ်ခံယူမှုဟာ သူ့ရဲ့ မွေးရာပါ လိင်သတ်မှတ်မှု၊ လိင်သွင်ပြင်လက္ခဏာ စတဲ့ ကျား/မ ဝိသေသလက္ခဏာတွေနဲ့ မသက်ဆိုင်ပါဘူး။

## လိင်တိမ်းညွှတ်နေမှု

လိင်တိမ်းညွှတ်နေမှုဆိုတာ ကိုယ့်ရဲ့ မွေးရာပါ လိင်သတ်မှတ်ချက်၊ ရုပ်ပိုင်းဆိုင်ရာ အမူအကျင့်နဲ့ ဝိသေသလက္ခဏာတွေအပေါ်မှာ မကျေမနပ်ဖြစ်ပြီး စိတ်ဆင်းရဲနေတာမျိုးကို ဆိုလိုပါတယ်။ လိင်ပြောင်းလိုက်တဲ့သူတွေမှာ ဒီလို စိတ်ဆင်းရဲမှု မျိုးတွေကနေ လွတ်မြောက်လာတာကို တွေ့ရပါတယ်။ ဒီလို လိင်တိမ်းညွှတ်နေမှုကို စိတ်ပိုင်းဆိုင်ရာ ရောဂါတစ်ခုအဖြစ် အမေရိကန် စိတ်ရောဂါ ဆရာဝန်များအသင်းကထုတ်တဲ့ Diagnostic and Statistical Manual of Mental Disorders (DSM-5) လက်စွဲစာအုပ်ထဲမှာ စာရင်းထည့်ထားပြီး စိတ်ပိုင်းဆိုင်ရာ ကုသမှုပေးဖို့ လုပ်ထားတာကို တွေ့ရပါတယ်။

## အခြားအခေါ်အဝေါ်များ

ဒီအကြောင်းပြောမယ်ဆိုရင်တော့ ဒီဟာလေးတွေ ဗဟုသုတအဖြစ် သိထားဖို့ လိုပါတယ်။

– Cisgender ဒါကတော့ မွေးရာပါလိင်အမျိုးအစားနဲ့ လိင်စိတ်ထပ်တူကျတဲ့သူတွေကို ခေါ်တာပါ။ ယောက်ျားကိုယ် ယောက်ျားစိတ်၊ မိန်းမကိုယ် မိန်းမစိတ်ရှိသူတွေကို ခေါ်တာပါ။

– Cross-dressing ဒါကတော့ ဆန့်

ကျင်ဘက်လိင်ရဲ့ အဝတ်အစားတွေကို ဝတ်ဆင်တဲ့သူကို ပြောတာပါ။ တချို့က အဲဒီလိုဝတ်ခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာမှာ ပျော်ရွှင်နှစ်သက်မှုကို ရရှိကြပါတယ်။ စိတ်ဖိစီးမှုတွေကနေ လျော့ပါးပါတယ်တဲ့။ ဒါပေမဲ့ Crossdressing ဝတ်ထားတိုင်း လိင်စိတ်တိမ်းညွတ်မှုရှိနေတယ်လို့တော့ မဆိုနိုင်ပါဘူးတဲ့။ Crossdressing နဲ့ လိင်စိတ်ခံယူမှုနဲ့ မဆိုင်ပါဘူးတဲ့။

– Gender Fluidity ဒါကတော့ စိတ်ထဲမှာ ဖြစ်နေတဲ့ လိင်စိတ်အတိုင်းကို အပြင်မှာ ထုတ်ဖော်ပြသလိုက်တာပဲ ဖြစ်ပါတယ်။ (ပွင့်သွားတာကိုပြောတာ) သူတို့တွေကျတော့ ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ ပုံစံကျ လူ့အဖွဲ့အစည်းစံချိန်စံညွှန်းတွေဘာတွေ သိပ်ဂရုမစိုက်တော့ဘူး။ စိတ်ထဲမှာ မိန်းမလို့ ခံယူထားရင် မိန်းမလိုနေတယ်။ ယောကျ်ားလို့ ခံယူထားရင် ယောကျ်ားလိုပဲ ပြုမူနေထိုင်ပါတယ်။ တစ်ခါတလေလည်း အချိန်နဲ့အမျှ ပြောင်းလဲနေတတ်ပါတယ်။

– Gender nonconforming ဆိုတာက ကျား/မ သတ်မှတ်ချက်တွေ၊ လိင်ခွဲခြားမှုမှာ သတ်မှတ်ထားတဲ့ စံတွေနဲ့လွဲနေသူတွေကို ပြောတာပါ။ ယောကျ်ားလေးဆိုရင် ကျားကျားလျားလျား ရှိရမယ်၊ မိန်းကလေးဆိုရင် နူးနူးညံ့ညံ့ရှိရမယ် စတဲ့ သတ်မှတ်ချက်တွေကနေ ဆန့်ကျင်ဘက်ဖြစ်နေသူတွေကို ဆိုလိုပါတယ်။

– Gender Role ဒါကတော့ အများက သတ်မှတ်ထားတဲ့ မွေးရာပါ ကျား/မ ခွဲခြားမှုဆိုင်ရာ ပုံစံကျ လူ့အဖွဲ့အစည်း စံချိန်စံညွှန်းတွေကို ပြောတာပါ။

– Sexual minority stress - ဆိုတာက ကိုယ့်ရဲ့ မွေးရာပါ ကျား/မ ဝိသေသလက္ခဏာနဲ့ မတူကွဲပြားတဲ့ သွင်ပြင်လက္ခဏာနဲ့ အမူအကျင့်ကြောင့် ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းက လက်မခံတာ၊ ခွဲခြားဆက်ဆံခံရတာ၊ ဝိုင်းပယ်ထားတာ၊ ဒီလိုဖြစ်နေတာကို ကိုယ့်ကိုယ်ကို အပြစ်ကြီးတစ်ခုလို့ ထင်နေတာ စတာတွေကြောင့်ဖြစ်တဲ့ စိတ်ဖိစီးမှုကို ပြောတာပါ။

– Trans man and trans woman ဒါကတော့ လူနဲ့ လိင်စိတ်နဲ့ ကွဲပြားနေတဲ့ သူတွေကို ဆိုလိုပါတယ်။ ဥပမာ trans woman ဆိုတာ ယောကျ်ားလေး မွေးလာပြီးတော့ သူ့ရဲ့ လိင်စိတ်ခံယူမှုက မိန်းကလေး ဖြစ်နေတာ။ နှစ်မျိုးဖြစ်နေသူတွေကို ခေါ်တာ ဖြစ်ပါတယ်။ ယောကျ်ားကိုယ်–မိန်းမစိတ်၊ မိန်းမကိုယ်–ယောကျ်ားစိတ်ရှိသူတွေကို ပြောတာပါ။ တချို့ကတော့ သူတို့ကို အဲဒီလိုခေါ်တာမကြိုက်ကြပါဘူး။

ဒီအကြောင်းအရာတွေကို ဒီ့ထက်ပိုပြီး သိချင်ရင်တော့ ဆန်ဖရန်စစ်စကို၊ ကယ်လီဖိုးနီးယား တက္ကသိုလ်က The Fenway Institute or the Center of Excellence for Transgender Health စတဲ့ ဝက်ဘ်ဆိုက်တွေကို အင်တာနက်မှာ ရှာပြီး ဆက်လေ့လာပါလို့ အကြံပြုချင်ပါတယ်။

လေးစားလျက်
ဝင်နီ

Ref: www.mayoclinic.org/healthy-lifestyle/adult-health/in-depth/transgender-facts/art-20266812

စိတ်ထဲမှာ မိန်းမလို့
ခံယူထားရင် မိန်းမလိုနေတယ်။
ယောကျ်ားလို့ ခံယူထားရင်
ယောကျ်ားလိုပဲ
ပြုမူနေထိုင်ပါတယ်။
တစ်ခါတလေလည်း
အချိန်နဲ့အမျှ
ပြောင်းလဲနေတတ်ပါတယ် ...



Photo: bustle.com

# ဆောင်းတွင်းမှာ ဖြစ်တတ်တဲ့ အလှအပရေးရာ ပြဿနာတွေကို ဘယ်လို ဖြေရှင်းကြမလဲ။

*Angelic Demon*

ဆောင်းလည်း ဝင်လာပြီ။ ရာသီဥတုအေးအေးမှာ အနွေးထည် လှလှလေးတွေ ဝတ်ပြီး ရှိုးထုတ်လို့ ကောင်းပေမဲ့ အသားခြောက်တာ၊ အသားပပ်တာ၊ နှုတ်ခမ်းခြောက်တာ၊ ကွဲတာတွေ ဖြစ်နေတော့ လှချင်တိုင်း မလှရတဲ့ ပြဿနာကြီးကြောင့် စိတ်ညစ်ရတဲ့ အဖြစ်ကလည်း လွယ်မနေဘူးပဲနော်။ ဒါဆို ဆောင်းတွင်းမှာ ဖြစ်လေ့ရှိတဲ့ အရေပြားနဲ့ အလှအပရေးရာ ပြဿနာတွေနဲ့ သူတို့ကို အိမ်တွင်းနည်းလမ်းတွေ သုံးပြီး ဘယ်လိုဖြေရှင်းကြမယ် ဆိုတာလေး ကြည့်ကြည့်ကြရအောင်။

> **တစ်ခါတလေ အသားခြောက်တာလွန်ပြီး အရေပြားကို လက်သည်းလေးနဲ့ ခြစ်လိုက်ရင်တောင် အစင်းကြောင်းတွေ၊ အဖြူဖပ်လေးတွေ ကျလာတာမျိုးတောင် ဖြစ်တတ်သေးတယ်နော်။ ဒါဟာ ဆောင်းတွင်းမှာ တိုက်တဲ့လေအေးကြောင့် ဖြစ်ရတာပါ ...**

### ၁။ ခရမ်းလွန်ရောင်ခြည်နှင့် နေဒဏ်ကြောင့် အသားအရေပျက်စီးခြင်း

ဟင် ဆောင်းတွင်း အေးရဲ့သားနဲ့ ဘယ်လို နေဒဏ်နဲ့ UV (ခရမ်းလွန်ရောင်ခြည်) ကြောင့် ပျက်စီးရမှာလဲ။ အအေးဒဏ်ကြောင့်ပဲ ပျက်စီးရမှာပေါ့လို့ တွေးနေပြီလား။ တကယ်တော့ ဆောင်းတွင်းမှာ UVA ရောင်ခြည်တွေ ပိုရလေ့ရှိပါတယ်။ နောက်ပြီး ဆောင်းတွင်းဆိုတာကလည်း မနက်နဲ့ ညသာ အေးတာ၊ နေ့လယ်ကျနေက ခြစ်ခြစ်တောက် မဟုတ်လား။ ဘယ်လို အသားအရေပဲ ဖြစ်နေပါစေ၊ ဘယ်လို အသားအရောင် ဖြစ်ပါစေ၊ ဆောင်းတွင်း အေးအေးမှာ နွေးအောင် နေရောင်လှုံမယ်ဆိုပြီး နေရောင်ထဲ အကြာကြီး မနေပါနဲ့။ တခြားရာသီတွေထက်စာရင် အသားအရေ ပျက်စီးနှုန်း ပိုမြန်ပါလိမ့်မယ်။ နေရောင်နဲ့ ထိတွေ့မှုများခြင်းက အမည်းစက်တွေ ပိုဖြစ်စေတာ၊ အိုမင်းရင့်ရော်နှုန်း ပိုမြန်ဆန်စေတာ၊ အရေးအကြောင်းတွေ ထင်စေတာကနေ ကင်ဆာထိ ဖြစ်ပေါ်စေနိုင်ပါတယ်။

♦ ဘယ်လို ဖြေရှင်းမလဲ။

တစ်ခုပဲ လုပ်လို့ရပါတယ်။ Sunscreen ကို သေချာလိမ်းပါ။ ကိုယ်လိမ်းတဲ့ မိတ်ကပ်တွေထဲမှာလည်း SPF လုံလုံလောက်လောက် ပါတာကို ရွေးချယ် ဝယ်ယူပါ။ နေဒဏ်ကို အတိုင်းအတာတစ်ခုထိ ခံနိုင်တဲ့ မိတ်ကပ်ပစ္စည်းတွေကိုပဲ အသုံးပြုပါ။

### ၂။ အသားခြောက်ခြင်း

ဆောင်းတွင်းရဲ့ လေအေးဟာ အသားခြောက်စေတယ်ဆိုတာကိုတော့ အားလုံးသိပြီးသားဖြစ်မှာပါ။ အသားခြောက်တာ၊ အသားပပ်တာတွေက ဆောင်းတွင်းကပေးတဲ့ အထင်ကရ ဒဏ်ရာတွေပဲ မဟုတ်လား။ တစ်ခါတလေ အသားခြောက်တာ လွန်ပြီး အရေပြားကို လက်သည်းလေးနဲ့ ခြစ်လိုက်ရင်တောင် အစင်းကြောင်းတွေ၊ အဖြူဖပ်လေးတွေ ကျလာတာမျိုးတောင် ဖြစ်တတ်သေးတယ်နော်။ ဒါဟာ ဆောင်းတွင်းမှာ တိုက်တဲ့ လေအေးကြောင့် ဖြစ်ရတာပါ။ ခြောက်သွေ့ပြီး အေးတဲ့လေဟာ လေထုထဲက ရေငွေ့ကို လျော့ချပေးနိုင်သလို ဒီလေနဲ့ ထိတွေ့နေရတဲ့ အရေပြားပေါ်က ရေဓာတ်ကိုလည်း အလွယ်တကူ အငွေ့ပျံသွားစေနိုင်ပါတယ်။

♦ ဘယ်လို ဖြေရှင်းမလဲ။

ခက်သလိုလို ထင်ရပေမဲ့ လွယ်ပါတယ်။ အဲလွယ်မလိုလိုနဲ့လည်း ခက်တယ်လို့ ဆိုရမှာပါ။ အဓိကကတော့ ကိုယ်ခန္ဓာကို ရေဓာတ်ပြည့်အောင် နေဖို့ပါပဲ။ ခုနောက်ပိုင်း အခန်းထဲမှာ ထားလို့ရတဲ့ ရေငွေ့ပေးတဲ့ စက်လေးတွေ ပေါ်လာနေပါပြီ။ အဲဒါလေးတွေ ထားထားပါ။ ပုံမှန်သုံးနေကျ ရေဓာတ်ဖြည့်ပေးတဲ့ Moisturizer ထက်ပိုပြီး ရေဓာတ်ပြည့်ဝတာတွေကို သုံးပါ။ Skincare အတွက် ရေကို အခြေခံထားတာတွေကို အဓိကထားသုံးပါ။ Alcohol ပါတာကိုရှောင်ပါ။

ဒီမှာ စိတ်ဝင်စားစရာတစ်ခုက Pump Bottles တွေထဲ ထည့်ထားတဲ့ Lotion တွေ ၊ ခရင်မ်တွေဟာ အစိုဓာတ်ကို ကြာကြာ ထိန်းသိမ်းနိုင်စွမ်း လျော့နေတတ်ပါတယ်တဲ့။ ဒါကြောင့် ဆောင်းတွင်းအတွက် အစိုဓာတ်ဖြည့်တင်းမယ့် ခရင်မ်တွေ၊ Lotion တွေ လိမ်းမယ်ဆိုရင် Jar နဲ့ ဒါမှမဟုတ် Tube နဲ့လာတဲ့ Skincare မျိုးကို ရွေးချယ်သုံးစွဲတာက ပိုပြီး အဆင်ပြေစေမှာပါ။

အပြင်ပိုင်းမှာ Skincare တွေနဲ့ ထိန်းသိမ်းသလို ခန္ဓာကိုယ် အတွင်းပိုင်း

ကိုလည်း ရေဓာတ်ပြည့်စေတဲ့ စားစရာတွေ ဥပမာ ဖရဲသီးတို့လို အသီးတွေ စားပေးတာမျိုး၊ ရေကို ပုံမှန်သောက်ပေးတာမျိုးလုပ်ပြီး ရေဓာတ်ဖြည့်ပါ။

### ၃။ အသားပပ်ခြင်း

အသားခြောက်တာနဲ့ အသားပပ်တာနဲ့က တစ်ဆက်တည်းလိုလိုပါပဲ။ တချို့ အသားပပ်တာ အခြေအနေအရမ်းဆိုးတဲ့သူတွေဆိုရင် အရေပြားပေါ်မှာ အဖပ်လေးတွေ ကပ်နေတာမျိုး၊ အမှုန်လေးတွေ ကွာကျနေတာမျိုးတွေတောင် ဖြစ်တတ်ပါတယ်။ ဒါဟာ အရေပြားရဲ့ အပေါ်ယံအလွှာ ပျက်စီးသွားတာမို့ ဘယ်လိုပဲ Moisturizer သုံးသုံး ပျောက်သွားမှာ မဟုတ်ပါဘူး။

### ♦ ဘယ်လို ဖြေရှင်းမလဲ။

အကောင်းဆုံး အဖြေက Scrub ပုံမှန်လုပ်ပါ။ Exfoliating Wash လို့ခေါ်တဲ့ ကြေးကျွတ်ဆပ်ပြာတွေ၊ Scrub soap တွေ ရှိပါတယ်။ PH အများကြီး ပါဝင်တဲ့ ဆပ်ပြာတွေက အသားခြောက်တာတွေ၊ ရောင်ရမ်းတာတွေ၊ အရေပြား အပေါ်ယံလွှာတွေကို ထိခိုက်စေတာမျိုး ဖြစ်နိုင်တာမို့ ဒီလို ဆပ်ပြာမျိုးကို ရှောင်ပါ။ ရေချိုးပြီး ရေသုတ်ရင်လည်းတဘက်နဲ့ ခန္ဓာကိုယ်ကို ပွတ်သုတ်တာမျိုးကို ရှောင်ပါ။

### ၄။ နှုတ်ခမ်းကွဲခြင်း

နှုတ်ခမ်းခြောက်တာ မကတော့ဘူး။ သွေးထွက်တဲ့အထိပါ ကွဲတတ်ပါတယ်။ ကိုယ်တွေလို နှုတ်ခမ်းခြောက်တာနဲ့ အဖတ်လေးတွေကို ထိုင်ခွာနေတဲ့သူမျိုး၊ ထိုင်ကိုက်နေတတ်တဲ့သူမျိုးတွေကို ဒီပြဿနာမျိုး အတော်ရင်ဆိုင်ရတာပါ။ ခြောက်နေတဲ့ အဖတ်လေးတွေ ခွာနေရင်း နှုတ်ခမ်းအသားပါ ပါသွားတဲ့အခါမျိုးဆို အမလေး... ပြန်တောင် မတွေးချင်လောက်အောင်ပါပဲရှင်။

### ♦ ဘယ်လိုဖြေရှင်းမလဲ။

ပုံမှန်အားဖြင့် နှုတ်ခမ်းခြောက်တယ်၊ ကွဲတယ်ဆိုရင် သက်သာလို သက်သာငြား လျှာနဲ့ သပ်နေလေ့ရှိပါတယ်။ အစိုဓာတ်လေးများ ရလိုရငြားပေါ့လေ။ ဒီအကျင့်ကို ဖျောက်ပါ။ လျှာနဲ့သပ်ပြီးတံတွေးနဲ့ ထိနေတာက ခြောက်နေတဲ့ နှုတ်ခမ်းရဲ့ အခြေအနေကို ပိုဆိုးသွားစေပါတယ်။ ဗီတာမင် A နဲ့ E အပါအဝင် အစိုဓာတ် ဖြည့်တင်းပေးနိုင်တာတွေနဲ့ နှုတ်ခမ်းကို စိုပြည်လာအောင် လုပ်လို့ရပါတယ်။ နောက်ဆုံး ဘာမှမရှိရင် ရေများများသောက်ပေးတာကလည်း အဖြေတစ်ခုပါပဲ။ ရေအေးအေးလေးနဲ့ နှုတ်ခမ်းကို အရင်စိုအောင်လုပ်ပြီးမှ နှုတ်ခမ်းသားစိုပြည်အောင် လုပ်ပေးနိုင်မယ့် ခရင်မ်တွေ၊ ပစ္စည်းတွေကို သုံးတာက နှုတ်ခမ်းသားကို ပိုပြီး နူးညံ့ချောမွေ့စေပါတယ်။

### ၅။ ဦးရေပြား ယားယံခြင်း။

ဟုတ်ပါတယ်။ ဆောင်းတွင်းမှာ ဗောက်လည်း ပိုထတတ်ပါတယ်။ ဒါပေမဲ့ ဗောက်ထတာက မှိုကြောင့်ဖြစ်ပြီး ခုလို ဦးရေပြား ယားယံတာက အအေးဓာတ်နဲ့ ခြောက်သွေ့တဲ့ လေကြောင့် ဖြစ်ရတာပါ။ အရေပြားကို အပေါ်က ကာကွယ်ပေးနေတဲ့ အလွှာဆီက အစိုဓာတ်နဲ့ အဆီဓာတ်ကို ခြောက်သွေ့တဲ့လေနဲ့ လျော့နေတဲ့ အပူချိန်က ကောင်းကောင်းကြီး ဒုက္ခပေးဖယ်ရှားပစ်လိုက်တာကြောင့် ဦးရေပြား ခြောက်သွေ့တာနဲ့ ယားယံတာတွေ ဖြစ်လာရတော့တာပါပဲ။

### ♦ ဘယ်လိုဖြေရှင်းမလဲ။

တော်တော်များများက ဒီလို အရေပြား ယားယံတာ၊ ဦးရေပြားခြောက်သွေ့ပြီး အဖြူမှုန်လေးတွေ ကျတာဆိုရင် ရေမကြာမကြာ ချိုးပေးတာက ပြန်ပြီး စိုပြည်လာလိမ့်မယ်လို့ ထင်နေတတ်ကြပါတယ်။ ဒါဟာ မမှန်ပါဘူး။ ရေနွေးကို သုံးတဲ့သူတွေဆိုရင် ဒီပြဿနာတွေက ပိုတောင် ဆိုးရွားလာနိုင်ပါသေးတယ်။ ခေါင်းလျှော်ခါနီးမှာ ဦးရေပြားအေးမြစေမယ့် ရှားစောင်းလက်ပတ်၊ အုန်းဆီ၊ သံလွင်ဆီ စတာကို လိမ်းပြီး ၁၅ မိနစ်လောက်ထားပါ။ ပြီးမှ လျှော်ချပါ။ ဦးရေပြား အေးမြနေရင် ဒီပြဿနာတွေက အလွယ်တကူ ဖြေရှင်းပြီးသား ဖြစ်သွားမှာပါ။ သံလွင်ဆီ၊ ရှားစောင်းလက်ပတ်ဂျယ်လ်နဲ့ ကြက်ဥတို့ကိုရော ဦးရေပြားထိ လိမ်းပြီး နာရီဝက်လောက် ဆံပင်ကို တဘက်နဲ့ ပေါင်းထားပါ။ ပြီးမှ Mild Shampoo တစ်ခုခုနဲ့ လျှော်ပေးမယ်ဆိုရင်လည်း ဦးရေပြားကို အေးမြစေပါတယ်။ ကဲ.. ဒါတွေကတော့ ဆောင်းတွင်းမှာ အဖြစ်အများဆုံး အလှအပနဲ့ အရေပြားဆိုင်ရာ ပြဿနာတွေပါပဲ။ အားလုံးပဲ လှပချောမွေ့တဲ့ အသားအရေကို ပိုင်ဆိုင်ပြီး ဆောင်းတွင်းမှာ အထာကျကျ ရှိုးထုတ်နိုင်ကြပါစေနော်။

Angelic Demon

Rainbow

# ဥပဒေရေးရာ
## အမေးအဖြေကဏ္ဍ

Assess to Justice Program



Photo: zaeya



Photo: makaan.com

**ဥပဒေနှင့်ပတ်သက်သော အကြောင်းအရာများကို သိရှိလိုပါက Colors Rainbow Facebook Page မှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

**မေး ■ လမ်းမှာ မိန်းမလျာတွေကို လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုတွေ လုပ်တယ် ဆဲလည်းဆဲတယ်ဆိုရင် ဥပဒေအရတိုင်းလို့ရပါသလား တရားစွဲလို့ရပါသလား။**

ဖြေ ■ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၄ အရ မည်သူမဆို၊ အခြားသူများ စိတ်ငြိုငြင်အောင် ညစ်ညမ်းသော ပြုလုပ်မှုများ နှင့် ညစ်ညမ်းသော သီချင်းများ၊ ကဗျာ၊ လင်္ကာ၊ သီချင်း၊ စကားတမျိုးမျိုးကို ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ပြောဆိုခြင်း တခုခုကိုပြုလျှင် သုံးလ အထိထောင်ဒဏ်တမျိုးမျိုးကိုဖြစ်စေ ငွေဒဏ်ကိုဖြစ်စေ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ် နိုင်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် LGBT တစ်ယောက်ကို ညစ်ညမ်းစွာပြောဆိုမယ် ဆဲဆိုမယ်ဆိုရင်လည်း ဒီပုဒ်မနဲ့ တရားစွဲဆိုလို့ရပါတယ်။

ဒါ့အပြင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ (၈) ပုဒ်မခွဲ (စ) မှာ လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တနည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုရလို့ ပြဋ္ဌာန်းထားတဲ့အတွက် နိုင်ငံသားတဦးဖြစ်တဲ့ LGBT များ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနဲ့ ဂုဏ်သိက္ခာကို ပုတ်ခတ်တာမျိုး ပြုလုပ်လာရင်လည်း ဒီပုဒ်မနဲ့ တရားစွဲဆိုနိုင်ပါတယ်။

**မေး ■ မြန်မာပြည်တွင်းမှာ LGBT တွေ မင်္ဂလာဆောင်နေကြတာ တရားဝင်လားလိင်တူလက်ထပ်ခွင့်ရပြီလား။**

ဖြေ ■ မြန်မာနိုင်ငံမှာ လိင်တူလက်ထပ်ခွင့်ဥပဒေပြဋ္ဌာန်းထားခြင်း မရှိသလို ဥပဒေကြောင်းအရ တရားမဝင်ပါ။ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၇ မှာတော့ လိင်တူခြင်းလိင်ဆက်ဆံခြင်းကို ဓမ္မတာနှင့် ဆန့်ကျင်သော ပြစ်မှုလို့ သတ်မှတ်ပြီး တားမြစ်ထားပါတယ်။ လိင်တူဆက်ဆံခြင်းက မြန်မာနိုင်ငံမှာတော့ နှစ်ဦးနှစ်ဖက်သဘောတူ ကျူးလွန်သည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ ပြစ်မှုမြောက်နေဆဲ ဖြစ်ပါတယ်။ ထောင်ဒဏ်တသက်တကျွန်းဖြစ်စေ ဆယ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ ချမှတ်နိုင်သည့် ပြစ်မှုအမျိုးအစားအဖြစ် ယနေ့ထက်တိုင် တည်ရှိနေပါတယ်။



Photo: photos-public-domain.com

**မေး ■ အမျိုးသမီးချင်း ချစ်ခင်နှစ်သက်သူတွေကို အိမ်ကမိဘတွေက တခြားအမျိုးသားတစ်ယောက်နဲ့ ဖိအားပေး အတင်းအကြပ် ထိမ်းမြားစေခိုင်းမှုဟာ ပြစ်မှုမြောက်ပါသလား။ အဲ့ဒီလက်ထပ်ခိုင်းစေခြင်းခံရသူ အမျိုးသမီးက အလိုမတူဘဲ သူ့ကိုလက်ထပ်တဲ့ အမျိုးသားက လိင်ဆက်ဆံရင် မုဒိမ်းမှုမြောက်ပါသလား။**

ဖြေ ■ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၆၆ အရ မည်သူမဆို အမျိုးသမီးတစ်ဦးကို အတင်းအကြပ် ထိမ်းမြားခိုင်းလျှင် ပြစ်မှုမြောက်ပါတယ်။ ထောင်ဒဏ် ၁၀ နှစ်အထိချမှတ်နိုင်ပါတယ်။ ထို့အပြင် ရာဇသတ်ကြီးပုဒ် ၃၇၅ မှာ မိန်းမက အလိုအတူ ငြင်းဆန်ခြင်း၊ မိန်းမက ခွင့်မပြုခြင်းဆိုတဲ့ အချက်ပါဝင်နေတဲ့ အတွက် လက်ထပ်ခိုင်းစေခြင်းခံရသူ အမျိုးသမီးက အလိုမတူဘဲ သူ့ကို လက်ထပ်တဲ့ အမျိုးသားက လိင်ဆက်ဆံရင်လည်း မုဒိမ်းမှုမြောက်ပါတယ်။

**မေး ■ ရဲအက်ဥပဒေ ဘယ်နှစ်မျိုးရှိပါသလဲ။**

ဖြေ ■ အကြမ်းဖျဉ်းအားဖြင့် ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေနှင့် ၁၉၄၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအက်ဥပဒေ ဆိုပြီး နှစ်မျိုးရှိပါတယ်။ ထိုဥပဒေနှစ်ခုတွင် ပုဒ်မတွင်းပါ ပြစ်မှုအဓိပ္ပာယ်များ ကတော့ အများအားဖြင့် တူညီကြပြီး ပုဒ်မများသာ ကွဲလွဲကြပါတယ်။

**မေး ■ အရပ်အခေါ် မှောင်ရိပ်ခိုမှုဆိုတာ ဘာလဲ။**

ဖြေ ■ အရပ်အခေါ် မှောင်ရိပ်ခိုမှုဆိုတာ ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ပုဒ်မ ၃၀ (ဃ)နှင့် ၁၉၄၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအက်ပုဒ်မ ၃၅(ဃ)ကိုဆိုလိုခြင်းဖြစ်ပါတယ်။ ပြစ်မှုရဲ့ ဖော်ပြချက်ကတော့ နေဝင်နှင့်နေထွက်ကြားအချိန် ဈေး၊ လမ်းနှင့် အခြားနေရာ၌ ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲ သူခိုးဟု ကျော်စောသတင်းရှိသူအား ယောင်လည်လည်သွားလာနေသည် ကိုတွေ့ရှိလျှင် ဟုဖော်ပြထားရှိပါသည်။ ဒီပုဒ်မမှာ ထူးခြားတဲ့ အချက်ကတော့ ကျေနပ်လောက် အောင်အကြောင်းမပြနိုင်ဘဲ ဆိုတဲ့ အချက်ဖြစ်ပါတယ်။ မိမိယခုနေရာကို ဘာကြောင့် ရောက်ရှိနေကြောင်း သေချာစွာရှင်းပြနိုင်ဖို့ လိုပါတယ်။

**မေး ■ ရန်ကုန်ရဲအက် ၃၀(ဂ)ဆိုတာဘာလဲ။**

ဖြေ ■ ရန်ကုန်မှာတော့ ရန်ကုန်ရဲအက်

၃၀(ဂ) ဖြစ်ပြီး၊ နယ်မြို့များမှာတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲအက်ဥပဒေပုဒ်မ ၃၅(ဂ)ဖြစ်ပါတယ်။ ပြစ်မှုရဲ့ ဖော်ပြချက်ကတော့ ညဥ့်အချိန် ကျေနပ်လောက်အောင် အကြောင်းမပြဘဲ မျက်နှာဖုံးအုပ်လျက်ဖြစ်စေ၊ ရုပ်ဖျက်လျက် ဖြစ်စေတွေ့ရှိလျှင် ဖော်ပြပါရှိပါတယ်။

**မေး ■ ဆန့်ကျင်ဘက်လိင်ကဲ့သို့ပြောင်းလဲ ဝတ်ဆင်နေထိုင်ခြင်းက ရန်ကုန်ရဲအက် ၃၀(ဂ)အရ ပြစ်မှုမြောက်နေပါသလား။**

ဖြေ ■ ဆန့်ကျင်ဘက်လိင်ကဲ့သို့ပြောင်းလဲနေထိုင်ခြင်းက ပြစ်မှုမမြောက်ပါဘူး။ ပြစ်မှုရဲ့ သဘောတရားအရ ပြစ်မှုတစ်ခုကျူးလွန်ရန် အကြံအစည်နဲ့ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲနေထိုင်မှသာ ပြစ်မှုမြောက်မှာပါ။

**မေး ■ ရန်ကုန်ရဲအက်ဥပဒေ ၃၀(ဃ)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲအက်ဥပဒေပုဒ်မ ၃၅(ဃ)တို့အရ ချမှတ်နိုင်တဲ့ အမြင့်ဆုံးထောင်ဒဏ်က ဘယ်လောက်လဲ။**

ဖြေ ■ အမြင့်ဆုံးထောင်ဒဏ်(၃)လဖြစ်ပါတယ်။

**မေး ■ ရဲတပ်ဖွဲ့ဝင်တွေဟာ အများပြည်သူနှင့်ဆိုင်တဲ့နေရာများမှာ မည်ကဲ့သို့အခြေအနေမျိုးတွင် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းများကို လုပ်ဆောင်နိုင်ပါသလဲ။**

ဖြေ ■ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄(၁)ပထမအပိုဒ်အရ ရဲအရေးပိုင်သောအမှုများတွင် စပ်ဆိုင်သူ၊ တိုင်တန်းခြင်းခံရသူ၊ သတင်းပေးခြင်းခံရသူ၊ သင်္ကာမကင်းခြင်းခံရသူများကို အများပြည်သူနှင့် ဆိုင်တဲ့နေရာများမှာ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းများကို ဆောင်ရွက်နိုင်ပါတယ်။

**မေး ■ ဝရမ်းပြေးများ ရဲတပ်ဖွဲ့က မည်သည့်အခြေအနေမှာ ဖမ်းဆီးနိုင်ပါတယ်။**

ဖြေ ■ ရဲတပ်ဖွဲ့ဟာ ဝရမ်းပြေးများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄(၁) အရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၈ အရလည်းကောင်း မြန်မာနိုင်ငံတဝှမ်း ဝရမ်းမလိုဘဲ လိုက်လံဖမ်းဆီးနိုင်ပါသည်။

**မေး ■ မိမိနေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေမည့်သူများကို မိမိတို့အနေဖြင့် ဦးစွာရှာဖွေခြင်း ပြုလုပ်နိုင်ပါသလား။**

ဖြေ ■ ရဲလက်စွဲ ဒုတိယအတွဲအပိုဒ် ၁၇၀၈ တွင် ရှာဖွေရန် အတွင်းသို့ မဝင်ရောက်မီ ရှာဖွေမည့်အရာရှိနှင့် သက်သေတို့မှာ မည်သူမျှအိမ်အတွင်းသို့ တစ်စုံတစ်ခုယူငင်သွားခြင်း၊ ကိုယ်တွင် ဖုံးဝှက်၍ ယူဆောင်သွားခြင်း မရှိစေရန် တစ်ယောက်ကို တစ်ယောက်ကျေနပ်လောက်အောင် ရှာဖွေရမည်။ အများရှေ့တွင် ရှာဖွေရမည်။ ထိုသို့ ပြုလုပ်ခြင်းမှာ တရားခံဘက်မှ စွပ်စွဲခြင်းမပြုလုပ်နိုင်စေရန် ရှာဖွေသည့်အခါ တိုင်းပြုလုပ်ရမည်ဟု ပါရှိပါသည်။

ပေးပို့ပါ

Colors Rainbow

သက်တံရောင်မဂ္ဂဇင်းသည် LGBT များနှင့်
သက်ဆိုင်သော အသိပညာဗဟုသုတများကို ရေးသားထုတ်ဝေပြီး
အခမဲ့ဖြန့်ချိသည့် မဂ္ဂဇင်းဖြစ်သည်။

စာမူပေးပို့လိုသူများ

Email: info@colorsrainbow.org, colorsrainbow.crb@gmail.com

သို့ စာရေးသားပေးပို့နိုင်ပါသည်။

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်

# ရွှေသမီး

နှင့် တွေ့ဆုံမေးမြန်းခြင်း

# Shwe Thamee

ယခုလထုတ် မဂ္ဂဇင်းရဲ့ In & Out ကဏ္ဍအတွက် ရွေးချယ်ထားသူကတော့ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ရွှေသမီးပဲဖြစ်ပါတယ်။

ရွှေသမီးဟာ ရုပ်ရှင်နှင့် ဗီဒီယို ဇာတ်ကားပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားပြီး လက်ရှိတွင် ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်) ရိုက်ကူးသော ဟာသရုပ်ရှင်ဇာတ်ကားကြီးမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။

LGBT တွေဆိုတာလည်းလူသားတွေပါပဲ၊တစ်ယောက်နဲ့တစ်ယောက်အကောင်းမြင်စိတ်လေးနဲ့ ကြည့်မယ်ဆို ငြိမ်းချမ်းစေပါတယ်ဆိုတဲ့ ရွှေသမီးနဲ့ တွေ့ဆုံမေးမြန်း တင်ဆက်ပေးလိုက်ပါတယ်။


Rainbow
Photo: shwethameefacebook

အနုပညာအလုပ်တွေကို ရိုးသားစွာလုပ်ကိုင်နေပြီး ပရိသတ်ချစ်ခြင်းတွေကိုသာ ရအောင် အကောင်းဆုံးကြိုးစားလုပ်ဆောင်နေသလို ပရိသတ်ချစ်ခင်အားပေးမှုများစွာ ရရှိလာတဲ့ သရုပ်ဆောင် ရွှေသမီးနဲ့ တွေ့ဆုံမေးမြန်းခြင်းကို တင်ဆက်လိုက်ပါတယ်။

**လတ်တလောအနုပညာပိုင်းနဲ့ပတ်သတ်ပြီး လုပ်ဖြစ်တာလေး ပြောပြပါလား။**

ညီမပါဝင်ထားတဲ့ ဇာတ်ကားကြီးရုံတင်ထားတယ်၊ နောက်ထပ်ရုံတင်ဖို့ ဇာတ်ကားတွေလည်း ကျန်သေးတယ်၊ ဇာတ်ကားတွေ ရိုက်ဖြစ်တယ်၊ အရင်က ရွှေသမီးနဲ့ လက်ရှိရွှေသမီး မတူအောင် ပိုပိုကြိုးစားဖြစ်နေတယ်၊ နောက်ပြီး ပွဲလေးတွေတက်ဖြစ်ပါတယ်။

**သရုပ်ဆောင်ပိုင်းနဲ့ပတ်သတ်ပြီး ဘယ်လိုဇာတ်ရုပ်တွေကို ပိုအားသန်လဲ။**

ဘယ်လိုဇာတ်ရုပ်မျိုးမှ ရယ်လို့တော့ မရှိပါဘူး။ ညီမက အနုပညာအလုပ်လုပ်နေတဲ့ အတွက် ဇာတ်ရုပ်အစုံကို ကြိုးစားလုပ်ချင်ပါတယ်။ ဒရမ်မာလေးတွေနဲ့ လိုက်တယ်လို့တော့ ပရိသတ်က ဝေဖန်အကြံပေးကြတယ်။ ညီမအနေနဲ့ကတော့ ဇာတ်ရုပ်တိုင်းကို အကောင်းဆုံးကြိုးစား ပြင်ဆင်သွားပါမယ်။

**ယနေ့ခေတ်မှာ LGBT တွေ ပွင့်လင်းမြင်သာမှု ရှိလာတယ်လို့ပြောလို့ရတယ်။ ညီမအနေနဲ့ကော LGBT တွေအပေါ် ဘယ်လိုမြင်လဲ။**

ညီမတို့တွေ တစ်ယောက်နဲ့တစ်ယောက် ချိုးမွမ်းမယ်၊ အကောင်းမြင်စိတ်လေးတွေနဲ့ ကြည့်ပေးမယ်ဆိုရင် ကမ္ဘာကြီးက အေးချမ်းလာမှာပါ။ LGBT ဆိုတာလည်း လူသားတွေပါပဲ။ အဲဒီလူတွေ




Photo: shwethameefacebook




Photo: RBV



ထဲမှာလည်း တကယ့်ကို အရမ်းတော်ပြီး သူတို့ရောက်နေတဲ့ နယ်ပယ်အသီး သီးမှာ ထူးချွန်နေကြတဲ့သူတွေလည်း အများကြီး ရှိပါတယ်။ သူတို့ဒီလို ဖြစ်နေလို့ နှိမ့်ချစရာလည်း မလိုဘူး။ သူတို့ရဲ့ ခံယူချက်ကို သူတို့ ယုံကြည်လို့တောင် ဒီလိုနေရာမှာ ဒီလိုမျိုး ရပ်တည်ပြီးတော့ နေနိုင်တာ လက်မထောင်နိုင်ကြတာ။ လူသားချင်းအတူတူပါပဲလို့ မြင်ပါတယ်။

**အချစ်ရေးနဲ့ပတ်သတ်ပြီးကော ပရိတ်သတ်ကို အသိပေးချင်တာ မျိုးရှိလား။**

လောလောဆယ် ညီမအချစ်ရေးဆိုတာထက် အနုပညာပိုင်းကိုပဲ ပိုအာရုံစိုက် လုပ်ဆောင်ဖြစ်နေပါတယ်။ ပရိတ်သတ်အချစ်တွေနဲ့ပဲ အနုပညာအလုပ်တွေကို အကောင်းဆုံးလုပ်ဆောင်ချင်ပါတယ်။

**အနုပညာနယ်ပယ်မှာ လူချစ်လူခင်များနေတာ ဘာကြောင့်လို့ ထင်ပါလဲ။**

ညီမချစ်တဲ့ အနုပညာအလုပ်ကိုပဲ ရိုးသားကြိုးစားပြီး လုပ်ပါတယ်။ ကိုယ့်ကိုကိုယ်လည်း ရိုးသားစွာနေထိုင်ပါတယ်။ ဒါကြောင့် ချစ်တဲ့သူတွေ များတာနေမှာပေါ့။

**လူမှုကွန်ရက် စာမျက်နှာများကနေ ဝေဖန်တိုက်ခိုက်တာမျိုး ကြုံဖူးလား။**

ညီမတို့က အနုပညာရှင်ဖြစ်တဲ့အတွက် ဝေဖန်တိုက်ခိုက်မှုဆိုတာက အနည်းအများရှိမှာပဲ။ ကိုယ့်ကိုချစ်တဲ့ပရိသတ်ရှိသလို၊ မုန်းတဲ့ပရိတ်သတ်လည်း ရှိမှာပဲ။ ညီမကတော့ ချစ်သည်မုန်းဖြစ်စေ အကုန်လုံးကို မေတ္တာထားပါတယ်။ ကောင်းတဲ့ဝေဖန်မှုဆို လက်ခံတယ်၊ အဆိုးပြောတဲ့ဝေဖန်မှုတွေဆိုလည်း းပြင်ဆင်သင့်တယ်ထင်ရင် ပြင်လိုက်တယ်။ အဓိကတော့ ပရိတ်သတ်ချစ်ခြင်းကိုပဲ လိုချင်ပါတယ်။

**အားပေးတဲ့ပရိတ်သတ်အတွက် ဘာများပြောချင်သေးလဲ။**

ညီမကို အားပေးချစ်ခင်ကြတဲ့ ပရိတ်သတ်အားလုံး ပျော်ရွှင်မှုများစွာ ပိုင်ဆိုင်ကြပါစေ။


Rainbow

**Angelic Demon**

# Real Life

## ဝင်ကစွပ်လေးရဲ့အချစ်

မိန်းမတစ်ယောက်က ယောကျ်ားခန္ဓာကိုယ်ထဲ မွေးဖွားလာတယ်လို့ ဆိုရမလား။ စိတ်နဲ့ လူနဲ့ ဖြစ်တည်ပုံချင်း မအပ်စပ်ကြတဲ့အခါ ရင်ဆိုင်ရတဲ့ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ ဒီကြားထဲ ပတ်ဝန်းကျင်နဲ့ မိဘ အသိုင်းအဝိုင်းက ဖိအားတွေပေးတဲ့အခါ ကိုယ်ရည်ရွယ်ရာ ပန်းတိုင်ထိကို မရောက်နိုင်ကြဘဲ လမ်းတစ်ဝက်မှာတင် အရှုံးပေးသွားကြသူတွေက ထု နဲ့ ဒေး။ ဒါဟာ သူတို့ရဲ့ ရွေးချယ်မှု မဟုတ်တာကြောင့် သူတို့ အပြစ်လည်း မဟုတ်ဘူးလေ။ လောကကြီးက သူ့သဘာဝအတိုင်း ဖန်တီးပေးထားတာပါပဲ။ ရွေးချယ်ခွင့်လည်း မရှိကြဘူး မဟုတ်လား။ ခက်တာက ဒါကို သဘာဝပါပဲ လို့ နားလည်ပေးနိုင်ကြသူတွေ ရှားပါးနေတာပါပဲ။ ကိုယ်နဲ့ အရင်းနှီးဆုံး ဖြစ်တဲ့ မိဘနဲ့ မိသားစုဆီက နားလည်မှုရရင်တောင် ဒါဟာ ကံကောင်းမှုကြီး တစ်ရပ်ပေါ့။ ဒါပေမဲ့ ဒီလိုနားလည်ပေးနိုင်တဲ့ မိသားစုဆိုတာ လက်ချိုးရေလို့ တောင် ရတယ်မဟုတ်လား။ ကံကောင်းစွာနဲ့ ရွှေဘို ဆိုတဲ့ ထီးစိုက်နန်းစိုက်မြို့ က ဖော်ဖော့် မိသားစုလေးကတော့ သူ့ကို အဆုံးထိ နားလည်ပေးနိုင်ခဲ့ပါတယ်။ ဒါဆို သူ့ဘဝ ဇာတ်ခုံကို ခဏလှပ်ကြည့်ကြရအောင်။

'တို့မှာက မောင်နှမ ၁၀ယောက်ရှိတယ်လေ အဲ့မှာ နံပါတ် (၁) အစ် ကိုကြီး ပြီးရင် အစ်မ (၈) ယောက် အငယ်ဆုံးက တို့။ တို့ကငယ်ငယ်တုန်းက လေ အလှအပ တအားကြိုက်တော့ အမတွေက မျက်ခုံးမွေးဆွဲတံလေးတွေ ဝယ်ဝယ်ပေးတာပေါ့ ကလေးကလည်း ကလေးကိုး အဲ့ မျက်ခုံးမွေးဆွဲတံတွေက ဝယ်မလောက်လည်းဖြစ်ရော တို့အိမ်မှာ ဆီအိုးကြီးတွေရှိတယ်လေ ဆီအိုး အပေါ်မှာ ဖုံးတဲ့ဇန်းက နှစ်တွေကြာလာတော့ ဆီချေးတွေတက်ပြီးမဲနေရော။ အဲ့မှာလေ တို့က သနပ်ခါးလိမ်းတဲ့အခန်းက ထရံတွေချိုးပြီး ဆီချေးနဲ့ မျက်ခုံးမွေးကို ဆွဲတာပါဆို။ ထရံစတွေ ချိုးချိုးပြီးသုံးတာ တံခါးတစ်ချပ်ကို ကုန်ပါရောလား'

အလှကြိုက်တဲ့ သူ့အဖြစ်ကလည်း ပြောမဆုံးပေါင်၊ တောသုံးထောင်ပါပဲ။ အစ်မတွေချည်း (၈) ယောက်ရှိတာကလည်း သူ့ကံကောင်းမှု မီးတောက်လေးရဲ့ အောက်ဆီဂျင်ပဲပေါ့။

'အိမ်မှာက အစ်မတွေချည်း ရှိတာဆိုတော့လေ ကိုယ်ကငယ်ငယ်ကတည်းက ဘော်လီဆို တအားဝတ်ချင်တာ ဘော်လီကို ဝတ်ချင်တဲ့အခါကျတော့ ဘယ်လိုလုပ်တုန်းဆိုရင် တို့ခေတ်တို့ကကျ အဝတ်အစားတွေကို ဒါကပွဲနေ့ပွဲထိုင် ဒါကအိမ်နေရင်း အဲ့လိုမျိုး ခွဲခွဲပြီး ထားကြတာကိုး၊ အဲ့မှာ တို့အမတွေက ဘော်လီတွေဆိုလည်း သိမ်းထားတာပေါ့ကွာ။ ရှင်လောင်းလှည့်မှဝတ်ဖို့တို့၊ အလှူလိုက်မှာဝတ်ဖို့တို့၊ အဲ့လိုသိမ်းထားမျိုးတို့ဆို တို့က ခိုးပြီး ဘော်လီကို လွယ်အိတ်ထဲထည့်သိမ်းထားလိုက်တော့တာ။ ပြီးကျောင်းကျမှ ထုတ်ဝတ်လိုက်ရော၊ အဲ့တုန်းက (၅)တန်း၊ (၆)တန်းလားပဲ ရှိဦးမယ်။ အိမ်မှာ ကိုယ့်အမတွေ ဘာပွဲသွားစရာရှိတယ်ဆိုတာမျိုးလည်း မသိဘူးလေ စိတ်လည်း မဝင်စားဘူး။ အိမ်မှာဘော်လီပျောက်ပြီဆို အမတွေက အိမ်ကနေ စက်ဘီးနဲ့လိုက်လာပြီး မောင်လေးရေဘော်လီဟေ့ ဘော်လီဆိုပြီး လာတောင်းတာပဲ ကိုယ်ကလည်း ပြန်မပေးချင်တော့တဲ့အခါ ကိုယ်က ကျောင်းကြီး နှစ်ပတ်လောက်ပတ်ပြေးတော့တာ။ ပြီးမှ ဘော်လီကို ပြန်ပေးတာ ဘော်လီကို လွယ်လွယ်နဲ့ မရဘူး'(ရယ်လျက်)။

ငယ်ကတည်းက အလှကြိုက်ပြီး အစ်မတွေကြား မွေ့နေခဲ့ပေမဲ့ Missပြိုင်ပွဲတစ်ခုကို winner ရအောင် ဝင်ပြိုင်ထားတဲ့ သူ့ကို ကြည့်ရင်တော့ ဘယ်လို ဒုက္ခသုခတွေ ကြုံကြုံ ကိုယ်ဖြစ်ချင်တာကို ဇွဲမလျှော့တမ်း လုပ်တတ်တဲ့ စရိုက်လေးကို အထင်းသား တွေ့မြင်နိုင်မှာပါ။

'Miss ပြိုင်တယ်ဆိုတာကလေ ကိုယ်လှတယ်ဆိုတာ ပြချင်တာရယ်၊ ဝါသနာပါတာကြောင့် ဝင်ပြိုင်ခဲ့တာပါ။ ငယ်ကလည်း ငယ်သေးတော့လေ။ ပထမ မန္တလေးမှာ ဝင်ပြိုင်ခဲ့တာ (၄–၅)ယောက်လောက်မှာ ပြုတ်သွားခဲ့တယ်။ အတွေ့အကြုံ မရှိတဲ့အခါကျတော့ Talentမလုပ်သွားဘူးလေ အယောက်(၄၀)လောက်ဝင်ပြိုင်တာ (၅)ယောက်လောက် ကျန်တဲ့အချိန်မှာ Talent ကြောင့် ပြုတ်သွားခဲ့တာ။ ရွှေဘိုမှာ ပြန်ပြီးတော့ Miss ပွဲလုပ်တဲ့အခါကျတော့ ကိုယ်ကလဲ ဆုကမရသေးဘူး။ လိုချင်တဲ့စိတ်နဲ့ ဝင်ပြိုင်ခဲ့တာပါ။ နောက်တော့ Winner ရတယ်ပေါ့'

အရှက်အကြောက်ကြီးသူ အစ်မတွေကြား သူတစ်ယောက်ကြောင့်လည်း အကြီးအကျယ် ပွဲကျခဲ့ရတဲ့ အဖြစ်တွေက ရှိနေပါသေးတယ်။

'တို့အိမ်က ရွာမှာဆိုရင်တော့ ချမ်းသာတာပေါ့နော် အဲ့မှာဆို တို့အမတွေကိုတောင်းချင်တဲ့ လူတွေရှိတဲ့ အခါကျတော့ အဖေကသမီးတွေကိုခေါ်ပြီး ပြောတာပေါ့ ဘယ်သူ့တော့တောင်းတယ် နင်တို့တွေစဉ်းစားကြ နောင်တချိန်လည်း ယူကြမဲ့အတူတူ အခုက တင့်တောင်တင့်တယ်ဆိုတော့ အဲ့လိုမျိုးပြောပြီးဆို အမတွေကတော့ အဖေရှေ့ လင်လိုချင်တယ် ဘယ်ပြောမလဲ အင်း၊ အဲနဲ့ မူကြတာပေါ့ တောသူလည်း တောသူတွေဆိုတော့ ရှိုးကြတာကိုး။ ကိုယ်ကတော့ ဆံပင်နှစ်ဖက်စည်းပြီး စကားဝိုင်း ရှေ့ဆုံးမှာထိုင် သူတို့ပြောတာ နားထောင်ပြီး အမတွေက ဘာမှမပြောဘူးလား ဟော့ဆို အဖေ သူတို့မယူရင် ကျွန်မယူလိုက်မယ်လေဆိုပြီး ကိုယ်က ထိပ်ကနေချပလိုက်တာ အဲ့ဒီမှာ အဖေက ကိုယ့်ဆော်ရော ခေါင်းမှာလည်း ဘုကြီးပဲ။ အမတွေက မပြောဘူးလေ အဲ့တော့ ကိုယ်က သူတို့မယူရင် ကျွန်မယူရမလားဆိုတော့ အဖေက ဟာ..ကောင်လေးနှယ်ဟာဆိုပြီး ချပြန်ရော'

အိမ်မှာ ကိုယ့်အမတွေ ဘာပွဲသွားစရာ ရှိတယ်ဆိုတာမျိုးလည်း မသိဘူးလေ စိတ်လည်း မဝင်စားဘူး။ အိမ်မှာဘော်လီ ပျောက်ပြီဆို အမတွေက အိမ်ကနေ စက်ဘီးနဲ့ လိုက်လာပြီး မောင်လေးရေဘော်လီဟေ့ ဘော်လီဆိုပြီး လာတောင်းတာပဲ . . .


Rainbow
COLORS

အင်း.. သူတို့ မပြောနဲ့ ကျွန်တော်တောင် သူနဲ့ ရောယောင် ရယ်မိပါရောလား။ မိဘတွေကလည်း သူ့ရဲ့ ဖြစ်တည်မှုကို အရှိအတိုင်း လက်ခံပေးခဲ့ကြတာ သိသာလှပါတယ်။ မိသားစုရဲ့ ချစ်ခြင်းက သူ့ဘဝအတွက် ခိုလှုံရာ ထီးအရိပ်ကောင်းကောင်း တစ်ခုပေါ့။

‘အိမ်က ငယ်ငယ်လေးကတည်းက အဲ့လိုမျိုး မိန်းကလေးလိုနေတဲ့ ပုံစံကို မပြောဘူး အလိုလိုက်တယ်။ သူလည်း ရှက်ရှာမှာပေါ့အေ အဲ့တုန်းက တောကလည်း တောလေ အခုခေတ်လိုလဲ မမှီဘူးကွာ အိမ်ခြေ (၇၀၀) လောက်ရှိတဲ့ ရွာမှာ ကိုယ်တစ်ယောက်တည်း ခြောက်နေတာဆိုတော့ အဲ့တော့ရှက်မှာပေါ့။ သင်္ကြန်ဆိုရွာထဲမှာ (၇) စင်ရှိတယ်ဟေ့ဆို အဲ့ (၇) စင်လုံးက ဗဟိုမှာသွားပြီး ဖျော်ဖြေရတာပေါ့ကွာ အဲ့မှာကလည်း ကိုယ့်အလှည့်ရောက်ဖို့ကို မဲနှိုက်ပြီး စောင့်ရတာမလား ကိုယ့်အလှည့်ရောက်ပြီဟေ့ဆို ကိုကြီးက အရှေ့ရောက်နေပြီဆို ကိုယ့်မှ မကလိုက်ရဘူး။ မထွက်ရဲဘူး ကိုယ်က မိန်းမစိတ်ကလည်း အပြည့်ဆိုတော့ အရှက်ကွဲမှာကလည်း ကြောက်တာကိုး။ အမတွေက ကပါမောင်လေးရယ်ဆိုလည်း မကရဲတော့ဘူး အဲ့လိုမျိုးဆို အဖေ့ဆီသွားပြီး အဖေ အဖေ့သားကြီး လုပ်လို့မို့ မကရတော့ဘူးဆိုရင် အဖေက ဝါးရင်းဒုတ်ကြီးနဲ့ လိုက်လာပြီး ကိုကြီးလာပြန်ခေါ်ရတာ။ အဲ့လိုမျိုး ကိုယ်ကဖို့ အဖေက လိုက်စောင့်ပေးရတာပါဆို အဲဒါမို့ တို့ အကိုကြီးတော့ မြန်မြန်သေပါ့စေ မြန်မြန်သေပါ့စေဆိုပြီး ဆုတောင်းပြီးနေရတာပဲ ဆုတောင်းပဲပြည့်သွားသလိုပဲ။ ကိုယ်တွေ မိတ်ကပ်ပြင်တဲ့ လောကထဲရောက်တဲ့အခါကျတော့ အစ်ကိုက တကယ်သေသွားတာ။ သေတာတောင် မျက်နှာမမြင်လိုက်ရဘူး။ အစ်ကိုဆုံးတော့ နယ်မှာ မိတ်ကပ်သွားပြင်နေချိန်၊ နယ်မှာ တစ်ပတ်လောက်ကြာသွားတော့ အစ်ကိုရက်လည်မှပဲ ပြန်ရောက်တာပါ။ အဲ့တုန်းကတော့ အစ်ကို့ကို မုန်းခဲ့တာ။ အခုမှသာ အစ်ကို့ကိုလွမ်းနေခဲ့တာပါ’

ဒီလို အစ်ကို တစ်ယောက်ရှိနေတာကို ငယ်ငယ်က မကျေနပ်ခဲ့ဘူးဆိုပေမယ့် ကိုယ့်ကို အရှိအတိုင်း လက်ခံပေးခဲ့တဲ့ မိသားစု အသိုင်းအဝိုင်းတစ်ခု ရှိနေတာကိုက သူ့ရဲ့ ကံကောင်းမှုကြီးတစ်ခုပဲ မဟုတ်လား။ ငယ်ငယ်ကတည်းက ကိုယ့်ရဲ့ ဖြစ်တည်မှုကို သိရှိလာတဲ့ သူ့အတွက် မိသားစုကလွဲပြီး ပတ်ဝန်းကျင် အသိုင်းအဝိုင်းကရော လက်ခံခဲ့ရဲ့လား။

‘အတန်းထဲမှာကျတော့ ဆရာမတွေက လက်မခံဘူး။ ရွာမလေ့ ဆိုတော့လဲ ရွာမှာနေခဲ့ရတာ သူ့မိဘတွေ ကိုယ့်မိဘတွေက သိတဲ့အခါကျတော့ အတူတူနေလို့ရပေမဲ့ ဆရာ၊ ဆရာမ တွေက လက်မခံဘူးလေ။ အဲ့လို စိတ်ဆင်းရဲရတာတွေ အများကြီး ကြုံတွေ့ခဲ့ရတာပေါ့။ ဒါတွေကိုလည်း ဒီလိုပဲ ကျော်ဖြတ်ခဲ့ရတာပါပဲ။ စိတ်ညစ်စရာရှိလည်း ရင်ထဲမှာပဲ ထားခဲ့ရတာပေါ့၊ ထုတ်တော့မသိစေခဲ့ရဘူးပေါ့၊ ကလေးလည်း ကလေးဆိုတော့ ဒီအကြောင်းအရာတွေက ဘေးပတ်ဝန်းကျင်ကို ထုတ်ပြောဖို့ကလည်း အဆင်မပြေဘူးလေ။ ကိုယ့်ဘဝကို ကိုယ်ပဲနားလည်တာဆိုတော့လေ’

ဆယ်နှစ်အရွယ်ကတည်းက ရည်းစားထားလာခဲ့တယ်ဆိုတဲ့ သူ့အချစ်ရေး အခြေအနေကရော ဘယ်လို ရှိမှာပါလိမ့်။ သူ့ချစ်သူတွေကရော သူ့ဖြစ်တည်မှုကို လက်ခံနိုင်ခဲ့ရဲ့လား။ သူ့ရဲ့ ဒီဘဝအချိုးလေးကိုလည်း ပြန်ငဲ့ကြည့်ကြည့်ကြရအောင်။

‘တကယ့်တကယ် အချစ်နဲ့စတွေ့ပြီး အိမ်ထောင်ကျခဲ့တာတော့ အသက် (၂၆၊ ၂၇) မှာပါ။ အဲ့တာက ပထမတစ်ယောက်ပေါ့နော်။သူနဲ့က (၇)နှစ်လောက် ပေါင်းခဲ့တာပေါ့။ နောက်တော့ သူ့ မိန်းမရသွားတာ။ မိန်းမရသွားတဲ့အခါကျတော့ သူ့အဆင်မပြေဘူး။ ကိုယ်ကလည်း သူ့အိမ်ထောင်ကို ထောက်ပံ့ပေးပါတယ်။ သူ့က အိမ်ထောင်တစ်ခု ထူထောင်လိုက်တဲ့အခါကျတော့ ထောက်ပံ့လို့ မနိုင်ဘူးလေ။ အစ်မလဲ အရမ်းပင်ပန်းနေပြီဆိုတော့ သူ့စီးပွားထွက်ရှာမယ်ဆိုပြီး သူမိန်းမကို ထားခဲ့ပြီး ထွက်သွားတာပေါ့။ အဆင်လဲပြေရော သူမိန်းမကို လှမ်းခေါ်တော့ ကိုယ်က ဘေးရောက်သွားတာပေါ့။ အခုချစ်သူနဲ့ကတော့ အဆင်ပြေပါတယ်’

တကယ်တော့ သူ့ရဲ့ ဖြစ်တည်မှုဟာ ဘယ်လိုပဲ ဖြစ်နေနေ လူတစ်ယောက်က လူတစ်ယောက်ပဲ မဟုတ်လား။ ခံစားချက်ရှိတယ်၊ ပျော်တတ်မယ်၊ ပူဆွေးတတ်မယ်၊ ဝမ်းနည်းတတ်မယ်၊ ရယ်စရာရှိတာရယ်မယ်၊ ငိုစရာရှိရင် ငိုမယ်၊ ချစ်စရာတွေ့ရင် ချစ်မယ်၊ ဟော.. လောကဓံနဲ့ ရင်ဆိုင်ရရင် အားတင်းပြီး ရုန်းကန်မယ်၊ ကိုယ့်ဘဝအတွက် ကြိုးစားမယ်၊ အိပ်မက်တွေကို အကောင်အထည်ဖော်မယ်။ သူတို့တွေဟာ လူသားတွေထဲက လူသားတွေပါ။ သူတို့ရဲ့ ဖြစ်တည်မှုကို ပွင့်ပွင့်လင်းလင်း ထုတ်ပြပြီး ရိုးရိုးသားသား ရုန်းကန်လှုပ်ရှားနေကြသူတွေပါ။ ဘယ်လိုပဲဖြစ်နေနေ ဒါဟာ သဘာဝပါပဲလို့ လက်ခံနိုင်ကြတဲ့သူတွေ တိုးပွားလာမယ်ဆိုရင်တော့ သိမ်ငယ်မှုတွေ၊ နှိမ့်ချဆက်ဆံခံရမှုတွေ ကင်းဝေးပြီး ကိုယ်စီကိုယ်စီ သာယာတဲ့ ဘဝလေးတွေ ပိုင်ဆိုင်နိုင်ကြမှာပေါ့။

ဒီလို ကမ္ဘာလောကမျိုး မကြာတော့တဲ့ ကာလမှာ ပေါ်ပေါက်လာနိုင်ပါစေလို့ ဆုတောင်းရင်း...

Angelic Demon



# ညီညွတ်မျှစေ ဥပဒေ

## Access to Justice Program
## COLORS RAINBOW

**Colors Rainbow အဖွဲ့၏ Access to Justice Program အနေဖြင့်**
**LGBT များအတွက် အခမဲ့ရှေ့နေ လိုက်ပါဆောင်ရွက်ပေးခြင်း၊**
**ဥပဒေအသိပညာပေးခြင်း၊ ဥပဒေအကြံပေးခြင်းနှင့်**
**နစ်သိမ့်ဆွေးနွေးပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးနေပါပြီ**

Website: colorsrainbow.org
Email :colorsrainbow.crb@gmail.com
Join us on Facebook: /ColorsRainbowYangon/
**Phone: 09 400447181, 09 894207921**

မိသားစုလက်ခံနိုင်မှုက LGBT တွေအတွက်
အရေးကြီးဆုံးပါပဲဆိုတဲ့

# မြင့်မြတ်ကို နှင့် တွေ့ဆုံမေးမြန်းခြင်း

# Myint Myat Ko

ယခုလထုတ် မဂ္ဂဇင်းရဲ့ In & Out ကဏ္ဍအတွက် ရွေးချယ်ထားသူကတော့ Transgender Man မြင့်မြတ်ကိုပဲ ဖြစ်ပါတယ်။

မြင့်မြတ်ကိုဟာ လက်ရှိမှာ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေသူတစ်ယောက်ဖြစ်ပြီး ပရဟိတလုပ်ငန်းတွေကိုလည်း လုပ်ဆောင်နေသူတစ်ဦးဖြစ်ပါတယ်။

မိသားစုကလက်ခံနိုင်မှုနဲ့ ပတ်သက်ပြီး မြင့်မြတ်ကိုနဲ့ သူ့ရဲ့မိဘတွေကို မေးမြန်းတင်ဆက်ပေးလိုက်ပါတယ်။

ဓာတ်ပုံ – သီဟစိုး



**ယောက်ျားလေးတစ်ယောက်ရဲ့ စိတ်နေစိတ်ထားမျိုး ဘယ်အရွယ်မှာ စဖြစ်ခဲ့တာပါလဲ။**

သိတတ်စအရွယ်ကတည်းကပါ။ ဂါဝန်ပေးဝတ်လို့မရဘူး။ ကျွန်တော်က အရမ်းစိတ်ဆိုးတာ။ ဒေါက်ဖိနပ် ပေးစီးလို့မရဘူး။ လွှင့်ပစ်တယ်။

**ကိုယ့်ရဲ့ အပြုအမူနဲ့ ပတ်သက်ပြီးတော့ရော ကျောင်းတွေ ပတ်ဝန်းကျင်တွေမှာ လှောင်စရာအဖြစ်နဲ့ ဆက်ဆံတာမျိုးရော ကြုံခဲ့ဖူးလား။**

ကျွန်တော့်ငယ်ဘဝကို နှစ်ပိုင်းပိုင်းပြီးပြောရင်တော့ တစ်ပိုင်းက မန္တလေးမှာ ကြီးပြင်းခဲ့ရပါတယ်။ အဲ့မှာကတော့ အ.ထ.က(၈) မိန်းကလေးကျောင်းဆိုတော့ LGBTတွေလည်း များတယ်။ Trans-Men တွေလဲများတယ်။ Tomboy တွေလည်း များတယ်။ ကျောင်းက လက်ခံပေးထားတယ်။ ကျောင်းမှာ အရမ်းပျော်ဖို့ကောင်းတယ်။ ဆရာ၊ ဆရာမတွေ ကိုယ်တိုင်ကလဲ ခွဲခြားဆက်ဆံတာမရှိဘူး။ မန္တလေးက LGBT တော်တော်များများ၊ Ttansgender တော်တော်များများက ထ(၈) က ကျောင်းပြီးတာများတယ် ။ အဲ့တော့ကျောင်းထဲမှာက ဘာပြဿနာမှ သိပ်မရှိပါဘူး။ ကျွန်တော့်အနေနဲ့က အဆင်ပြေခဲ့တယ်။ ကျွန်တော် ခြောက်တန်းအောင်တော့ မေမြို့ကို ပြောင်းလာတယ်။ မေမြို့မှာက အရမ်းပြဿနာရှိတယ်။ ဘာလို့လဲဆိုတော့ နယ်ကျောင်းဖြစ်တာက တစ်ကြောင်း၊ ကျွန်တော့်လိုပုံစံက တစ်ကျောင်းလုံး ကျွန်တော်တစ်ယောက်ထဲပါတယ်။ အဲ့ဒီအခါကျတော့ တော်တော်လေးတော့ မျက်စိစပါးမွေးစူးကြတာပေါ့။ ကိုယ်ကလည်း ငယ်တုန်းချိန်ဆိုတော့ ဆရာမတွေ ကြိုက်တာတွေ၊ မကြိုက်တာတွေရော ကိုယ်နေချင်သလိုနေတာ၊ နေချင်သလိုနေတယ်ဆိုတာက ကိုယ်ဒီလိုနေတာပဲ ဘယ်သူ့ကိုထိခိုက်လို့လဲပေါ့၊ စိတ်တိုလွယ်တယ်၊ ဒေါသထွက်လွယ်တယ်။ သိပ်ပြီး အမြင်မကြည်တာတွေရှိတယ်။ သူငယ်ချင်းတွေကတော့ ကျွန်တော်နဲ့ပေါင်းတဲ့ အနည်းစုလောက်ကတော့ လက်ခံကြတယ်။ တချို့တွေက လက်မခံကြဘူး။ များသောအားဖြင့် Genderခွဲတယ်။ ယောက်ျားလေးတွေဆို စတာနောက်တာ၊ လှောင်တာပြောင်တာ၊ တချို့ကဆို နှိမ်တာတွေပေါ့။ မျိုးစုံရှိတယ်။ ဒါပေမဲ့ ကျွန်တော် ဂရုမစိုက်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်ငယ်ငယ်ကတည်းက ယုံကြည်ထားတယ်။ ငါသည် သူများဒုက္ခရောက်အောင်၊ သူများ မိသားစု ၊ သူများ စီးပွားရေး၊ သူများ အသက်၊ အိုး၊ အိမ် ဒုက္ခရောက်အောင်လုပ်ထားတာ ဘာတစ်ခုမှ မရှိဘူး။ ခိုးထားတာလည်း မရှိဘူး။ အဲ့တော့ ငါသည် မကောင်းတာလုပ်တာ ဘာတစ်ခုမှမရှိဘူး။ ဘယ်သူ့ကိုမှလည်း ကြောက်စရာမလိုဘူး။ ဘယ်သူပြောတာမှလည်း ဂရုစိုက်စရာမလိုဘူး။ ဒါက ငါ့ရဲ့ဖြစ်တည်မှု၊ ငါနဂိုကတည်းက ယောကျ်ားလေး အဲ့လိုပဲ သတ်မှတ်ထားတာပါ။






**ကိုယ်က Transgender တစ်ယောက်အဖြစ်နေသွားတော့မယ်ဆိုတာ ကိုယ့်မိသားစုကို ဖွင့်ပြောဖို့ ဘယ်လိုအားမွေးခဲ့လဲ။ ပြောမှဖြစ်တော့မယ်။ ငါဒီလိုပုံစံမျိုးပဲနေတော့မယ်ဆိုပြီး ဖွင့်ပြောထားတာမျိုးရှိလား။**

မိသားစုကို ဖွင့်ပြောလိုက်တာကတော့ ကျွန်တော် ရှစ်တန်းနှစ်မှာ။ မိသားစုက အရင်ကတည်းက ဒီပုံစံဆိုတာ သိထားပြီးပြီ။ ဆယ်တန်းလောက်မှာ အမေတို့ကလဲ ကိုယ်မွေးထားတဲ့ သားသမီးဆိုတော့ မျှော်လင့်ချက်ကလေးနဲ့ မိန်းကလေးများ ပြန်ဖြစ်သွားမလားပေါ့။ မိန်းကလေးအဆောင်တွေ ဘာတွေနေရတာဆိုတော့။ ဆယ်တန်းမှာကျတော့ ငါသည်လုံးဝ ဒီဟာမဟုတ်ဘူး။ သိသွားတယ်။ ဒါပေမဲ့ ပြောဖို့ကျတော့လည်း နည်းနည်းခက်တယ်။ ဆယ်တန်းမှာ ကြိုက်ကျတဲ့ ကောင်မလေးတွေကလည်း များတယ်။ ဆယ်တန်းပြီးတဲ့ချိန် တက္ကသိုလ် စတက်ချိန်မှာကျတော့ မိသားစုနဲ့ စကားပြောကြတာပေါ့။ ပြောတော့ အဖေက သမီးဘာဖြစ်ချင်လဲ။ အဲ့တော့ သားက ဒီလိုဒီလိုပဲ၊ သမီးလို့ခေါ်တာလဲ မကြိုက်ဘူး။ သားလေးလို့ပဲ ခေါ် စေချင်တယ်။ ကလေးတွေ ညီလေးတွေက ငယ်ငယ်ကတည်းက ကိုကြီးလို့ပဲ ခေါ်တယ်။ သိတတ်စအရွယ်ကတည်းက ကိုကြီးလို့ပဲ ခေါ်တာ။ သူကတော့ အကျင့်ပါနေပြီ။ အဲ့တော့ အမေနဲ့ အဖေကိုပဲ ပြောရတာပေါ့။ အဓိကတော့ အမေကိုပေါ့။ အဖေကတော့ ဒီပုံစံတိုင်းနေတာ ကြိုက်တာ။ အဖေက အေးဆေး အဆင်ပြေတယ်။ အမေကတော့ နည်းနည်း အဆင်မပြေဘူး။ အဆင်မပြေတော့ သူ့ကိုပြောပြတယ် ဒီလို ဒီလိုပဲနေတော့မယ်။ ယူရင်လဲ သားက မိန်းမပဲယူမယ်။ မိန်းမပဲတောင်းပေး။ အဲ့လိုမျိုး ပြောခဲ့ရတယ်။

**မိသားစု လက်ခံနိုင်မှုက LGBT Life အတွက် ဘယ်လောက်ထိအရေးပါသလဲ။**

အရေးပါတယ်။ အရေးပါတယ်ဆိုတာက ကျွန်တဲ့ သူငယ်ချင်း အပေါင်းအသင်း ပတ်ဝန်းကျင်ဆိုတာက ဒီအလုပ်မှာ လက်မခံရင် နောက်အလုပ်ပြောင်းလုပ်လို့ ရတယ်။ ဒီသူငယ်ချင်းက မခေါ်ရင် နောက်ထပ် သူငယ်ချင်းထပ်ပေါင်းလို့ရတယ်။ နားလည်နိုင်တဲ့ လူဆိုတာ ရှိတယ်လေ။ မိသားစုဆိုတာကတော့ လောကမှာ တစ်စုပဲရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမေ မရှိရင်၊ အဖေရှိမယ်။ အဖေမရှိရင် အမေရှိမယ်။ ဒီမိသားစုက လက်ခံမှ ကျန်တဲ့သူတွေကလည်း မစော်ကားရဲမှာ၊ လက်ခံလာမှာ။ အဲ့ကျမှ လူတစ်ယောက်ရယ်လို့ သူ့ကိုယ်သူ သတ်မှတ်လာမယ်။ အဲ့ဒါမှလည်း လူတွေရဲ့ ကောင်းကျိုး၊ လောကရဲ့ကောင်းကျိုး ကိုယ့်တစ်ကိုယ်ကောင်းကျိုး၊ သူများရဲ့ ကောင်းကျိုး ကိုစဉ်းစားတတ်လာမယ်။ မိသားစုက လက်မခံ


Rainbow

တဲ့အခါကျတော့ တချို့ကလေးတွေက အိမ်မပြန်ချင်ကြတော့ဘူး။ အိမ်ပြန်ရမှာကြောက်တဲ့အခါကြတော့ အပြင်လမ်းပေါ်မှာပဲ ပျက်စီးသွားတဲ့ ဘဝတွေရှိတယ်။ ကျွန်တော်ကတော့ အရမ်းအရေးကြီးတယ်လို့ ထင်တယ်။

**ကိုယ်လိုမျိုးပေါ့ မိသားစုလက်ခံမှုမရသေးတဲ့ ကလေးတွေအတွက် ဘာများပြောချင်ပါသလဲ။**

တချို့ကျတော့လည်း ကလေးတွေက အရမ်းကိုလိမ္မာတယ်။ ကျွန်တော့် သူငယ်ချင်းတွေထဲမှာလည်း ရှိတယ်။ အရမ်းလိမ္မာကြတယ်။ ဒါပေမဲ့ မိသားစု ကိုယ်ကမိဘနဲ့ သားသမီးကြားက အတ္တပြိုင်ပွဲပေါ့။ ငါမိဘပဲ ပတ်ဝန်းကျင်မှာတော့ အရှက်ကွဲမခံနိုင်ဘူးဆိုပြီး ဆွေခန်းမျိုးခန်း ဖြတ်တာတွေတောင်ရှိတယ်။ တကယ်တမ်း ပြန်စဉ်းစားကြည့်မယ်ဆိုရင် ကိုယ်မွေးထားတဲ့ သားသမီးပဲ။ လက်ခံပေးလိုက်ရင် အကောင်းဆုံးပေါ့။ မိသားစုလက်မခံနိုင်တဲ့ ကလေးတွေကလည်း ကလေးတွေအနေနဲ့ စိတ်ဓာတ်မကျနဲ့။ ကျွန်တော်ပြောသလိုပဲ ကိုယ့်လမ်း ကိုယ်သာ ဖြောင့်အောင်လျှောက်။ သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်း နားနိုင်တယ်။ ကိုယ်က ဖြောင့်အောင်လျှောက်၊ ကိုယ့်သစ်ပင်ကို သူများသတ်လို့လည်း မသေစေနဲ့ ပေါင်းပိလို့လည်း မသေစေနဲ့။ ဖြောင့်ဖြောင့်တန်းတန်းနဲ့ မတ်မတ်သာကြီးအောင် ခိုင်ခိုင်ခန့်ခန့်သာ တည်ဆောက်သွား။ လေလည်းတိုက်မှာပဲ မိုးကြိုးလည်း ပစ်မှာပဲ။ မလဲစေနဲ့။ အဲ့အချိန်ကျရင် ရှိသမျှငှက်တွေက လာနားကြမှာပဲ။ ကိုယ်သာ အင်အားကြီးပြီး ကိုယ်သာ ဖြောင့်ဖြောင့်မှန်မှန်နဲ့ တည့်တည့်သွား။ အားကိုးရတဲ့လူတစ်ယောက်ဖြစ်သွားပြီဆိုရင် မိဘဆိုတာလည်း အဲဒီအချိန်ကျရင် ကိုယ့်ရဲ့ ဖြစ်တည်မှုအပေါ် နားလည်ပြီး လက်ခံလာမှာ။

## "မြင့်မြတ်ကို၏ မိဘနှင့် တွေ့ဆုံမေးမြန်းခြင်း"

**အန်တီတို့အနေနဲ့ သမီးဖြစ်သူက ယောကျာ်းတစ်ယောက်လိုနေတော့မယ်လို့ ဖွင့်ပြောတဲ့အချိန်မှာ ခံစားရတဲ့ ခံစားမှုလေးပြောပြပါဦး။**

စဖွင့်ပြောတဲ့အချိန်မှာ စိတ်ထဲမှာ တအားကြီးတော့ ဘာမှမဖြစ်ပါဘူး သူစိတ်ချမ်းသာတဲ့ဘဝက ကိုယ်စိတ်ချမ်းသာတဲ့ ဘဝပဲပေါ့နော်။ ပထမကတော့ လောကကြီးထဲမှာ ဒီလိုပုံစံနဲ့နေလို့ ဖြစ်ပါ့မလား။ ပတ်ဝန်းကျင်မှာ ရေရှည်နေလို့ အဆင်ပြေပါ့မလားတော့ တွေးပူမိတယ်။ အခုကျတော့ သူ့ရဲ့ ယောကျာ်းလေးပုံစံ ယောကျာ်းလေးစရိုက်နေတာကိုမြင်ရတာပိုပြီးတော့ စိတ်ချမ်းသာရတယ်၊ အမေတစ်ယောက်အနေနဲ့ ပိုပြီးစိတ်အေးရတယ်။ ခုခေတ်ပုံစံနဲ့ဆိုရင် မိန်းကလေးတစ်ယောက်လိုနေရင်တောင် ကိုယ့်မှာ ပူနေရဦးမယ်။ အခုက ယောကျ်ားလေးတစ်ယောက်လိုလည်း အားကိုးရတယ်။ စိတ်လည်းချရတယ်။

**ဟုတ်ကဲ့၊ အန်ကယ့်အနေနဲ့ရော ခံစားမှုလေးပြောပြပေးပါဦး။**

သူကအစပိုင်းမှာ သူ့စိတ်သူ ဒွိဟဖြစ်နေတယ်။ အဲ့အချိန်မှာ မိသားစုမျက်နှာစုံညီ စကားပြောပြီး သူ့ကိုမေးတာပေါ့နော်။ ကဲ ကလေးဘယ်လိုနေချင်လဲဆိုတော့ သမီးယောကျာ်းလေးလိုနေချင်တယ်တဲ့ သမီး သေချာဆုံးဖြတ်ပြီးပြီလား။ ဒီဆုံးဖြတ်ချက်ဟာ ခဏတာဆုံးဖြတ်ချက်လား ရေရှည်အတွက်လားဆိုတာ ဖအေတစ်ယောက်အနေနဲ့ သိချင်တာပေါ့။ သူက ယောကျာ်းလေးလိုပဲ နေချင်တယ်ဆိုတော့ သူ့ညီကရော သူ့အမေကရော ကျွန်တော်ကရော သူ့ကို ယောကျ်ားတစ်ယောက်အနေနဲ့ လက်ခံပေးနိုင်တယ်။ ကျွန်တော့်အနေနဲ့ကလည်း သူတောင်းဆိုတာက မူးယစ်ဆေးဝါးသုံးစွဲတာမျိုး သောက်တာစားတာမျိုးမဟုတ်ဘဲ ယောကျ်ားလေးဖြစ်ချင်တဲ့ ဆန္ဒတစ်ခုတည်းဆိုတော့ ဒါကိုလက်ခံပေးလိုက်ရင် ရှေ့ဆက်လျှောက်ရမဲ့ ဘဝမှာ ဒီစိတ်ကို နောက်ဆံတင်းနေစရာမလိုပဲ မိဘကခွင့်ပြုထားတယ် ငါ့အဖေနဲ့အမေ နောက်မှာရှိတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ရှေ့ဆက်ပြီး သူ့ဘဝမှာ လုပ်စရာရှိတာတွေလုပ်ပြီး ဘဝတိုးတက်အောင် လုပ်လို့ရသွားတာပေါ့။ မိဘကိုယ်တိုင်က ခွင့်ပြုထားတယ်ဆိုတော့ ပတ်ဝန်းကျင်မှာရော ဆွေမျိုးတွေကြားထဲမှာရော သူ့ကို ယောကျာ်လေးတစ်ယောက်အနေနဲ့ လက်ခံပေးကြတာပေါ့ သူကိုယ်တိုင်လည်း ခေါင်းမော့ရင်ကော့ပြီး သတ္တိရှိရှိရင်ဆိုင်နိုင်သွားမှာပေါ့။ ကိုယ့်သားသမီး ဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲ မိဘကိုယ်တိုင်က ပွင့်ပွင့်လင်းလင်း ဆွေးနွေး နားလည်လက်ခံပေးတဲ့အခါကျမှ ကလေးရဲ့ ဘဝမှာ ရှေ့ဆက်လျှောက်ဖို့ ခွန်အားတွေရမှာပါ။ အဲ့ဒါကြောင့် မိဘတွေအနေနဲ့ ကိုယ့်သားသမီး ဘာဖြစ်ချင်လဲဆိုတာကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါလို့ အကြံပေးချင်ပါတယ်။

**သူ အခုလိုမျိုးလို ပြောင်းလဲဝတ်ဆင်တဲ့အခါမှာ ပတ်ဝန်းကျင်က ဝေဖန်တာမျိုးတွေရော ကြုံခဲ့ရလား**

ကျောင်းနေတဲ့အရွယ်မှာတော့ ဆရာ၊ ဆရာမတွေက မိန်းကလေးလိုဝတ်ပေးပါလား၊ ဆံပင်အရှည်ထားပေးပါလား အဲ့လိုမျိုးလေးတွေပြောတယ်။ ဒါပေမဲ့ မိဘက လက်ခံပေးထားတဲ့အခါကျတော့ ကျောင်းကလည်း လက်ခံပေးရတဲ့ အနေအထားဖြစ်သွားတာပေါ့။ တခြားပတ်ဝန်းကျင်က ပြောတာမျိုး

တော့ သိပ်မရှိပါဘူး။ ဖွားအေကတော့ စိတ်ပူပြီး ပြောတာမျိုး တော့ရှိတယ် ကျွန်တော်တို့ကလည်း ပြောပြတယ် ဒီကလေးကို မနေချင်တဲ့ ပုံစံမျိုး အတင်းလုပ်ယူထားလိုက်ရင် သူလည်းစိတ် ဆင်းရဲသွားမယ်။ ယောကျာ်းလေးသူငယ်ချင်းတွေထားပြီး သောက်စား တရုန်းရုန်းဆိုရင်တော့ တစ်မျိုးပေါ့ စိတ်မပူပါနဲ့ ကျွန်တော်တို့လည်း လမ်းမှား မရောက်အောင် ထိန်းသိမ်းပေး သွားမှာပါဆိုပြီး လူကြီးတွေနားလည်အောင် ပြောပြပေးရတာမျိုး တော့ရှိတယ်။ ကံကောင်းတာတစ်ခုက သူကလည်း ယောကျာ်း လေးတစ်ယောက်ရဲ့ ဗီဇမျိုးရှိတယ်ဆိုပေမဲ့ ယောကျာ်းလေးတွေ လုပ်တဲ့ အလုပ်ဘာတစ်ခုမှမလုပ်ဘူး ဆေးလိပ်သောက် ကွမ်း စား အရက်သောက် လျှောက်သွားတာမျိုးတွေမရှိဘူး။ သူ ကိုယ်တိုင်ကလည်း သူ့ကို လက်ခံပေးတယ်ဆိုရင်ကို ပျော်နေ တာ အိမ်မှာပဲ နေရနေရ ကျောင်းမှာပဲ နေရနေရနေတာပဲ။

**ဟုတ်ကဲ့ အခုအပြင်မှာ တစ်ခြား LGBT အသိုင်းအဝိုင်းထဲမှာ မိဘ မိသားစုက လက်မခံလို့ စိတ်မလုံခြုံမှုတွေခံစားနေတဲ့ LGBTတွေလည်း ရှိနေတယ်။ သူတို့ရဲ့ မိသားစုတွေကိုရော မိဘတစ်ယောက်အနေနဲ့ ဘယ်လိုမျိုးအကြံပေးချင်လဲ။**

ကျွန်တော့်အမြင်ကို ပြောပြရရင်တော့ ဒီကိစ္စက မိဘတွေနဲ့ပဲ သက်ဆိုင်တာမျိုးမဟုတ်ဘူး LGBTအသိုင်းဝိုင်းက ကလေးတွေကလည်း မိဘတွေလက်ခံပေးနိုင်တဲ့ အတိုင်းအတာ ထက်ကျော်ပြီး မလုပ်မိဖို့လိုတယ်ဗျ မိဘနဲ့သားသမီးကြားမှာ သူ့ဘက်ကိုယ့်ဘက်လေးကြည့်ပြီး ညှိညှိနှိုင်းနှိုင်းလေးဆွေးနွေး ကြရင်တော့ အဆင်ပြေမယ်လို့ ကျွန်တော်ထင်တယ်ဗျ။ မိဘ တွေအနေနဲ့ကလည်း ကိုယ်ကလက်မခံရင် ကိုယ့်သားသမီးက သူ့ကို လက်ခံတဲ့နေရာမှာနေမယ် ပျော်နေမယ်ဆိုရင် ပျက်ဆီးဖို့ အလားအလာများသွားပြီ။ ဒါကြောင့် မိဘတွေအနေနဲ့ နား လည်မှုရှိစွာနဲ့ ကိုင်တွယ်တတ်ဖို့လိုပါတယ်။ မိဘကလက်ခံ လိုက်ပြီဆိုတာနဲ့ ကလေးကို ဆွေမျိုးကြားမှာရော ပတ်ဝန်းကျင် ကရော လက်ခံပေးရတော့တာပဲလေ။ ကလေးအတွက် ကိုယ်၊ စိတ် လုံခြုံမှုအများကြီးရစေတယ်။

**အန်တီ့အနေနဲ့ရော ကိုမြင့်မြတ်က ယောကျာ်းလေးလိုနေ တော့မယ်လို့ ဖွင့်ပြောလာတဲ့အခါမှာ ဘယ်လိုနေ ဘယ်လို ထိုင်ရမယ်ဆိုတာနဲ့ ပတ်သတ်ပြီး ညှိနှိုင်းယူခဲ့ရတာမျိုးရော ရှိခဲ့လား ။**

အဲ့လိုမျိုး ညှိနှိုင်းယူခဲ့ရတာမျိုး မရှိခဲ့ဘူး သူကိုယ်တိုင် ကိုက safe ဖြစ်တဲ့ ကလေးပါ လိမ္မာတဲ့ကလေးပါ။ ရင့်ကျက် တဲ့စိတ်လေးရှိတယ် တခြားကြမ်းကြမ်းတမ်းတမ်းသွားလာနေ ထိုင်တာမျိုးမရှိဘူး။ အဝတ်အစားဝတ်တာတောင် သပ်ရပ်သန့် ပြန့်နေတဲ့ ဝတ်ပုံမျိုးလေးပဲ ဝတ်ပြီးနေတတ်တယ်။ ဟော့ဟော့ ရမ်းရမ်းမရှိဘူး။ အန်တီကတော့လေ ဒါပြောရရင် (၁) အချက် သူ့ဘဝ ကံအကြောင်းလေးပါလာတာပေါ့နော် (၂) အချက် သူကိုယ်တိုင်က လည်း ဒီလိုမျိုးလေးနေတာပေါ့။ အဲ့အပေါ်မှာ ကိုယ်က ဟင့်အင်းမရဘူး မလုပ်ရဘူးဆိုတာမျိုး မဖြစ်သင့်ဘူး လေ။ ကိုယ့်စိတ်နဲ့ အသက်ရှင်သွားလို့မှမရတာနော် သူ့စိတ် လေးနဲ့ သူ့ဘဝလေးကိုရှင်သန်သွားရမှာလေနော်။ အဲ့ဒါကြောင့် ကိုယ် ဖြစ်ချင်တာချည်းပဲမဟုတ်ပဲ သူဖြစ်ချင်တာလေးကိုလည်း ဘောင်တစ်ခုထဲကနေ စောင့်ကြည့်ပေးရမှာပေါ့နော်။ လွန်လွန် ကဲကဲတွေ မလုပ်မိအောင် ထိန်းသိမ်းပေးသွားဖို့ပဲလိုတယ် ကိုယ်က အတင်းကြီးမှ မရဘူး မလုပ်ရဘူးဆိုရင် အဆိုးတွေ ပိုများလာဖို့ပဲ ရှိတယ်လေ။ သူတို့ဖြစ်ချင်တာလေးကို မသိမသာ လေးအားပေးပြီး ထိန်းပေးသွားတာအကောင်းဆုံးပဲပေါ့။

**အန်ကယ့်အနေနဲ့ ကိုမြင့်မြတ်နဲ့ ပွင့်ပွင့်လင်းလင်းမပြော ဖြစ်ခင် အချိန်မှာရော LGBT နဲ့ ပတ်သက်ပြီး ကြိုတင်လေ့လာ ခဲ့တာမျိုးတွေရှိလား။**

ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အန်ကယ်တို့မှာ ကြိုပြီး လေ့လာခဲ့တာမျိုး မရှိခဲ့ဘူး။ အခုနောက်ပိုင်းမှသာ LGBT အသိုင်းအဝိုင်းအကြောင်း သိလာရတာ။ ဩော် ဒီလို ကလေးတွေရှိပါလား ဒီလိုအဖြစ်ပျက်လေးတွေ ရှိတတ်ပါလား ဆိုပြီး သိလာတာပေါ့။ ကိုယ်က ဒီတိုင်းပဲ ကိုယ့်သားသမီးကို ချစ်တဲ့စိတ်နဲ့သွားနေတော့ သူ့ပတ်ဝန်းကျင်က ကိုယ်ပတ်ဝန်း ကျင် ဖြစ်လာတာပေါ့။ ကျွန်တော်ကိုယ်တိုင်က သူ့ကိုသားတစ် ယောက်အနေနဲ့ အရှေ့က ရပ်တည်ပေးပြီး လက်တွဲခေါ်သွားတဲ့ အခါကျတော့ ဘယ်သူ့မှ တိုက်ခိုက်လို့မရတော့ဘူးပေါ့။ သူ့ သူငယ်ချင်းလေးတွေဆိုလည်း ကျွန်တော်တို့ အိမ်မှာ ပျော်ကြ တယ်။ ပွင့်ပွင့်လင်းလင်း လက်ခံထားတဲ့အခါကျတော့ ကလေး တွေကလည်း ပျော်တယ်။ သူတို့လေးတွေက တူရာတူရာလေး တွေစုမိနေကြတော့ ကျွန်တော်ကလည်း သူတို့ကို ယောကျာ်း လေးလိုပဲ အသိမှတ်ပြုပေါင်းသင်းတော့ သူ့ပတ်ဝန်းကျင်က ကလေးတွေအားလုံး ကျွန်တော့်သူငယ်ချင်းတွေ ဖြစ်ကုန်တယ်။ အဲ့တော့ မိဘက အရမ်းအရေးကြီးပါတယ် ကိုယ့်ကလေး တင်မကဘူး ကိုယ့်ကလေးရဲ့ ပတ်ဝန်းကျင်ပါ ပျော်ရွှင်အောင် မိဘက လုပ်ပေးနိုင်ဖို့ လိုပါတယ်လို့ ကျွန်တော်က အကြံပေး ချင်ပါတယ်။

အညို



# ပုလဲသွင်

## မျက်နှာမှားပြီး စီးတဲ့ရေ

**တကယ်တော့ လောကကြီးဟာ**
**မတည်မြဲခြင်းဆိုတဲ့**
**ပြည်ဖုံးကားတစ်ခုသာ**
**မြဲမြဲစွာကြိုးဆွဲနေတဲ့ဇာတ်ခုံတစ်ခုပါ။**
**ဒါပေမယ့် အဲဒီမမြဲခြင်းတွေ**
**အားသန်နေတဲ့ကြားက**
**သံစဉ်တွေ ငုပ်လျှိုးနေတဲ့**
**ပခုံးကလေးတစ်ခုအပေါ်မှာ**
**ကြိုးစားပြီး တည်မြဲပေးနေတဲ့**
**သီချင်းသံလေးတွေ ရှိနေသေးသတဲ့။**
**အဲဒီနိယာမက**
**ကိုယ့်အတွက်ဖြစ်လာတယ်ထင်ပါရဲ့။**
**သိပ်ကို ကျေးဇူးတင်မိပါတယ်။**

(၁)

တကယ်တော့ ဒီကျောင်းကို ကိုယ်က တက်ချင်ခဲ့တာမဟုတ်။ အိမ်က မိသားစုတွေက တိုက်တွန်းလို့ နောက် ဒီအလုပ်ကိုပဲ လုပ်စေချင်တယ်ဆိုလို့သာ ကိုယ်ဒီကျောင်းကို တက်ခဲ့ရတာရယ်။ အထူးသဖြင့် အဖေပေါ့။ အဖေ့စိတ်ကိုက ဒီအလုပ်လုပ်ဖို့ ပြင်းပြလွန်းတာ။ အမြဲတမ်းဒါပဲလုပ်ဖို့ ပြောနေတာလေ။

ဒီတော့ ကိုယ်မငြင်းတော့ပါဘူး။ မိဘတွေစိတ်ချမ်းသာဖို့ဆိုပြီး ဒီကောလိပ်ကိုတက်ဖြစ်ခဲ့တယ်။ အမှန်တကယ် ကိုယ်ဝါသနာပါတာက ဒီဇိုင်နာ အလုပ်။


Rainbow
colors

ငယ်ငယ်ကတည်းက အောင်မြင်တဲ့ ဒီဇိုင်နာတစ်ယောက် ဖြစ်ချင်ခဲ့တာ။ အိမ်မှာဆို တွေ့သမျှအဝတ်စတွေကို ကတ်ကြေးနဲ့ကိုက်ပြီး ကိုယ်စိတ်ကူးမိတဲ့ပုံစံလေးအတိုင်း ချုပ်ကြည့်တယ်။ အဲဒီတုန်းကတော့ ကိုယ်ကငယ်သေးလို့ထင်တယ်။ အဖေက သဘာမကျပေမယ့် မဆူပါဘူး။ ဒါမယ့် အသက်ကလေးနည်းနည်းကြီးလာတော့ မရတော့ဘူး။ မရိုက်ရုံတစ်မည်။ အဖေဆူတာ တော်တော်ခံရတယ်။ သူက စာသင်တဲ့အလုပ်ပဲ သဘောကျတာလေ။ ဒီတော့ အဖေ့ကိုကြောက်လို့ အဲလို ဒီဇိုင်းတွေလုပ်ရင် အဖေ့ရှေ့မှာ မလုပ်တော့ဘူး။ အဖေမမြင်အောင် ခိုးလုပ်တယ်။ ကိုယ်လုပ်ထားတဲ့ ဒီဇိုင်းလေးတွေကြည့်ပြီး စိတ်ချမ်းသာမိတာ။

ဒါပေမဲ့ အခုကောလိပ်ကျောင်းကို ရောက်ကတည်းက ဒီဇိုင်းတွေ ပုံဖော်ဖို့ နေနေသာသာ အဝတ်စတွေတောင်ဘယ်ဆီနေမှန်း မသိဘူး။ သင်တန်းပင်ပန်းမယ်ဆိုတဲ့အတိုင်း မနက်မှောင်မှောင်ကတည်းက ညမှောင်မှောင်အထိ မနားရပါဘူး။ အချိန်ပြည့် အလုပ်လုပ်နေရတာ။ သင်ယူနေရတာ။ မနက်ခင်းစောစောထ P.T ဆင်းလိုက်။ ဖွံ့ဖြိုးရေးဘာသာရပ်တစ်ခုကိုသင်လိုက်။

နောက် တစ်နေကုန်ကျောင်းတက်။ ပြီးတာနဲ့ အဆောင်ရောက်တော့လည်း အဆောင်အလုပ်တွေ လုပ်စရာရှိတာလုပ်။ ညခင်းဘုရားဝတ်တက်ပြီး စာကျက်ချိန်ရောက်တာနဲ့ စာကြည့်စားပွဲမှာ ထိုင်ရပြီ။

တစ်နေ့ပြီးတစ်နေ့ ဒီလိုပဲဖြတ်သန်းသွားရတော့ ကိုယ့်ဒီဇိုင်းတွေ ဘယ်အချိန်သွားချုပ်မလဲ။ ဒီတော့ ကိုယ်လုပ်ချင်တာထက် လုပ်ရမယ့်အလုပ်ကိုပဲ စိတ်မဝင်စားလည်း ကြိုးစားပြီး အာရုံစိုက်ထားတယ်။ တချို့ကတော့ ကိုယ်တိုင်ရွေးချယ်ထားတဲ့လမ်းဖြစ်မှာပေါ့။ ကိုယ်ကတော့ မိဘရွေးပေးတဲ့ လမ်းကို လျှောက်နေရတဲ့ သူလေ။ အဲ့တော့ တစ်ခါတလေ ကိုယ်အရမ်းစိတ်ညစ်မိတယ်။ ပျော်လည်း မပျော်ဘူး။ ကိုယ့်ခံစားချက်တွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူး။ ဘာလို့ဆို ကိုယ့်စိတ်ကို သူများနားလည်ပေးဖို့ဆိုတာ ရာခိုင်နှုန်းသိပ်နည်းတယ်လေ။

ဒါပေမဲ့ အဲဒီလို သိပ်ကိုနည်းပါးလွန်းတဲ့ ကိုယ့်အတွက် ရာခိုင်နှုန်းလေးထဲမှာ သူပါဝင်နေတာကတော့ ကိုယ့်ဆုလာဘ်ပါပဲ။ အများကြီး မလိုအပ်ပါဘူး။ သူ့နားလည်မှုက ကိုယ့်အင်အားပဲ။ ကိုယ်စိတ်မဝင်စားပေမယ့် သူ့အတွက်နဲ့ပဲ ကိုယ်ကြိုးစားပြီး ရပ်တည်နေနိုင်ခဲ့ပါတယ်။ ဒီအတွက် သူနဲ့ကိုယ့်ကို ဆုံစည်းပေးတဲ့ ကံကြမ္မာကို ကျေးဇူးတင်မိတယ်။ တစ်ခုတော့ရှိတာပေါ့။

ကိုယ့်မိဘတွေကို အားနာတာပါပဲ။ ဘာပဲဖြစ်ဖြစ် လူငယ်သဘာဝ ဖြစ်ရိုးဖြစ်စဉ်အနေနဲ့ ကြည့်ရင်ကိုယ်အများကြီး မမှားဘူးလို့တော့ ထင်ပါတယ်။ သဘာဝတရားကြီးက သတ်မှတ်ပေးထားတဲ့အချစ်တွေထဲမှာ ကိုယ်တို့နှစ်ယောက်ရဲ့ အချစ်ကလည်း တစ်မျိုးတစ်မည်ပါဝင်တာပေါ့။ ဘယ်လိုပဲစဉ်းစားကြည့်ပါစေ။ လူတိုင်းမှာ ခံစားတတ်တဲ့ နှလုံးသားကိုယ်စီနဲ့ပါ။

မတူညီတဲ့ အရာတွေပဲဖြစ်ဖြစ်တူညီတဲ့ အရာတွေပဲဖြစ်ဖြစ် အားလုံးကသဘာဝတရားရဲ့ သတ်မှတ်ချက်တစ်ခုအောက်မှာပဲ ရှိပါတယ်။ ဒီလိုအရွယ်မှာ ဒီလိုဖြစ်တတ်ကြတယ်ဆိုတာမျိုးကို နားလည်မှုဆိုတဲ့သံစဉ်လေးတွေနဲ့ နှလုံးသားတွေသာ ထပ်တူကျနေမယ်ဆိုရင် အပြစ်ဆိုတာ ငြိမ့်ငြိမ့်လေးငုပ်လျှိုနေတဲ့ အပြုံးတစ်ခုရယ်ပါ။

(၂)

ဒီမနက် P.T ကွင်းမှာ P.T မဆင်းခင်ခဏလေးကို သူကကိုယ့်ကိုစလိုက်

ကိုယ်ကတော့
မိဘရွေးပေးတဲ့ လမ်းကို
လျှောက်နေရတဲ့ သူလေ။
အဲ့တော့ တစ်ခါတလေ
ကိုယ် အရမ်းစိတ်ညစ်မိတယ်။
ပျော်လည်း မပျော်ဘူး။
ကိုယ့်ခံစားချက်တွေကို
ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူး။
ဘာလို့ဆို ...

သေးတာ။ သူ့ပင်ကိုယ်အတိုင်း မျက်ဝန်းတွေကပါ ပြုံးနေတဲ့ အပြုံးနဲ့ပေါ့။

'ညကလိုင်းပေါ်မှာ ဒီဇိုင်း page တွေထဲ ဝင်မွှေလို့ကောင်းရဲ့လား'

ကိုယ့်ပခုံးကို မခို့တရို့လေး တွန့်လိုက်ပြီး

'ဒီလိုပါပဲ ဝါသနာလေ' လို့ ဖြေလိုက်တယ်။

သူက ကိုယ့်အဖြေကို စိတ်အလိုမကျသလို တမင်တကာလုပ်ထားသလို မချိုမချဉ်ရုပ်ကြီးနဲ့ ပြောပြန်တယ်။

'ဒီဇိုင်းတွေက အဲ့လောက်တောင် ဆွဲဆောင်မှုရှိတာလားငယ်။ ဒီလူကို စကားလေးတစ်ခွန်းတောင် လာမပြောဘူး။ စောင့်နေတယ်ဆိုတာကို မသိချင်ယောင်ဆောင်နေတာပေါ့။ ထင့်ဘက်က ငယ့်အပေါ်နားလည်မှုပေးထားတာကို ငယ်က ဘာမှပြန်မလုပ်ပေးဘူး'

'ထင် ငယ့်ကိုလာမရစ်နဲ့နော်။ မနေ့က good night ပြောမလို့ ကြည့်တော့ထင် အရင်အိပ်သွားတာလေ။ ဒီလိုပြောကြေးဆို ထင်ကရော ဘာထူးလဲ။ အခါတိုင်းလို ငယ့်ကို ဒီဇိုင်းတွေရှာပြီး ပို့ပေးလို့လား။ ဘယ်သူနဲ့ ပြောနေတာမှန်းမှ မသိတာ'

ကိုယ်က ဒီလိုပြောတော့ သူကပြုံးဖြီးဖြီးနဲ့ ကိုယ်ပြောတာကို သဘောကျသလိုမျိုး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ P.T လုပ်ဖို့ ဆရာမတွေ ကွင်းထဲရောက်လာပြီမို့ သူနဲ့ကိုယ်စကားစ ပြတ်သွားတယ်။ ကိုယ့်တန်းခွဲနဲ့ကိုယ် လူစစ်သတင်းပို့ပြီး ကြတဲ့အခါ ထုံးစံအတိုင်း ရှေ့ကနေ ခေါင်းဆောင်ပြီး အော်ပေးနေတဲ့

'ဘယ်ညာ ဘယ်ညာ' ဆိုတဲ့သူ့အသံအားကောင်းကောင်းကြီးက ကောလိပ်ကျောင်းတော်ကြီးထဲ ဟိန်းထွက်နေတယ်။

တကယ်တော့ သူပြောသလိုပါပဲ။ ဒီကျောင်းတော်ကြီးထဲမှာ အချိန်တွေသာ ကုန်ဆုံးသွားတယ်။ ကိုယ့်ဘက်က သူ့ကိုဘာမှ ထွေထွေထူးထူး လုပ်ပေးခဲ့တာမျိုး မရှိသလောက်ပဲ။ သူ့အဆောင် ကိုယ့်အဆောင်မြင်နေရပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ သူ့အခန်းကို လှမ်းပြီး မကြည့်အားပါဘူး။

ဒီဇိုင်းတွေက
အဲ့လောက်တောင်
ဆွဲဆောင်မှုရှိတာလားငယ်။
ဒီလူကို
စကားလေးတစ်ခွန်းတောင်
လာမပြောဘူး။ စောင့်နေတယ်
ဆိုတာကို မသိချင်ယောင်
ဆောင်နေတာပေါ့။
ထင့်ဘက်က ငယ့်အပေါ်
နားလည်မှုပေးထားတာကို
ငယ်က ဘာမှ
ပြန်မလုပ်ပေးဘူး . . .

စာကျက်ချိန်ပြီးလို့ ဖုန်းဆက်တော့လည်း သူ့ဘက်က အရင်ဆက်တာ။ တစ်ခါတလေ ကန်တင်းမှာ ထမင်းစားကြရင်လည်း သူပဲရှင်းတယ်။ ဒီကြားထဲအဆောင်က လူတွေနဲ့ စိတ်အခန့်မသင့်လို့ ပြဿနာဖြစ်ပြီး ကိုယ်စိတ်ညစ်ရင် သူက ကိုယ့်စိတ်သက်သာအောင် ဖြေသိမ့်ပေးသေးတာ။ ကိုယ့်စိတ်ကိုသိလို့ အားပေးတယ်။ နားလည်ပေးတယ်။ ကိုယ်သိတဲ့ ယောကျ်ားလေးတွေနဲ့ သူကတခြားစီပဲ။

တကယ်တော့ သူက ကိုယ့်ထက်ပိုရင့်ကျက်ပါတယ်။ ကိုယ်ကသာ သူ့အပေါ်ကလေးဆန်တာ။ တစ်ခါတလေ ကိုယ်က အားတဲ့အချိန် ဒီဇိုင်းတွေပဲ စဉ်းစားပြီး အချိန်ကုန်တယ်။ ပေးထားတဲ့ assignment တွေလည်း သတ်မှတ်ရက် နားနီးလို့ မပြီးဘူး။ ဒီတော့ နောက်ဆုံး သူပဲ ကူရေးပေးရတာ။ နောက် ကိုယ်သူ့ကို တွေးမိတိုင်း ကျေးဇူးတင်မိတာတစ်ခုရှိတယ်။

အဲဒါက ကျောင်းမှာ ကိုယ့်ထက်ဆွဲဆောင်မှုရှိတဲ့ ချောတဲ့လှတဲ့ မိန်းကလေးတွေ အများကြီးရှိနေတာတောင် သူကိုယ့်ကိုပဲ ရွေးချယ်ခဲ့တာကိုပေါ့။

သူနဲ့ကိုယ် တစ်ယောက်အကြောင်းတစ်ယောက်သိပြီး နားလည်မှုတွေနဲ့ ချစ်လာကြတာ ဒုတိယနှစ်တောင် ရောက်လာပြီ။ ဒီနှစ်ပြီးရင် ကိုယ်တို့တွေကျတဲ့နေရာမှာ တာဝန်တွေ ထမ်းဆောင်ရတော့မယ်။

ဒီတော့သူ့အတွက် ကိုယ်စဉ်းစားပေးသင့်တယ်လို့ထင်တယ်။

(၃)

အခန်းထဲရောက်တော့ သူငယ်ချင်း မိန်းကလေးတွေက ကိုယ့်လက်ရာ မာဖလာလေးကိုကြည့်ပြီး အံ့သြနေကြတယ်။ မယုံတဲ့သူတွေက ဘယ်သူပေးတာလဲတဲ့လေ။ ကိုယ့်ဘာသာ ထိုးထားတာဆိုတော့ သူတို့က ကိုယ့်ကိုဆရာတင်နေကြတယ်။ ဘာပဲဖြစ်ဖြစ် ဒီအရောင်လေးက သူနဲ့ သိပ်ကို လိုက်ဖက်မှာပါ။ ငယ်ကတည်းက ကိုယ့်ရဲ့ ရှက်တတ်တဲ့စိတ်ကြောင့် ကိုယ် သူ့ကို လက်ထဲသေချာထည့်ပေးချင်ပေမယ့် သူများတွေ ရိပ်မိသွားမှာစိုးတာကြောင့် နေ့ခင်းကျောင်းနားမှပဲ သူ့ခုံပေါ်က အိတ်ထဲ ဘယ်သူမှမသိအောင် ထည့်ပေးလိုက်တယ်။

ဒါပေမဲ့ ကိုယ်ပေးတဲ့ မာဖလာကို မပက်ပါဘူး။ သိမ်းထားတာတဲ့။ မသုံးရက်ဘူးတဲ့လေ။ ဒီတော့လည်း ကိုယ်ကြည်နူးမိတာပေါ့။ ချက်ချင်းဆိုသလို ကိုယ့်ပါးပြင်လေးတစ်ဖက် နွေးခနဲခံစားလိုက်ရတယ်။ တစ်ခါမှမဖြစ်ဖူးတဲ့ ခံစားမှုမျိုး။ ထင်မှတ်မထားပါဘူး။ ကိုယ့်ဘဝမှာ ဒီလိုအနမ်းနုနုလေး ကိုယ့်ပါးပြင်ပေါ်ရောက်လာလိမ့်မယ်ဆိုတာ။ ဆန့်ကျင်မှုဆိုတဲ့ ခေါင်းစဉ်အောက်က မှန်ကန်တဲ့ ချိုမြိန်မှုတွေနဲ့အတူ ပတ်ဝန်းကျင် အရာအားလုံးကို တောင်မေ့သွားတယ်။ ရုတ်တရက်သတိရမိလာတာကြောင့် သူ့ကို အကဲစမ်းသလိုနဲ့ မေးလိုက်တယ်။

'ထင် မနေ့ညနေက အဆောင်ရှေ့က နှင်းဆီပင်နားမှာ အကြာကြီးပဲ။ နောက် အဲဒီနှင်းဆီပန်းကို ကြည့်နေတာ တော်တော်ကြာတယ်။ ဘာတွေတွေးနေတာလဲ'

ကိုယ့်မေးခွန်းမှာ ဘာပါသွားလို့လည်းမသိ။

သူ့မျက်နှာ နည်းနည်းသုန်မှုန်သွားတယ်။ ပြီးတော့ ကိုယ့်ကိုသေချာ စိုက်ကြည့်ပြီး သက်ပြင်းကြီးချပြန်တယ်။

'ငယ် ဒီကောလိပ်ကျောင်းထဲက မိန်းကလေးတွေ နှင်းဆီပန်းကို တော်တော်များများ ပန်ကြတယ်နော်။ တချို့ကျတော့လည်း သူတို့ရဲ့ သက်ဆိုင်တဲ့သူတွေက ပေးတာဖြစ်မှာပေါ့။ ဒါပေမဲ့ ပန်းဆိုတာက အပင်မှာ သူ့နေရာလေးအတိုင်း ရှိနေတာ ပိုလှပါတယ်။ နေရာပြောင်းသွားတဲ့အခါ သူ့ရဲ့ ပုံစံလေးကလည်း ပြောင်းသွားတယ်။ သူများလှဖို့ သူ့ဘဝလေး ကြွေပေးရတာမျိုးတော့ မဖြစ်သင့်ဘူးလေ။ ထင် တွေးမိတာပြောတာပါ။ ငယ့်ကိုလည်း ထင် ပန်းပေးမှာမဟုတ်ဘူးနော်။ ပန်းနဲ့လည်း ငယ်က မလိုက်ပါဘူး'

စကားကို လှအောင်ပြောတတ်တဲ့သူကြီးပေါ့။ သူ့စိတ်ထဲရှိတဲ့ အမှန်တရားကို စကားလုံးလှလှတွေနဲ့ ဖုံးထားတယ်။ ကိုယ်သိတာပေါ့။ သူကိုယ့်ကို ပန်းပေးချင်ရဲ့နဲ့ မပေးဝံ့ဘူးဆိုတာ။ ပေးချင်ရင်ပေးပေါ့။ ဘယ်သူက တရားလာစွဲမှာမို့လို့လဲ။ ဒီကလည်း ပန်းမကြိုက်ပါဘူး။ ငယ်ငယ်ကတည်းက ပန်းပန်လိုက်တိုင်း မလှဘူး မလိုက်ဘူး အရှက်လည်းမရှိဘူးဆိုတဲ့စကားတွေကြောင့် ပန်းပန်ချင်စိတ်ကို ရိုက်ချိုးပစ်ခဲ့တာ။ အခုလည်း မပန်ဘဲနဲ့ မလိုက်ဘူးလို့ ပြောခံရပြန်ပြီ။ အင်းလေ...ကိုယ်က မေးမိတာကိုး။

(၄)

အဲဒီနေ့ စကားပြောပြီး ကတည်းက အခုနောက်ပိုင်း သူ့ပုံစံတွေထူးခြားနေတယ်။ ကိုယ့်ကို ပြုံးပြတဲ့အပြုံးတွေကပါ အဓိပ္ပာယ်တွေ ပြောင်းလဲနေတယ်။ ကိုယ်ကပဲ သူ့ကို ဘာမှလုပ်မပေးလို့လား။ ဒါမှမဟုတ် ကိုယ့်အပေါ်ထားတဲ့ သူ့စိတ်တွေ ပြောင်းလဲနေပြီလား။ အမှန်တော့ အဲဒီနေ့ကတည်းက သူဘာဖြစ်လို့ ဒီစကားတွေ ပြောတာလည်း မေးခဲ့ရမှာ။ အခါတိုင်း တခြားယောကျ်ားလေးတွေကို ဒီ

**အဲဒီနေ့ စကားပြောပြီး ကတည်းက အခုနောက်ပိုင်း သူ့ပုံစံတွေထူးခြားနေတယ်။ ကိုယ့်ကို ပြုံးပြတဲ့ အပြုံးတွေကပါ အဓိပ္ပာယ်တွေ ပြောင်းလဲနေတယ်။ ကိုယ်ကပဲ သူ့ကို ဘာမှလုပ်မပေးလို့လား။ ဒါမှမဟုတ် ကိုယ့်အပေါ်ထားတဲ့ သူ့စိတ်တွေ ပြောင်းလဲနေပြီလား ...**

လောက် အာရုံမစိုက်ပါဘူး။ အခုကိုယ့်ကို စကားမပြောဘဲ သူ့သူငယ်ချင်းတွေနဲ့ စကားတွေ ပြောနေတယ်။

သူနဲ့ကိုယ့်ရဲ့ အကြောင်းကို တခြားသူတွေ သိနေကြလို့ ဆင်ခြင်နေတာလား။

ဒါပေမဲ့ သူနဲ့ကိုယ့်ရဲ့ အနေအထိုင်က တခြားသူတွေ ရိပ်မိစရာ အကြောင်းမရှိပါဘူး။ နှစ်ယောက်စလုံး တည်တည်ငြိမ်ငြိမ်လေးနေခဲ့ကြတာ။ ဖုန်းတောင်လူသိရှင်ကြားပြောခဲ့ဖူးတာမဟုတ်။ အခါတိုင်း ထမင်းစားဆောင်မှာ ထမင်းစားရင် ကိုယ်နဲ့ မျက်နှာချင်းဆိုင်နေရာမှာ ထိုင်တာ။ အခုကိုယ့်ကို ကျောပေးပြီး ထိုင်တယ်။ assignment တွေ အပ်ရမယ့်ရက်နီးလာရင်လည်း ပြီးပြီလားဆိုပြီး မပြီးသေးရင် ကူရေးပေးနေကျ။ ကိုယ်ကလည်း သူ့ကိုအားနာလို့ ကူမရေးခိုင်းတော့ပါဘူး။ သူ့ကိုချစ်တာမဟုတ်ဘဲ အသုံးချသလိုဖြစ်မှာလည်း စိုးမိတာကြောင့်ပါ။ ဒါပေမဲ့ ကိုယ်ရင်ထဲ တော်တော်ဟာနေတယ်။ အခုနောက်ပိုင်း ကိုယ်တော်တော်ခံစားရမှန်းသိလာတယ်။ နှစ်ကုန်ခါနီးလေ သူနဲ့ ခွဲရတော့မယ် ဆိုတဲ့အသိက ကိုယ့်ကို နှိပ်စက်လေပါ။ ကိုယ်စကားပြောမယ်လုပ်တိုင်း သူက ရှောင်နေတတ်ပြီ။ ကျောင်းပြီးတော့မှာမို့ ကိုယ့်အပေါ်သံယောဇဉ်ဖြတ်တာမျိုးလား။ သူဒီလိုလုပ်တော့ ကိုယ်သူ့ကို ဒီလောက်ထိချစ်မှန်းသိလာရတယ်။

ညတိုင်ဆို အိပ်မပျော်တော့ဘူး။ ကိုယ်ဘာအမှားတွေလုပ်လို့လဲ။ အမှန်ဆိုသူ ပွင့်ပွင့်လင်းလင်း ပြောသင့်တယ်။ အခုဘာမှမပြောဘဲ ကိုယ့်ကို...။ မျက်ဝန်းတွေကပါ လိုက်ပြုံးတတ်တဲ့ သူ့အပြုံးတွေ ကိုယ်မြင်ချင်မိတယ်။ အခုပုံစံ အခုအပြုံးတွေက သူနဲ့ နည်းနည်းလေးမှ မကိုက်ညီတဲ့အရာတွေပါ။ ဓာတုဗေဒလက်တွေ့စမ်းသက်မှုတွေ လုပ်ရတဲ့နေ့ကလည်း ကိုယ့်ကို စကားပြောဖို့ နေနေသာသာ ပြုံးတောင်မပြဘူး။ မပြောစဖူး တခြားမိန်းကလေးတွေနဲ့ စကားတွေ ပြောနေတယ်။ ကန်တင်းမှာလည်း ကိုယ်ထိုင်နေတဲ့ဆိုင်ဆိုရင် သူမလာတော့ဘူး။ ဆိုင်ပြောင်းထိုင်တယ်။ ကိုယ်စိတ်တွေ မွန်းကြပ်သလို သိပ်လည်း အားငယ်မိတယ်။ ကိုယ်ဘယ်လို စဉ်းစားရတော့မှာလဲ။ ဟိုတုန်းက ပြောခဲ့တဲ့ ကိုယ့်အတွက် သူအမြဲတမ်းရှိတယ်ဆိုတဲ့စကား။ အခုတော့ အဲဒီစကားမှာ အချိန်ကန့် သတ်ချက်တွေ ရှိနေပြီလား။ ဒါဟာ ရင့်ကျက်မှုဆိုရင် ဒီရင့်ကျက်မှုဟာ တည်နေရာမှားနေတဲ့ အရာတစ်ခုပါပဲ။ ကိုယ့်အချိန်တွေကို မျှော်လင့်ချက်တွေနဲ့ စတေးခဲ့ပေမယ့် အချိန်တွေသာ ကောင်းကင်ဘုံကို ရောက်သွားမယ်။ သူ့ဆီက ကိုယ်ရခဲ့တာက မက်ဆေ့ချ်လေးတစ်ခုရယ်ပါ။ ၂ နှစ်တာ သံယောဇဉ်တွေ ဖြစ်ခဲ့ကြတာ ဒီမက်ဆေ့ချ်ကို ပေးဖို့လား။ ဘာမှ မမေးချင်တော့ပါဘူး။ မှားယွင်းစွာ ရပ်တည်နေခဲ့တဲ့ ကိုယ့်အတွေးတွေကိုပဲ အပြစ်တင်ပါတယ်။ ဆုတောင်းလည်းမမှားခဲ့ကြသလို ကံကြမ္မာရဲ့ စီမံခန့်ခွဲမှုတစ်ခုအောက်မှာ ဖြစ်ပျက်ခဲ့ကြတာပါ။

အမှောင်ထဲကအလင်းကိုတွေ့တယ်လို့ ပြောရမလားပဲ။ ရည်ရွယ်ချက်မရှိပါဘဲတွေ့ခဲ့တဲ့ အလင်းပေါ့။ ချစ်ခြင်းမေတ္တာဟာ အရာအားလုံးကို စွမ်းဆောင်နိုင်တယ်ဆိုရင် ဆရာထင် စိတ်ချမ်းသာရမှာပါ။

အချိန်တန်လို့ အလင်းထဲမှာ ပြန်တွေ့ခဲ့ကြရင်ပေါ့။

'ဆရာဖြိုးငယ်လင်း ကျွန်မကို ဒီစားပွဲလေး ကူမပေးပါဦး'

လုပ်ဖော်ကိုင်ဖက် ဆရာမ တစ်ယောက်ရဲ့ ခေါ်သံကြောင့် အတွေးတို့ကို ဖြတ်ကာ ကြည့်နေမိသော ဖုန်းစခရင်ပေါ်က မက်ဆေ့ချ်ကိုပါ delete လုပ်ပြီးလှမ်းခဲ့လိုက်တယ်။ စိတ်ထဲမှာ စွဲမြဲနေရင် ရပြီမဟုတ်ပါလား။

ပုလဲသွင်

ညတိုင်ဆို
အိပ်မပျော်တော့ဘူး။
ကိုယ်ဘာအမှားတွေလုပ်လို့လဲ။
အမှန်ဆို သူ ပွင့်ပွင့်လင်းလင်း
ပြောသင့်တယ်။
အခုဘာမှမပြောဘဲ
ကိုယ့်ကို...။
မျက်ဝန်းတွေကပါ
လိုက်ပြုံးတတ်တဲ့
သူ့အပြုံးတွေ
ကိုယ်မြင်ချင်မိတယ် ...

# နတ်သားထောင်ချောက်

## ခိုင်ငြိမ်းချမ်း

(၁)

ကုမ္ပဏီစာရင်းကိုင် ကျွန်မဘဝ၊

'မခိုင်'

'ရှင် မအိ'

'နင် ဟိုသတင်းကြားပြီးပြီလား'

အနားနားကိုယ်တစ်ခြမ်းစောင်းပြီး သူ့ကိုယ် ဝဝဖိုင့်ကြီး အိကျလာတဲ့ ဟိုဘက်ခုံက မအိတစ်ယောက် စကားလည်းပြောရင်း လူလည်း အနားတိုးရင်းပေါ့။

'မကြားရသေးဘူး၊ ဘာလဲ မအိဖုန်း အကြွေးပေးလို့လား။ SME က ငွေထပ် ထုတ်ချေးပေးတော့မယ်တဲ့လား'

'အာ ဒီကောင်မလေး မဟုတ်ပါဘူး။ နင့်နောက်ခုံက ကိုမျိုးအကြောင်းပြောပြမို့'

အသံနိမ့်ပြီး အတင်းပြောနေတဲ့ မအိအသံကြောင့် ပြီးခဲ့တဲ့လကမှ မင်္ဂလာဆောင်လိုက်တဲ့ ကျွန်မတို့ ရုံးရဲ့ တစ်ဦးတည်းသော ယောကျ်ားလေး ကိုမျိုး ဘာဖြစ်လို့ပါလိမ့်လို့ တွေးမိတယ်။

ကျွန်မက ရုံးမှာဘယ်သူ့အကြောင်းမှ စိတ်ဝင်စားတာမဟုတ်ဘူး။ လစဉ်ဘယ် အလှကုန်ပစ္စည်းက ပရိုမိုးရှင်းပေးပြီး ဘယ်သူက အကြွေးရောင်းလဲ ဆိုတာရယ်။ လကုန်ရက်ကျွန်မပေးရမည့် SME အသေးစားစီးပွားရေးက တစ်ကျပ်တိုးရယ်။ နောက် စိတ်ဝင်စားတာတွေတော့ ရှိပါသေးတယ်။ ကျွန်မချစ်ရတဲ့သူရယ်။ စာမူခရယ်ပေါ့။

ကျွန်မရဲ့ ခရေဇီအဖြစ်ဆုံးက စာရေးစာဖတ်ခြင်းပါ။ ကျွန်မရဲ့ ကဗျာတစ်ပုဒ်စနှစ်ပုဒ်စတွေ ဆောင်းပါးလေးတစ်ပုဒ်နှစ်ပုဒ်လောက် စာစောင်တွေထဲ ပါဖူးတယ်။ ဒါလေးပါတာကို ရုံးကလူတွေ အမြင်မှာတော့ ကျွန်မက စာရေးဆရာမပေါ့။ ကုန်ကြမ်းဆိုပြီး လာလာပြောပြကြတာကို ကျွန်မကလည်း စိတ်ဝင်တစားနားထောင်ပေးရတယ်။ ကျွန်မစာရေးတာသိတဲ့ ပတ်ဝန်းကျင်ရဲ့ အားပေးမှုကို လေးစားသမှုနဲ့ပေါ့။

'မခိုင်ရေ ရပ်ကွက်က လင်မယားလေ ရန်ဖြစ်တာ မိန်းမက ဆေးရုံမှာ။ ယောကျ်ားက အချုပ်ထဲမယ်။ သူတို့ကလေးတွေက အဘိုးအဘွားတွေ လက်ထဲမှာ။ ကျွန်မပြောပြမယ်။ ဇာတ်လမ်းအစက ဒီလို...' အစချီကာ အတင်းမဟုတ်သော စကားများ လာလာပြောကြသေးတယ်။ ကျွန်မလည်း ပြောပြသမျှကုန်ကြမ်းမှတ်ထားတယ်။





ပါးပြင်ပေါ် အတားအဆီးမဲ့
စီးကျလာတာကတော့ ကျွန်မရဲ့
နာကြည်းမျက်ရည်များသာ။
ခြေလှမ်းများ ဒယိမ်းဒယိုင်လှမ်းကာ
အလုပ်စားပွဲနေရာကို
ဘယ်လိုရောက်ခဲ့မှန်းမသိပါ။
ကွန်ပျူတာ ပါဝါမပိတ်ဘဲ
ပလပ်ကို ဆွဲဖြုတ်လိုက်တယ် . . .

(၂)

ကျွန်မအသက်ကလည်း သစ်ရွက်လှုပ်တိုင်း ရင်ခုန်တဲ့အရွယ်လွန်လို့ သစ်ပင်ပြိုတာတောင် ရင်မတုန်တဲ့ သုံးဆယ့်ငါးနှစ်လေ။ ခပ်ငယ်ငယ်က အချစ်ရေးအိမ်ထောင်ရေးကျွန်မ စိတ်မဝင်စားခဲ့ဘူး။ စာမှစာဖြစ်ကာ အလုပ် သင်တန်းတွေထဲသာ ပျော်မွေ့နေခဲ့တယ်။ အခုတော့ ကျွန်မကိုယ်တိုင်ပထမဆုံး စိတ်ဝင်စားမိရတဲ့သူ၊ ကျွန်မရင်ထဲက ချစ်ရသူရှိနေပြီ။ ဟုတ်တယ်၊ သူဟာ ကျွန်မရဲ့ ပထမဆုံး ရင်ခုန်မိသူပါ။ သူဆိုတဲ့ ဦးကိုကိုပေါ့။ သူကတော့ ကျွန်မရဲ့ ကုမ္ပဏီအလုပ်ရှင် ဦး ကိုကိုပါ။ တစ်နည်း ကျွန်မရဲ့ နတ်သားလေး၊ ကျွန်မစိတ်ကူးထဲ ချစ်နေရတဲ့ ချစ်ဦးသူပေါ့။

အသက်ကြီးမှ ဝက်သက်ပေါက်တယ်ဆိုတဲ့စကား ကျွန်မအစက အဓိပ္ပာယ်ကို သေသေချာချာမသိခဲ့ပါ။ လက်တွေ့ကြုံမှ နဖူးတွေ့ဒူးတွေ့ကြုံမှ ကွက်ကွက်ကွင်းကွင်း သိခဲ့ရတယ်။ ခလုတ်ထိမှ အမိတတော့ ကျွန်မရဲ့နှလုံးသားလေး သွေးထွက်လွန်နေပြီလေ။

သူ့ကိုရင်ခုန်မိတော့လည်း မိန်းကလေးတန်မဲ့ ရေလာမြောင်းပေး အမူရာပိုမိတယ်။ အရှက်တရားနဲ့ ဂုဏ်သိက္ခာလွန်ဆွဲရင်း ကျွန်မ သူ့ကို ချစ်ခဲ့မိတယ်။ အလုပ်ရှင်အဖြစ်သာမကပဲ ကျွန်မတူမလေး သူငယ်ချင်းရဲ့ အဖေအဖြစ်ပါ ခင်မင်မှု အတိုင်းအတာပိုခဲ့တယ်။ မုဆိုးဖိုတန်မဲ့ ရှင်းသန့်တည်ကြည်သော သူ့အပြုံးအောက် ကျွန်မရဲ့ သုံးဆယ့်ငါးရင်ခုန်သံက တာကျိုးဆည်လို့ သစ်ပင်ပါအမြစ်လှန်၊ မြည်ဟီးသံက မိုးသို့ညံနေခဲ့ရတယ်။

နီးစပ်မှုထက် သူ့ကိုလေးစားမှုပိုကာ ကျွန်မရဲ့အချစ်တွေ ပိုနေခဲ့တာပါ။ အသက်အရွယ် အတွေ့အကြုံ အရ ကျွန်မရင်ထဲက စကားလုံးကို အပြင်မှာတော့ လူတကာမမြင်စေပါဘူး။ ထိန်းချုပ်ခြင်း အတတ်ပညာနဲ့ ကျွန်မ ဟန်ဆောင်ထားနိုင်ခဲ့တယ်။ သေချာတာတစ်ခုကတော့ အချစ်မှာ မျက်စိမရှိဘူးဆိုတာက အမှန်ပါ။ တစ်ခုလပ်မုဆိုးဖိုကို စိတ်ဝင်စားရင်ခုန်မိတဲ့ ကျွန်မရဲ့ အချစ်က လေးနက်လွန်းပါတယ်။ သူရုံးလာတိုင်း လှည့်ကြည့်ပြုံးပြတတ်တဲ့ သွားစွယ်လေးနဲ့ အပြုံးက ကျွန်မအတွက်တော့ ဗီတာမင် အပြည့်ပေးနေတဲ့ အားဆေးလေးပေါ့။

ကိုယ့်ဇယားနဲ့ ကိုယ်ရှုပ်နေတတ်တဲ့ ကျွန်မ၊ ကျွန်မကို ဘာကဘယ်လို ဘယ်သူက ဘယ်လိုဆိုတာ တစ်ယောက်ယောက်လာမပြောသရွေ့ ဘာမှမသိသူပါ။ အခုလည်းမအိပြောတဲ့ ‘ကိုမျိုး ဘာတွေဖြစ်နေလဲ ’ဆိုတာကို သတိမထားမိခဲ့တာအမှန်ပါ။

‘ကိုမျိုးဘာဖြစ်လို့လဲ’

‘အေးအေး ပြောပြမယ် ပြောချင်တာမနက်ထဲက၊ ကိုမျိုးမိန်းမက မအိဆီဖုန်းဆက်တိုင်ထားတယ်ဟ။ နင်သိတဲ့အတိုင်း သူ့မိန်းမဖြူဖြူ အမေက ငါ့အဒေါ်သူငယ်ချင်းဆိုတာ။ ကိုမျိုးနဲ့ပတ်သက်ပြီး ငါ့ကို ရင်ဖွင့်တယ်ပေါ့ဟာ’

ပြောရင်းကနေ ခုံပါမပြီး ကျွန်မရဲ့ စားပွဲနားဧွေ့ခနဲ သူ့ခန္ဓာကိုယ်နဲ့ မတန်အနားရောက်တာက မအိပါ။

‘ဒီလိုဟေ့’ ဟု အစချီကာ..ကိုမျိုးမိန်းမ ဖြူဖြူရဲ့စကားများကို ဖောက်သည်ချနေပါတော့တယ်။

အစ်မတွေကြား နေခဲ့ရလို့ မိန်းကလေးတွေအပေါ် ညင်ညင်သာသာဆက်ဆံတတ်တဲ့ ကိုမျိုးအကြောင်း။ ဖြူဖြူ့ကိုလည်း ဘယ်လို အလိုက်တသိ အလိုလိုက်ကြောင်း။ ဒါပေမဲ့ ဖြူဖြူက ကိုမျိုးကိုယောကျ်ား ပီပီသသကြီး ချစ်ချင်ကြောင်း။

ဖြူ့ယောက္ခမ ကိုမျိုးအမေက လည်လည်ဝယ်ဝယ် မိန်းမများနဲ့တွေ့ပြီး ကိုမျိုးဘဝပျက်မှာ စိုးရိမ်နေလို့ ဖြူဖြူနဲ့စပ်ဟပ်ပေးစားခဲ့ကြောင်း။ ကိုယ်ချစ်သလိုပြန်ချစ်လိမ့်မယ်လို့ ဖြူ အိမ်ထောင်မကျခင်ထိ ယုံကြည်ခဲ့မိတာတဲ့ အကြောင်းဆိုပြီး ကိုမျိုးမိန်းမ ပြောတဲ့အတိုင်း မအိတစ်ယောက် ကျွန်မကိုပြောပြနေပါတော့တယ်။ ခဏကြာတော့ မောသွားလို့ ထင်ရဲ့။ ပြောရင်းကနေ မအိ ရေတစ်ခွက်ထသောက်လိုက်သေးတယ်။

‘ကိုမျိုးခေတ်ပုံလေးကို ပထမဆုံးအချိန် မြင်စဉ်ခဏမှာ အချစ်ဆိုတာကိုဖြူဖြူသိလာရတာဆိုပဲဟ။ ဟီး ငါတို့ကတော့ သူယောကျ်ားကို ယောကျ်ားလို့မမြင်တာကခက်သား နော်မခိုင်’

ပြုံးစစနဲ့မအိအမေးကို ကျွန်မလည်းခေါင်းငြိမ့်ထောက်ခံလိုက်တယ်။ ဟုတ်တယ်လေ။ ဘယ်နှယ့် ဖြူဖြူနွဲ့နွဲ့နဲ့ မပွင့်တပွင့် ပြောဟန်နဲ့ ကိုမျိုးကို ကျွန်မစိတ်ထဲရုံးစဝင်ကတည်းက ကြည့်မရခဲ့ပါ။ မိသားစုထဲ အစ်မများကြားနေခဲ့ရသူအထွေးဆုံးသားလေးမို့ အနေအထိုင်ကအစ ညင်သာပျော့ဖတ်နေလို့ ကျွန်မကြည့်မရခဲ့ဘူး။ တစ်ဦးကမေတ္တာ တစ်ဦးကစေတနာများလား မသိပါဘူး။ ကိုမျိုးကလည်း ကျွန်မကို ကြည့်မရတဲ့ပုံပင်။ တစ်ခြားသူတွေနဲ့ စကားပြောတိုင်း ပြုံးမြမြ သူ့မျက်နှာက ကျွန်မကို စကားပြောရင်တော့ နှုတ်ခမ်းကိုက်ပြီး မကျေနပ်သလိုမျိုး မဲ့ပြုံးအသွင်ဆောင်လို့လေ။ တကယ်တော့ သူများအကြောင်းပြောဖို့ကျွန်မတို့ ကုမ္ပဏီမှာအချိန်အပိုမရှိပါဘူး။ ခါတိုင်း အကြောင်းအရာတစ်ခုကို ရှည်ရှည်ဝေးဝေး သိပ်မပြောတတ်တဲ့ မအိတစ်ယောက် အခုတော့ ကိုမျိုးအကြောင်းကို အားရပါးရဆက်ပြောနေတယ်လေ။

‘ကောင်မလေးဖြူဖြူကသာ ချစ်သလောက် ကိုမျိုးသဘောထားက အေးစက်စက်ဆိုပဲ။ သူ့အမေစကား မငြင်းရဲတဲ့သားလိမ္မာတို့ ထုံးစံအတိုင်း မိဘတွေပေးစပ်ကြလို့သာ ကိုမျိုးကဖြူဖြူ့ကို ယူ

ရတာတဲ့လေ။ ဖြူနဲ့မညားခင် တစ်လ လောက်က အသည်းကွဲခဲ့ဖူးတယ်ဆိုပဲ။ ဘယ်လိုမှ မဖြစ်နိုင်လို့ သဘောမတူနိုင်လို့ သူ့မိဘတွေဘက်က အတင်းခွဲခဲ့ရတယ် ဆိုပဲ။ ဒီကိစ္စကို ဖြူဖြူကလက်ထပ်ပြီးမှ သိခဲ့ရတာတဲ့လေ။ သနားပါတယ်ဟာ။ အခုလည်း ကြည့်ပါလား လက်ထပ်တာမှ တစ်လမပြည့်သေးဘူး။ မိန်းမအနားကို မကပ်ဘူး။ အချိန်ပြည့် ရုံးမှာအိုဗာတိုင် ချည်းလိုမ့်ဆင်းနေတာ ငါတို့အမြင်ပဲလေ။ ငါတို့ကသာ ဘယ်အချိန် ရုံးဆင်းရမလဲ နာရီတကြည့်ကြည့်ဖြစ်နေတာ။ ဒင်းက တော့ အိမ်မပြန်ရပြီးရော လုပ်နေတာ။ ဖြူဖြူသနားစရာနော်။ ဖြူဖြူ့စိတ်ထဲက ခံစားချက်တွေက မိန်းမချင်းကိုယ်ချင်းစာ ပါတယ်ဟာ။ သူ့နေရာမှာ မအိသာဆိုရင် တော့ အခုချိန် ပွဲထကြမ်းလိုက်မယ်။ ဖြူဖြူ့လိုတော့ ငိုမနေဘူးဟ'

'အေးလေ မအိရယ်။ ငိုစရာလား။ မျက်ရည်ဆိုတာ လွယ်လွယ်ထွက်သင့်တဲ့ အရာမဟုတ်ဘူးလေ။ သူကြင်မှကိုယ် ကြင်ပေါ့။ ခုဟာက ယူထားပြီးမှ အရင် တစ်ယောက်ကို စိတ်ထဲထားစရာလား။ တကယ် ဘယ်လိုယောကျ်ားမှန်းကို မသိ ပါဘူးနော်။ စိတ်ပျက်စရာကြီး'

'အေးလေဟာ။ ကိုမျိုးက ရုပ်ကလေး သနားကမားနဲ့ မထင်ရဘူးနော်။

'ဟုတ်တယ်နော် မအိရယ်။ မထင်ရ ဘူး။ ဒီကောင်လေး မိန်းမရတောင် ခြေ မငြိမ်ဘူးပေါ့။ ယောကျ်ားတွေများ ကြောက် စရာကောင်းလိုက်တာနော်'

'ခြေများတာက မိန်းကလေးဆိုတော် သေး။ ခုတော့အေ။ မိန်းမလည်းယူပြီးပြီ။ ယူတာမှ တစ်လမပြည့်သေးဘူး။ အရင် ကိုမျိုးနဲ့ ပတ်သက်ခဲ့တဲ့သူက...'

မမအိစကားမဆုံးခင် 'ကျွိ' ခနဲကား ရပ်သံကြောင့် ကျွန်မနဲ့ မအိ စကားစပြတ် သွားတယ်။

♥♥♥♥♥

(၃)

လူချင်းခွာ၊ ခုံနေရာတွေရွှေ့ထိုင် ရင်းမှ မအိက

'နောက်မှဆက်ပြောပြမယ် သိလား မခိုင်၊ မနေ့ကသူတို့ ၂ လပြည့်လုပ်တာ ပေါ့' လို့ အနောက်စားပွဲကို မသိမသာ မေးငေါ့ပြရင်း သူ့နေရာကို ပြန်သွားတော့ တယ်။

ကုမ္ပဏီရှေ့က ကားတံခါးပိတ်သံ အဆုံး တည်ကြည်ဩဇာအပြည့်နဲ့ 'မင်္ဂ လာပါ၊ အားလုံး ကြိုးစားပေးကြပါဦးနော်' လို့ စကားသံလေးကို စကြားရပါတော့ တယ်။ အသံလေးက နားဝင်ပီယံရှိလိုက် တာ။ အမယ်အသက်ရှည်ဦးမယ့် မောင် မင်းကြီးသား ကိုမျိုးက ဦးကိုကိုကားနဲ့ပါ လာလို့ပါလား။ လမ်းမှာ ကိုမျိုးကိုတွေ့လို့ ကားကြုံခေါ်တင်ခဲ့တာနေမယ်။ ကျွန်မ နတ်သားလေးက စိတ်ထားပြည့်ဝသူ တစ်ယောက်လည်း ဖြစ်နေသေးတယ် လေ။

'မောနင်းနော် ခိုင်'

အသံပိုင်ရှင်က ကျွန်မရဲ့နတ်သား လေး ဦးကိုကိုပေါ့။ သေသပ်လှပလွန်းစွာ မိုးပြာရောင် ရှပ်အစင်းကြားကို စတိုင် အပြည့်ဝတ်ထားသူက ကျွန်မရှိရာ စားပွဲ ဘက် လှမ်းကြည့်နှုတ်ဆက်သွားတယ် လေ။ ကျွန်မရင်ထဲမှာ တဒိန်းဒိန်းနဲ့ အချစ်နတ်က ဗုံတီးနေလို့။ ကျွန်မမျက် လုံး အရိပ်ထောင့်စွန်းမှာ အခုမှကျွန်မ အနောက်စားပွဲမှာ ဝင်ထိုင်လိုက်တဲ့ ကို မျိုးလည်း ဦးကိုကို ကို လက်ပြနှုတ်ဆက် နေ သလားလို့။ ကျွန်မရဲ့ နတ်သားလေး ကတော့ ထုံးစံအတိုင်း အပြုံးလေးတစ်ပွင့် ခြွေချသွားတယ်လေ။ ကျွန်မပြန်ပြုံးပြ လိုက်တဲ့ ရက်ပြုံးကို သူလှမ်းမမြင်လိုက်ရဲ့ လားကွယ်။ သူက ကျွန်မတစ်ယောက်ထဲ အမည်တပ်ကာ ကွက်ပြီး နှုတ်ဆက်သွား လို့လေ။ ဘေးစားပွဲက မမအိဆီက မျက်

ခုံးပင့် နှုတ်ခမ်းကိုမဲ့ပြနေတာကို တွေ့ လိုက်ရတယ်။ တစ်ခုခုပြောချင်နေတဲ့ ပုံကြီးနဲ့ မအိကို ကျွန်မ မသိဟန်ဆောင် နေလိုက်တယ်။

ထူးမခြားနား ကျွန်မနဲ့ ဦးကိုကို တို့ ဇာတ်လမ်းက အခုရက်ပိုင်းမှာတော့ ကံကောင်းခြင်း လမ်းစတွေ မြင်နေရ တယ်။ သူက သူ့သမီးလေး အကြောင်း ပြောကျွန်မကလည်းကျွန်မရဲ့တူမလေး အကြောင်းပြောရင်း ဆွေးနွေးဖြစ်တယ် လေ။ လူမှုရေးအသိများလည်း အပြန် အလှန် မျှဝေဖြစ်တယ်။ နွေးထွေးလှတဲ့ သူ့စကား အရိပ်အယောင်ထဲ သံယောဇဉ် အကြင်အနာလေးတွေကို ကျွန်မမြင်နေရ တယ်။ ကျွန်မတို့ နှစ်ယောက်ရဲ့ အခြေ အနေက အတိအလင်း ဖွင့်မပြောဖြစ်ကြပေ မယ့် သူငယ်ချင်းမက သမီးရည်းစားမကျ အခြေအနေတစ်ရပ်ပေါ့။ သေချာတာ တစ်ခုကတော့ မိတ်ဆွေ သံယောဇဉ် အဆင့်ကို ကျော်လွန်နေပြီလေ။ သူနဲ့ ကျွန်မ တစ်ခါတရံ ဖုန်းဆက်ဖြစ်သလို၊ ကုမ္ပဏီ ပိတ်ရက်၊ ကလေးတွေ ကျောင်း ပိတ်ရက်တွေဆို အပြင်မှာ ဆုံဖြစ်ကြ တယ်။ တစ်ခါတလေတော့ facebook ရဲ့ ChatBox ထဲကနေ စာတိုပို့ရင်း စနောက်ဖြစ်ကြတယ်။ နွေးထွေးအကြင် နာပါတဲ့ သူ့စကားလုံးတွေအောက် ကျွန်မရဲ့ အမှုပိုတဲ့စိတ်တွေက တဖြည်း ဖြည်း အရည်ပျော်ကျခဲ့ရတယ်။

မနေ့ညကတော့ မှတ်မှတ်ရရပါ။ မနေ့ကသူ ဗြုန်းစားကြီး နှင်းဆီပန်း အပွင့်တစ်ရာပုံတွေ ပို့ပေးတယ်လေ။ ကျွန်မရဲ့ ရန်ခုန်သံတွေ အကျယ်ဆုံးည ပေါ့။ ပျော်လိုက်တာ။ သူပို့ပေးတဲ့ နှင်း ဆီအပွင့်တစ်ရာရဲ့ အဓိပ္ပာယ်က ဘာလဲ ဆိုတာသိအောင် ကျွန်မကြိုးစား ရမယ်။ သူ ဘာကိုပြောချင်လဲ နော်။ အိုး ရက် လိုက်တာ ကျွန်မရဲ့အသက် တစ်ဝက် ကျော်ကျော် ပိုငယ်သွားသလား အောက်

မေ့မိပါရဲ့။ ဟင်းဟင်း ကျွန်မ ဘာတွေ တွေးနေပါလိမ့်နော်။

ကျွန်မတို့နှစ်ယောက်အခြေအနေကိုလည်း မမအိ သိချင်နေပုံရတယ်။ ကျွန်မကလည်း အရင်ကမသေချာသေးလို့ မမအိကို ဘာမှမပြောပြဖြစ်ပါ။ ညက ကိစ္စကိုတော့ ပြောပြချင်နေတာ တစ်ပိုင်းတောင်သေနေပြီ။ တကယ်ဆို အခု မနက်ပိုင်းမှာ မအိကို ပြောပြမယ် စိတ်ကူးထားတာလေ။ အရေးထဲ ဟိုကောင်လေး ကိုမျိုးနဲ့ သူ့မိန်းမကိစ္စ ကြားဖြတ်ကြေငြာဝင်လိုက်တော့ ညက ကိစ္စတောင် မအိကို ပြောဖြစ်လိုက်တော့ဘူး။ နောက်နေ့မှ အေးအေးဆေးဆေး ကျွန်မ ပြောပြတော့မယ်လို့ စဉ်းစားထားတယ်။ အခြေအနေက ကျွန်မထင်ထားတဲ့အတိုင်း ဖြစ်လာတယ်လေ။ တော်တော်လေး တိုးတက်လာတဲ့ ကျွန်မနဲ့ ဦးကိုကိုတို့ အခြေအနေကကြာလေ အနှောင့်အယှက်မရှိလာလေပါပဲ။ လွန်ခဲ့တဲ့ တစ်လ နှစ်လကအထိ အဆင့်တက်စရာ လမ်းစမရှိတဲ့ ဆက်ဆံရေးက ခုထိ ဖွင့်ပြော အဖြေပေးတဲ့အဆင့်ကို ရောက်လုနီးနီးဖြစ်နေတယ်။

မအိစကားတွေကြောင့် အနောက်စားပွဲက..ကိုမျိုးကို ကျွန်မတစ်ချက်လှမ်းကြည့်လိုက်တယ်။ အမယ် ဒင်းက ကျွန်မကို စူးစူးရဲရဲ ကြည့်နေလို့ပါလား။ သူ့ရဲ့ အနီရောင်အင်္ကျီနဲ့အပြိုင် မျက်လုံးက အရောင်လည်း နီနေသလိုလို၊ ငိုထားသလိုလို။ ကျွန်မလှမ်းကြည့်တာကို လှမ်းပြီး မျက်စောင်းတစ်ချက် ဝင့်သွားတဲ့ကိုမျိုး။ စိတ်ထဲဒေါသတောင် နည်းနည်းထွက်သွားသလိုပဲ။ ကျွန်မစိတ်ထဲ 'ဘာလားဟ၊ ဘလိုင်းကြီး မျက်စောင်းလှမ်းထိုးရတယ်လို့။ ငါတို့ သူ့အကြောင်းပြောတာ သိနေလို့လား။ အမယ်လေးဟဲ့ သူ့မိန်းမက ဘယ်နေရာကို ကြိုက်တာပါလိမ့်နော်' လို့ တွေးလိုက်မိပါတယ်။

အနောက်စားပွဲကနေ ကိုမျိုးတစ်ယောက် ဖိုင်တွေ'တဝုန်းဝုန်း'မြည်အောင် ပစ်ချနေပြီး ဆူညံနေတာများ သူ့မိန်းမနဲ့ အဆင်မပြေမှုများက ကုမ္ပဏီထိပါလာပုံပင်။ ကျွန်မလည်း သူ့ကို ဂရုမစိုက်အားတော့ပါဘူး။ တစ်နေ့တာအတွက် စားပွဲပေါ်က ကျွန်မအလုပ်များနဲ့ ကျွန်မလုံးလည်ချာလည်ရင်း အလုပ်ထဲအာရုံနစ်မျောသွားပါတော့တယ်။ ခုဏက ကိုမျိုးအကြောင်းပြောပြီး လေကန်ခဲ့တာတွေကို သတိမရနိုင်တော့ပါ။

♥♥♥♥♥

(၄)

'မခိုင် ..မအိပြန်ပြီနော် မနက်က စကားတောင် မဆုံးလိုက်ဘူးဟယ်။ နောက်နေ့မှ ဆက်မယ်' လို့ နှုတ်ဆက်ပြန်သွားပြီ။ မအိကို 'ဟုတ်...ဟုတ်' လို့သာ ပြောလိုက်နိုင်တဲ့ကျွန်မ။ လချုပ်စာရင်းတွေက ကွာ၊ စာရင်းတွေကအောက်က တက်လာကတည်းကလွဲနေတော့ data အစအဆုံး ပြန်ကောက်ရတယ်။ မနက်ဖြန်က လစာထုတ်ပေးရမှာဆိုတော့ ကျွန်မ အလုပ်များပေဦးမယ်။ ဘဏ်သွားရပေဦးမယ်။ ဒီနေ့အလုပ်အားလုံးပြီးမှ ဖြစ်မယ်။

လကုန်ရက်များလိုက်တဲ့အလုပ်၊ လိုင်စင်သက်တမ်းတိုးဖို့ လုပ်ရ၊ အဝင်ပြေစာ။ အထွက်ပြေစာ၊ စာရင်းသွင်းရ၊ အမှာစာတွေပါ fax တွေ လက်ခံရနဲ့ များလိုက်တဲ့ အလုပ်ကျရက်ပါ။ အရေးထဲ ကွန်ပျူတာ Error တက်လို့ ဆိုင်ပြေးရတာ။ နေ့လယ်စာကို ခါတိုင်း မအိနဲ့အတူ စားနေကျ။ ကွန်ပျူတာပြင်ရင်း ရုံးအတွက် တစ်လစာ စာရေးကိရိယာ ပါဝယ်ဖြစ်တယ်။ အပြင်မှာ နေ့လယ်စာကို စားလိုက်ရတဲ့ အဖြစ်ပါ။ ဒီနေ့အတွက် ပက်လက်လန်တဲ့အထိ မောရတယ်။

ရုံးဆင်း(၅)နာရီ ကျော်တာတောင် ကျွန်မ မသိလိုက်တဲ့အဖြစ်၊ ခါတိုင်း (၄) နာရီအတိဆို အချိန်မှန် ရုံးဆင်းတဲ့ကျွန်မ။

'ဒုန်း'

ကျွန်မရဲ့ နတ်သားလေးရုံးခန်းက အသံပါလား။ စာရိုက်လက်စ file ကို ကွန်ပျူတာထဲ save ကာ ခလုတ်မပိတ်ဘဲ ဖွင့်လျက်အနေအထားအတိုင်း ထားခဲ့မိတယ်။ ခြေလှမ်းက ကျွန်မအရမ်း သိချင်နေတဲ့ နတ်သားလေး အခန်းရှိရာဘက်ကို ပေါ့။

ဒါဆို ကျွန်မရဲ့နတ်သားလေး မပြန်သေးဘူးပေါ့။ သူ...သူက ကျွန်မကို စောင့်နေတာများလား။

'ဟင် စကားပြောသံတွေပါလား။ အားလုံးရုံးဆင်းသွားကြတာ မဟုတ်ဘူးလား။ ဘယ်သူနဲ့ ပြောနေပါလိမ့်'

ကျွန်မအတွေးတွေနဲ့ စဉ်းစားပြီး ဦးကိုကိုရဲ့ ရုံးခန်းမှန်တံခါးနားအရောက်၊ အထဲကနေ အနီရောင်နဲ့ အပြာရောင် အရိပ်တို့ကို လှမ်းမြင်လိုက်ရတယ်။

'ဘုရား...ဘုရား...'

'မဖြစ်သင့်ဘူး... မဖြစ်သင့်ဘူး...'

'ဒါဆို..ဒါဆို...'

'သူတို့က...သူတို့က....'

မြင်လိုက်ရတဲ့ ရုံးခန်းအတွင်းက ပုံရိပ်တွေကို ကျွန်မ ခံနိုင်ရည် မရှိခဲ့ပါ။

ပါးပြင်ပေါ် အတားအဆီးမဲ့ စီးကျလာတာကတော့ ကျွန်မရဲ့ နာကြည်းမျက်ရည်များသာ။ ခြေလှမ်းများ ဒယိမ်းဒယိုင်လှမ်းကာ အလုပ်စားပွဲနေရာကို ဘယ်လိုရောက်ခဲ့မှန်း မသိပါ။ ကွန်ပျူတာ ပါဝါမပိတ်ဘဲ ပလပ်ကို ဆွဲဖြုတ်လိုက်တယ်။ လက်ဆွဲအိတ်ကို အလျင်မြန်ဆုံး ဆွဲယူလိုက်တယ်။ ဒင်းတို့နဲ့ ဝေးရာ ကုမ္ပဏီ အပြင်ဘက်ဆီသို့ အပြေးလေး ထွက်လာမိပါတော့တယ်။

♥♥♥♥♥

(၅)

'မနေ့က ၂ လပြည့်အထိမ်းအမှတ် နှင်းဆီအပွင့် တစ်ရာနဲ့ နှစ်ယောက်ထဲ ပွဲလုပ်တယ်တဲ့ အေ'

ကြားယောင်ရင်း၊ ဝေးရာ၊ ဝေးရာ နေရာသို့ အပြေးကလေးပြေးထွက်ခဲ့ရသူ က ကျွန်မပေါ့။

ဆုံးရှုံးသွားတဲ့ အရာတစ်ခုအတွက် ခြေလှမ်းများက အပြင်ဘက်သို့သာ။ ကမူးရှူးထိုး အပြေးတပိုင်းလှမ်းလျက်။

'ပြန်ပြီလားတူမကြီး မခိုင်။ ထုံးစံ အတိုင်း ရုံးဆင်းနောက်ကျတဲ့ မောင်မျိုးနဲ့ ဆရာတို့ပဲကျန်တော့ တယ်ထင်တယ်။ မခိုင်ဒီနေ့ အလုပ်များတယ်ထင်ရဲ့။ ခါတိုင်း နေ့ ရုံးဆင်းချိန်တွေ နောက်မကျ တတ်ပါဘူး'

ရုံးစောင့်ကြီး ဦးထွန်းလူကို ဘာ စကားမှ ကျွန်မ ပြန်မပြောမိ။ ကျွန်မ ဒီ နေရာကနေ အမြန်ဆုံး ထွက်သွားချင်နေပြီလေ။

ရုံးအရှေ့ TAXI ဂိတ်မှ ကားကို လက်ယပ်ခေါ်လိုက်မိတယ်။ ထိုးရပ်လာတဲ့ TAXI ပေါ်တက်ထိုင်ပြီး ဈေးမမေးနိုင်ခဲ့ပါ။ 'မောင်းမောင်း' လို့သာ ကားဆရာကို မောင်းခိုင်းလိုက်မိတယ်။ မျက်ရည်ရော နှပ်ရောမထွက်အောင် ထိန်းချုပ်ထားရတဲ့ ကျွန်မကို ကားဆရာက နောက်ကြည့်မှန်မှ အကဲခတ်နေလေရဲ့။

'တီ တီ တီ'

အရေးထဲ ဒီအချိန်ဖုန်းက လာရတယ်လို့။

'ဟယ်လို'

'မခိုင်လေး ငါ မအိပါ။ နင်အိမ်ရောက်နေပြီလား။ မနက်ကကိစ္စ ဆက်ပြောချင်လို့အေ။ ကိုမျိုးနဲ့ boy to boy ချစ်သူက တစ်ခြားသူမဟုတ်ဘူး။ ငါတို့ဆရာ ဦးကိုကို...'

နားထောင်နိုင်စွမ်းမရှိလို့ ဖုန်းကို power off လိုက်တယ်။ ထိန်းချုပ်ထားတဲ့ မျက်ရည်များက မျှော်လင့်ချက်တာ ကျိုးသလို ပိုးပိုးပေါက်ပေါက် ကျလာပါတော့တယ်။

ကျွန်မအဖြစ်အပျက်ကို အကဲခတ်မိသော ကားဆရာက အာရုံပြောင်းအောင် ကားကက်ဆက်ကို လှမ်းနှိပ်လိုက်ပုံရတယ်။ ကားကတ်ဆက်ထဲက ထွက်လာတဲ့ သီချင်းကတိုက်တိုက်ဆိုင်ဆိုင်...

'မင်းကနတ်သားလား ဟေး ဟေး'

'ချစ်ဖို့တကယ်ကောင်းလား ဟေး ဟေး'

'မိုးထက်ကဆင်းသက်ကျ'

'သိကြားမင်းက တွန်းကာချ'

'ကိုး ရိုးကားရား ပုံကြွေကျ'

နီနီခင်ဇော်ရဲ့ 'ဂယ်ဘဲ ဂယ်ဘဲ' သီချင်းကြောင့် ထိန်းချုပ်ထားတဲ့ ကျွန်မ မျက်ရည်တွေက ရှိုက်သံထွက်တဲ့ အထိ တာကျိုးကုန်ပြီလေ။ ကျွန်မ နတ်သားထောင်ချောက်မိခဲ့တာပါလား။ လုပ်ရက်လိုက်တာ ဦးကိုကိုရယ်။ စိတ်ထဲက ရှက်ဒေါသကို အပြင်ဘက်ကကားဆရာအပေါ် ပုံချလိုက်တဲ့ကျွန်မ...

'ဒီမှာ ကားဆရာ သီချင်းပိတ်မလား၊ ကျွန်မ ကားပေါ်က ခုန်ချလိုက်ရမလား'

'ဗျာ'

ကျွန်မစကားကြောင့် ကားဆရာ ကြောင်နနဖြစ်ကာ ကားကို ကားလမ်းဘေးသို့ ထိုးရပ်လိုက်ပါတော့တယ်။

ပြီး

နိုင်ငြိမ်းချမ်း

> ကျွန်မအတွေးတွေနဲ့
> စဉ်းစားပြီး ဦးကိုကိုရဲ့
> ရုံးခန်းမှန်တံခါးနားအရောက်၊
> အထဲကနေ အနီရောင်နဲ့
> အပြာရောင် အရိပ်တို့ကို
> လှမ်းမြင်လိုက်ရတယ်။
> "ဘုရား...ဘုရား..."
> "မဖြစ်သင့်ဘူး...
> မဖြစ်သင့်ဘူး..."
> "ဒါဆို..ဒါဆို..."
> "သူတို့က...သူတို့က...."




Photo : amazon.com

# ကောင်းကင်ပျောက်သော တိမ်စိုင်လေးများ

ဘိုရောင်ဖွဲ့

တစ်လှမ်း...နှစ်လှမ်း...သုံးလှမ်း...။

လေးလှမ်းမြောက် ခြေလှမ်းတွင် ကျွန်တော်သူ့ကို မြင်တွေ့လိုက်ရ၏။ တဲတန်းလေးဘေး ကျွန်တော်ရပ်သော နေရာနှင့် နှစ်တဲကျော် တံစက်မြိတ်တွင် ကျွန်တော်ရှာနေသော ကောင်လေး ချစ်ထူး။

'ချစ်ထူး... ဟေး...ချစ်ထူး...'

ကျွန်တော်တို့အဖွဲ့ကို မြင်သည်နှင့် အိမ်ကြိုအိမ်ကြားမှနေ၍ ပြေးထွက်သွားသော ချစ်ထူးကို ကျွန်တော်လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ ကျွန်တော်၏ ခေါ်ဆိုမှုကို ချစ်ထူးကသိပ်ဂရုစိုက်ပုံမပေါ်။ ကန့်ကလျလေး ပြေးကာဖြင့် အလျင်စလို ပုန်းလျှိုးပျောက်ကွယ်သွား၏။

ကျွန်တော်က 'ဒီကလေးနှယ်' ဟု ခပ်ဆဆတွေးရင်း နှုတ်ခမ်းထောင့်စွန်းလေးလှုပ်ခါရုံပြုံးကာ ခေါင်းကိုတစ်ချက်နှစ်ချက်ခါလိုက်သည်။



'ဘာဖြစ်ပြန်ပြီလဲ ကို...'

ကျွန်တော့်အနီးသို့ လျှောက်လာသော ထက်ပိုင်က စူးစမ်းလိုမှုဖြင့်မေး၏။

'ချစ်ထူးလေ ထွက်ပြေးသွားပြန်ပြီ...'

ထက်ပိုင်သည် လေအဝှေ့တွင် နဖူးပေါ်လွင့်ကျလာသော သူ့ဆံပင်စကို ပြန်သပ်တင်ပြီး မျက်ခုံးနှစ်ဖက်ကို ခပ်ပါးပါးလေးကျုံ့ကာ 'ထားလိုက်ပါတော့ ကိုရယ်...' ဟု ပေါ့ပေါ့တန်တန်ပြန်ပြော၏။

ပြီးနောက် ထက်ပိုင်က တခြားအဖွဲ့ဝင်များဆီ ပြန်သွားလေသည်။

ချစ်ထူးဆိုသည့်ကလေးကို ထက်ပိုင်ပြောပြထား၍ နာမည်ကိုတော့ သူရင်းနှီး၏။ ချစ်ထူး၏ ထူးခြားချက်က တခြားကလေးများနှင့်မတူ ကော်ရှူခြင်းမရှိ၊ လုယက်ရမ်းကားခြင်းမရှိ၊ တစ်ယောက်ထဲသာ အေးအေးဆေးဆေးငေး ငိုင်နေတတ်၍ တွေဝေခြင်းနှင့်သာ အမြဲဖြစ်နေသည်။ ထိုသို့ တွေဝေနေနေရာမှ ကျွန်တော်တို့အဖွဲ့ကို မြင်သည်နှင့် ထွက်ပြေးတိမ်းရှောင်တတ်သည်ကလည်း သူ့အကျင့်တစ်ခုပင်။

ထက်ပိုင်က ချစ်ထူးအပေါ် အခုလိုသဘောထားသည်က ယခုသည် ပထမဆုံးအကြိမ်မဟုတ်...။ ယခင်အခါများကလည်း ယခုလိုပင်။ တစ်ခြားကလေးများကို ကိုယ့်သွေးရင်းသဖွယ် မေတ္တာထား ပြုစုယုယတတ်သော ထက်ပိုင်၏ စေတနာသည် ချစ်ထူးအပေါ်ဆက်ဆံရာတွင်တော့ ခါးသက်လွန်းနေပါ၏။ ချစ်ထူးအကြောင်း စကားစလျှင်ပင် သိပ်အလေးထားမှုမရှိဘဲ တစ်ခြားအကြောင်းအရာတစ်မျိုးမျိုးဖြင့် စကားကို ဖြတ်နေကျ။ တစ်ခါတလေတော့လည်း ထက်ပိုင်၏ ထိုအမူအရာများ က မေးခွန်းထုတ်ချင်စရာကောင်းလှပါသည်။

ကလေးသူငယ်များနှင့်ပတ်သက်သော NGO အဖွဲ့တွင် ကျွန်တော် လုပ်ဖြစ်ခဲ့သည်က တစ်နှစ် မျှသာရှိသေးသည်။

သူငယ်ချင်းများနှင့် ရှယ်ယာစုကာ ရောင်းဝယ်ရေးလုပ်ရင်း အရှုံးပေါ်၍ လေလွင့်နေရာမှ စိတ်သက်သာစေရန်အတွက် စိတ်ပါဝင်စားသည့် သင်တန်းများ လှည့်လည်တက်ရောက်နေသော ကျွန်တော်သည် human rights သင်တန်းတစ်ခုတွင် ထက်ပိုင်နှင့်ဆုံကာ ချစ်သူအဆင့်သို့ဖြစ်လာခဲ့၏။ အလုပ်လက်မဲ့ဘဝမှ ကျွန်တော်သည် တည်တည်တံ့တံ့ အလုပ်တစ်ခုလုပ်ပါဟူသော ထက်ပိုင်၏အဆိုဖြင့် ဒီအဖွဲ့ထဲ ပါဝင်လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မိဘမဲ့ဂေဟာ တည်ထောင်ထားသူ ထက်ပိုင်၏ အဆက်အသွယ်ဖြင့်ပင် အလုပ်ရခဲ့ခြင်းဖြစ်၏။

ကျွန်တော်တို့အဖွဲ့သည် နှစ်ပတ်တစ်ခါထက်ပိုင်၏ မိဘမဲ့ဂေဟာနှင့် ပူးပေါင်း၍ လေလွင့်ကလေးငယ်များအား ကူညီစောင့်ရှောက်ပေးသည့်အဖွဲ့ ဖြစ်ပါသည်။ လေလွင့်ကလေးငယ်များဟု ခေါ်ဆိုရာတွင် ကလေးသူငယ်ဥပဒေ ပုဒ်မ ၃၂ ပါ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးများကို ဆိုခြင်းဖြစ်သည်။ ပုဒ်မ ၃၂ ပါ အကြောင်းအရာတစ်ချက်ချက်နှင့် ငြိစွန်းလျှင် ကာကွယ်စောင့်ရှောက်မှု လိုအပ်သည်ဟု ကျွန်တော်တို့က သဘောထား၍ သက်ဆိုင်ရာ လူမှုဝန်ထမ်းဌာနနှင့် တိုင်ပင်ဆွေးနွေးပြီး ထက်ပိုင်၏ မိဘမဲ့ဂေဟာတွင် အသိပညာနှင့် အတတ်ပညာသင်ပေးခြင်း ဖြစ်သည်။

ဒီနေ့ တနင်္ဂနွေနေ့ဖြစ်၍ အားလပ်သောကြောင့် ကျွန်တော် ထက်ပိုင်၏ ဂေဟာသို့ ရောက်ရှိလာခဲ့သည်။ အရင်ကလဲ အားလပ်ရက်တိုင်း လာနေကြဖြစ်၍ ထွေထွေထူးထူး ထက်ပိုင်ကို အသိမပေးတော့ပေ...။

ကျွန်တော် ဂေဟာသို့ ရောက်ချိန်တွင် ထက်ပိုင်မရှိ...။ Appointment တစ်ခုရှိ၍ အပြင်သွားသည်ဟု သိရပါသည်။ သီးခြားအလုပ်မရှိသောကြောင့် ထက်ပိုင်၏ ရုံးခန်းအတွင်းစောင့်နေရန် ကျွန်တော်က စိတ်ကူးဖြစ်သည်။

ထက်ပိုင်၏ ရုံးခန်းလေးသည် ၁၀ ပေ ပတ်လည်သာ ကျယ်ဝန်းသော အခန်းကျဉ်းတစ်ခန်းသာဖြစ်သည်။ ကျဉ်းမြောင်းလှသောရုံးခန်းအတွင်း ပရိဘောဂများများပြားပြားသိပ်မရှိ။

ကျွန်တော်က ထက်ပိုင်
ထိုင်နေကျ ရုံးစားပွဲခုံတွင်
ကျောမှီလျက်
ခါးကို ဖြေလျော့ကာ
ထိုင်လိုက်ပါသည်။
သက်တောင့်သက်သာ
ရှိသွားသလို ထက်ပိုင်၏ ၏
အငွေ့အသက်တချို့ကိုလည်း
ခံစားနေရသည်။
ရေမွှေးရနံ့လေးက
အနီးအနား တစ်ဝိုက်
သင်းနေတုန်းပင် ...

ကျွန်တော်က ထက်ပိုင် ထိုင်နေကျရုံးစားပွဲခုံတွင် ကျောမှီလျက် ခါးကို ဖြေလျော့ကာ ထိုင်လိုက်ပါသည်။ သက်တောင့်သက်သာရှိသွားသလို ထက်ပိုင်၏ အငွေ့အသက်တချို့ကိုလည်း ခံစားနေရသည်။ ရေမွှေးရနံ့လေးက အနီးအနား တစ်ဝိုက်သင်းနေတုန်းပင်။

'ဂျွတ်ဂျွတ်... ဂျွတ်ဂျွတ်...'

ရုံးစားပွဲအံဆွဲအတွင်းမှ တချွတ်ချွတ်မြည်သံကြောင့် ကျွန်တော် စူးစမ်းလိုစိတ်လေးဖြစ်လာသည်။ ခါးကို ပြန်မတ်ကာ အံဆွဲကို ဆွဲဖွင့်လိုက်တော့ ကြွက်တစ်ကောင်က ဖိုင်များကို ကုတ်ခြစ်၍ ကိုက်နေရာမှ ကျွန်တော့်အား မျက်လုံးပင့်လျက် ပြူးကြည့်နေပေသည်။

အရေးကြီးဖိုင်တွဲများ ဖြစ်လေမလားဟု စိုးရိမ်စိတ်များဖြင့် ကျွန်တော်က တရှူးရှူး အသံပေးခြောက်လှန့်ကာ အံဆွဲကို ရိုက်ပုတ်လိုက်တော့ အံဆွဲအတွင်းဘက် ပေါက်နေသော နေရာလေးမှ ကြွက်က ပြန်ထွက်သွားလေသည်။

နွမ်းပျော့ပျော့ စာရွက်အပိုင်းအစလေးများက ဖိုင်တွဲပေါ်တွင် ပြန့်ကျဲနေလေပြီ။ ဖိုင်များကို ကျွန်တော်က အံဆွဲအတွင်းမှ ဆွဲထုတ်လိုက်ကာ အခန်းပြတင်းပေါက်မှတစ်ဆင့် ပြန့်ကျဲနေသော စာရွက်အပိုင်းအစများကို လွှင့်ပစ်လိုက်ပါသည်။ ပြီးနောက် စိတ်ကူးတစ်စုံတစ်ရာမရှိဘဲ စုတ်ပြဲနေသောဖိုင်တွဲများဆီ ကျွန်

တော့်အကြည့်က အလိုလိုရောက်ကာသွားလေသည်။

အိုးမိုင်ဂေါ့...ကျွန်တော်အသံထွက်သည်အထိ ဘုရားတမိကာ ဖိုင်ကိုသေသေချာချာ ဂရုစိုက်ကြည့်မိလိုက်သည်။ မိဘမဲ့ဂေဟာရှိ ကလေးများ၏ ကိုယ်ရေးအချက်အလက်ပင်ဖြစ်သည်။ သိပ်မထူးဆန်းလှသော ကလေးများ၏ ကိုယ်ရေးအချက်အလက် ဖြစ်သော်လည်း ထိုအရာသည် ချစ်ထူး၏ ကိုယ်ရေးအချက်အလက်ဖြစ်နေ၍ ထူးဆန်းနေသည်။ နာမည်တူမရှားဟု ကျွန်တော်က တွေးမိသော်လည်း ဖိုင်ဘယ်ဘက်ထောင့်ရှိ ဓာတ်ပုံလေးသည် ချစ်ထူးမှ ချစ်ထူးအစစ်ပင်။

လန်းဆန်းနေသော ကျွန်တော့်စိတ်များ ခပ်ငိုင်ငိုင်လေး တွေဝေသွားရ၏။ ချစ်ထူးက ဒီဂေဟာမှာနေခဲ့ဖူးတာလား...။ နေခဲ့ဖူး၍သာ ကိုယ်ရေးအချက်အလက်တွေ ထက်ပိုင်ဆီမှာ ရှိနေခြင်း ဖြစ်မည်။ ဒါဆိုအခုကျတော့ ချစ်ထူးက ဘာကြောင့် လေလွင့်ကလေး ဖြစ်နေရသနည်း။ ကျွန်တော်တို့နှင့်ဆုံတိုင်း ဘာလို့ ထွက်ပြေးရသနည်း။ ထက်ပိုင်ကရော ဘာကြောင့် ချစ်ထူးကို ခါးခါးသီးသီး ဖြစ်နေရသနည်း။ ဝေခွဲရခက်သော မေးခွန်းပေါင်းများစွာသည် ကျွန်တော့်၏ ဦးနှောက်အတွင်း ယောက်ယက်ခတ်နေလေ၏။

ကျွန်တော်ရောက်လာသော အချိန်သည် ကျူးကျော်တဲများ၏ အစွန်ဘက်ရှိ အမှိုက်ပုံဘေးတွင် နေ့လယ်စာဝယ်ရန်အတွက် ချစ်ထူးက ပိုက်ဆံများကို ရေတွက်နေသော အချိန်ဖြစ်ပါသည်။ ကျွန်တော် သူ့ဘေးနားရောက်သည်ကို ချစ်ထူးက သိပုံမပေါ် ပိုက်ဆံအကြွေများကို သေချာစီကာ ခေါက်တုံ့ခေါက်ပြန် ရေတွက်နေပြီး တစ်ချက်တစ်ချက် သူ့ဗိုက်ကိုလည်း ပွတ်နေသေးသည်။

'ညီလေး...ချစ်ထူး...'

အသက်နှစ်ဆယ်မျှ ကွာနိုင်သော်လည်း ကျွန်တော်သူ့ကို ညီလေးဟုသာ ခေါ်လိုက်သည်။

ထွက်ပြေးသွားမည် စိုးစိတ်ကြောင့် ဂရုဏာသံဖြင့် မရဲတရဲခေါ်လိုက်သော ကျွန်တော့်အသံသည် ပိုက်ဆံရေနေသော သူ့လက်ချောင်းလေးများကို တစ်ချက်တွန့်ကာ ရပ်သွားစေပါသည်။ ငုံ့နေသော ချစ်ထူး၏ ဦးခေါင်းသည် တဖြေးဖြေးမော့ကာ ကျွန်တော့်အား ဝေမှုန်မှုန်လေးကြည့်နေသည်။

ချစ်ထူး၏ မျက်နှာပြင်သည် အားနွဲ့နေပြီး ဈေးအထပ်ထပ်က နေရာယူနေသည်။ ကျွန်တော့်ကိုမြင်သည်နှင့် အားနွဲ့နေသော သူ့မျက်နှာသည် ထိတ်လန့်မှုများ တရိပ်ရိပ်ထင်လာသည်။ ကျွန်တော်က သူ့အတွက် သိပ်ကြောက်စရာကောင်းနေ၍လား။

တစ်ဆက်တည်းမှာပင် ချစ်ထူးက ထပြေးရန် ဟန်ပြင်လိုက်ပါသည်။

'အစ်ကိုကမင်းကို ဘာမှမလုပ်ပါဘူး.... မပြေးပါနဲ့...'

ကျွန်တော်က သူ့အားကိုးမှုရအောင် ရည်ရွယ်၍ ဆိုလိုက်သောစကားကြောင့် ချစ်ထူးသည် မတ်တပ်ရပ်၍ ကျွန်တော့်ကို ကျောခိုင်းနေရာမှ ဆက်မပြေးဘဲ ရပ်တန့်သွားလေသည်။

'တစ်ခြားသူတွေ ပါမလာပါဘူး... အစ်ကိုတစ်ယောက်တည်း မင်းနဲ့တွေ့ချင်လို့လာခဲ့တာပါ...'

'ဘာလုပ်ဖို့လဲ...'

ထိတ်လန့်နေ၍များလား၊ ဆာလောင်နေ၍များလား၊ ချစ်ထူး၏ အသံသည် တုန်ရီနေပေသည်။

'အစ်ကိုတို့ အေးအေးဆေးဆေးပြောကြရအောင်လေ၊ ညီလေးဗိုက်ဆာနေတယ်မို့လား၊ အစ်ကို ထမင်းဝယ်ကျွေးမယ် အခုရထားတဲ့ ပိုက်ဆံတွေကို ညီလေးစုထားလိုက်လေနော်...'

ချစ်ထူးသည် သူ့လက်ထဲရှိ ပိုက်ဆံ

> **လန်းဆန်းနေသော ကျွန်တော့်စိတ်များ ခပ်ငိုင်ငိုင်လေး တွေဝေသွားရ၏။ ချစ်ထူးက ဒီဂေဟာမှာနေခဲ့ဖူးတာလား။ နေခဲ့ဖူး၍သာ ကိုယ်ရေးအချက်အလက်တွေ ထက်ပိုင်ဆီမှာ ရှိနေခြင်း ဖြစ်မည်။ ဒါဆိုအခုကျတော့ ချစ်ထူးက ဘာကြောင့် လေလွင့်ကလေး ဖြစ်နေရသနည်း ...**

ကို တစ်ချက်ငုံ့ကြည့်လျက် နှမြောတသစွာဖြင့် ညိုညစ်ညစ်အရောင်မှိုင်းနေသော သူ့ရှပ်အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်လေသည်။ ပြီးနောက် ကျွန်တော့်ဘက်လှည့်ကာ မှိုင်တိုင်တိုင်ဖြင့် မဝံ့မရဲလေး ခေါင်းကိုညိတ်ပြသည်။

ထမင်းဆိုင်သို့ လာရာလမ်းတစ်လျှောက် ချစ်ထူးကို ကျွန်တော် အကဲခတ်ကြည့်မိသည်။ နီကျင်ကျင် သူ့ဆံပင်များသည် ပါးပါးလှပ်လှပ်သာရှိပြီး ဂုတ်အစပ်နားထိ ကျနေလေသည်။ တစ်ချက်ချက် မော့ကြည့်တတ်သော သူ့မျက်ဝန်းထက်မှ ကော့ညွတ်ညွတ် မျက်တောင်များသည် မျက်လုံးလှသည်ဆိုခြင်းကို အားဖြည့်ပေးနေ၏။ ချစ်ထူး၏ လမ်းလျှောက်ပုံသည် ခါးကို အားဖျော့ကာ ယိမ်းနွဲ့မယောင်ရှိနေသည်။ ခပ်နွမ်းနွမ်း ရှပ် အင်္ကျီနှင့် ပေါက်ပြဲရာဗရပွပုဆိုးကို ဝတ်ဆင်ထား၍သာ ယောက်ကျားလေး တစ်ယောက်မှန်းသိနိုင်၏။ ကိုယ်နေဟန်ပန် ဆံပင်ပုံစံနှင့် မျက်ခုံးမျက်လုံးများက မိန်းကလေးတစ်ယောက်နှယ်။

'ညီလေးဘာနဲ့စားမှာလဲ ကြိုက်တာမှာနော်...'

'ဟုတ်...ပုစွန်ထုပ်နဲ့ စားချင်တယ်...'

မှုန်ကုပ်ကုပ်လေးဖြင့် ချစ်ထူးက မရဲတရဲဖြေသည်။ သူစားချင်သည်များကို မှာပြီးနောက် ခေါင်းငိုက်စိုက်နေသော ချစ်ထူးကို ကျွန်တော်ကပင်စကားစ၏။

'အစ်ကို့နာမည်က ထူးမောင်... ညီလေး အစ်ကိုတစ်ယောက်လိုပဲ သဘောထားနော်...'

ချစ်ထူးက ခေါင်းပင်ငိုက်စိုက်နေ၏။ စကားမပြန်ဘဲ သူ့ပေါင်ကို လက်ဖဝါးဖြင့် ပွတ်နေသည်။

'ညီလေးကဘာဖြစ်လို့ အစ်ကိုတို့အဖွဲ့နဲ့တွေ့ရင် ထွက်ပြေးရတာလဲ...'

သူ့အမေးအောက်တွင် ချစ်ထူးသည် နှုတ်ခမ်းနှစ်လွှာကို ဖိကိုက်လျက် ခေါင်းမော့လာသည်။ ထို့နောက် ဖြေးဖြေးခြင်း နှုတ်ခမ်းလွှာသည် ပုံမှန်အတိုင်း ပြေလျော့ပြီး တိုးတိုးဖွဖွလေး အဖြေပြန်သည်။

'ကြောက်လို့...'

'ကြောက်တယ်...ဘာကိုကြောက်တာလဲ...'

'ဦးထက်ပိုင်ကို...'

မဆိုင်းမတွ ဖြေလိုက်သော ချစ်ထူးစကားကြောင့် ကျွန်တော်မှင်သက်မိသွားသည်။ ကလေးများအပေါ် မေတ္တာဂရုဏာထားကာ ကူညီစောင့်ရှောက်တတ်သော ထက်ပိုင်ကို ချစ်ထူးက ကြောက်တယ်တဲ့..။ ထိုသို့သော ထက်ပိုင်ကို ချစ်ထူးက ကြောက်သည်ဆိုခြင်းမှာ သံသယရှိစရာပင်...။

'ဘာလို့လဲဟင်...'

ဒီတစ်ခါတော့ ချစ်ထူးက စူးစူးရဲရဲ စိုက်ကြည့်၏။ ခက်ထန်မှုအောက်တွင် ကြောက်ရွံ့ထိတ်လန့်မှုများ ပါသည့် အကြည့်။

'ဟင့်အင်း... ကျွန်တော်ကြောက်တယ်...မဖြေရဲဘူး...ဖြေရင်သူက ကျွန်တော့်ကိုသတ်မှာ...'

ဟာ...ချစ်ထူးစကားကြောင့် ကျွန်တော် အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။ ထက်ပိုင်က သတ်ပြစ်မည်ဟု ကြိမ်းမောင်းလောက်သည်အထိ ချစ်ထူးသည်ဘာအပြစ်များ ကျူးလွန်မိသနည်း။

'ညီလေး...သူ့ဂေဟာမှာနေဖူးတယ်မို့လား...'

'အင်း...'

'ဘာလို့ခု ဆက်မနေတာလဲ...'

'........'

ချစ်ထူးက မဖြေ အပေါ်အောက်နှုတ်ခမ်းကိုသွားဖြင့် တစ်လှည့်စီဖိကိုက်လျက် မျက်လုံးလေး ကလယ်ကလယ်ပြု၍ မျက်စံများ ဝေ့ဝဲကာ တစ်ခုခုကို စဉ်းစားနေပေသည်။

'ကျွန်တော်သူ့ကိုကြောက်လို့... ကျွန်တော်ပြောရင် သူလာသတ်လိမ့်မယ်...'

ကျွန်တော်က ဆက်မေးမည် ပြင်လိုက်ချိန် ဆိုင်ဝန်ထမ်းက ထမင်းပွဲများ လာချပေးသည်နှင့် စကားကို ဖြတ်လိုက်သည်။

သူ့ရှေ့ရှိ ဟင်းပွဲအတွင်းမှ ပုစွန်တုပ်ကြီးကို အရောင်တောက်ပသော မျက်လုံးဖြင့် ချစ်ထူးကကြည့်ရင်း လည်သီးလေး ထင်ပေါ်လာသည်အထိ တံတွေးကို မြိုချနေပေသည်။ သူသိပ်ဆာလောင်နေပြီထင်ရ၏။ အနှောင့်အယှက် ဖြစ်မည်ဆိုး၍ ကျွန်တော်စကားကို မဆက်တော့ဘဲ အအေးတစ်ခွက် မှာသောက်လိုက်ပြီး ချစ်ထူးကိုသာ မမိတ်မသုန်စိုက်ကြည့်နေသည်။ ဗွန်းခရင်းဖြင့် လာချပေးသော ထမင်းပွဲကို ချစ်ထူးသည် သိပ်စားတတ်ပုံမပေါ်။ ပန်းကန်နှုတ်ခမ်းပေါ်တွင် ပေပွနေပြီး သူ့နှုတ်ခမ်းပတ်လည်တွင်လဲ ထမင်းလုံးများ ကပ်ငြိနေပေသည်။ တစ်ခါတစ်ရံဗွန်းနှင့်အားမရလျှင် ညစ်ထေးနေသော သူ့လက်ကို အသုံးပြု၍ ပုစွန်အသားကို ဖဲ့လေသည်။

'ဝအောင်စားနော်ညီလေး...'

ပလုပ်ပလောင်းဖြင့် စားနေသော ချစ်ထူးသည် ခေါင်းကိုပင့်၍ ကျွန်တော့်ကိုပြုံးပြကာ ဝမ်းမြောက်ဝမ်းသာခေါင်းညိတ်ပြ၏။ သူ့အပြုံးတွင် အပြစ်ကင်းစင်နေပြီး မှီတွယ်ရာရှာနေလေသည်။

သူစားသောက်ပြီး အချိန်ထိ ကျွန်တော်ရတက်မအေးဘဲ ခပ်မှိုင်မှိုင်တွေးဆနေပေသည်။ သေချာသောအဖြေကမရ...။

'ဝပြီလား ညီလေး...'

ချစ်ထူးသည် ရေကို တဂွပ်ဂွပ်မြည်အောင်သောက်ပြီး အားရသည့်လေသံဖြင့်...ဟား...'ဟု အသက်ရှူထုတ်လိုက်ပြီး ခေါင်းကို ညိတ်၏။

'အစ်ကိုက ညီလေးကို ကူညီဖို့လာတာပါ။ ညီလေးဘာကြောင့် ဂေဟာမှာဆက်မနေတာလည်း ကိုယ့်ကိုပြောပြလို့

ရမလား။ ထက်ပိုင် မသိစေရဘူးလို့ အစ်ကို ကတိပေးတယ်...'

'တကယ်လား...'

ကျွန်တော့်အပေါ် ယုံကြည်မှုတစ်ခု ချစ်ထူး၏ ရင်တွင် ခိုကပ်နေပြီထင်၏။ အရင်လို စိုးရိမ်ကြောင့်ကြမှု မရှိတော့ဘဲ သူ့မျက်နှာသည် အရောင်တောက်ပနေပေသည်။

'သူကျွန်တော့်ကို မုဒိမ်းကျင့်တယ်...'

'ဘာရယ်...'

ကျွန်တော့်ခေါင်းမွေးများပင်ထောင်တက်သွားလေသည်။ အသက် ၁၂၊ ၁၃ သာရှိသေးသည့် ကလေးတစ်ယောက်ကို အခုလို ပြုမူကျင့်ကြံ၍ ရရိုးလား။ လူမဆန်သော လုပ်ရပ်ကို ကျူးလွန်သူက လည်း ကိုယ်ချစ်ရတဲ့ ချစ်သူဖြစ်သောကြောင့် ကျွန်တော်မယုံရဲဘဲ ရှိနေသည်။

'ဟို...သူက ဘယ်လိုတွေ လုပ်တာလဲဟင်'

'ပထမဆုံး ကျွန်တော် ကိတ်မုန့်စားချင်လို့ သူ့ကို ပူဆာမိတယ်။ သူက စားချင်ရင် သူခိုင်းတာလုပ်ရမယ်တဲ့။ ကျွန်တော် လည်း အရမ်းစားချင်နေတာနဲ့ သူပြောတဲ့ အတိုင်း နေပေးလိုက်တယ်။ ပထမတစ်ခါက အရမ်းနာတာပဲ...'

ဘုရားရေ ကျွန်တော့်မျက်နှာကြီး ထူပူကာ သွားရလေသည်။

'နောက်တော့ရော ညီလေး...'

'နောက်အလှည့်တွေကျ ကျွန်တော် က အစားမက်လို့ သူက မုန့်ကျွေးပြီး သူပြောတဲ့အတိုင်း နေခိုင်းတာပေါ့။ ကြာလာတော့ သူကျွန်တော့်ကို မုန့်မကျွေးတော့ဘူး။ သူ့အိပ်ခန်းထဲ လှောင်ပိတ်ထားတယ်...'

ချစ်ထူးသည် ပြောရင်းပြောရင်း မျက်ရည်များပင် ကျဆင်းလာလေသည်။

'ပြီးတော့ သူ့အနောက်က လုပ်နေရင်း ကျွန်တော့်ပုခုံးကို ကုန်းကိုက်တယ်... ဒီမှာအရာတောင် ကျန်သေးတယ်...'

ချစ်ထူးက ရုပ်အင်္ကျီ အပေါ်ကြယ်သီးတစ်လုံးဖြုတ်ကာ သူ့ပုခုံးပေါ်ကာ အမာရွတ်ကိုပြသည်။ ညိုမဲမဲသွားရာသည် အကွင်းလိုက် ထင်ကျန်နေသည်။ တစ်ခုနှစ်ခုမကပေ။ ကျွန်တော် ဆက်မေးရန်ပင် စကားများ ဆွံ့အကုန်၏။

'.........'

'နောက်ပိုင်းတွေကျ သူ ပြောသလို ငြိမ်ခံရင် ကိတ်မုန့်တစ်လုံး ကျွေးတယ်။ ကျွန်တော်က ဗိုက်ဆာလို့ငိုရင် သူက ကြိမ်လုံးနဲ့ရိုက်တယ်။ ပြီးတော့ ဒီကိစ္စတွေ လျှောက်ပြောရင် သတ်ပြစ်မယ်လို့ ပြောတယ်။ တစ်ခါတလေ သူအရမ်းကြမ်းရင် ကျွန်တော် သွေးတွေတောင်ထွက်တယ်။ နာလို့အော်ရင်လည်း ဆံပင်ကိုဆွဲပြီး နံရံကို ခေါင်းနဲ့ဆောင့်တယ်။ ကြာလာတော့ ကျွန်တော်မခံနိုင်တာနဲ့ သူမှူးလာတဲ့တစ်နေ့ ထွက်ပြေးလာခဲ့တယ်။ အဲ့ဒါနဲ့ သူများတွေကို လျှောက်ပြောရင် သူလာသတ်မှာကြောက်လို့ ကျွန်တော် ဘယ်သူ့ကိုမှ မပြောဘဲနေတာ'

ချစ်ထူးသည် သူ၏စကားကို ခနဖြတ်ကာ မျက်ရည်စများကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။ ဂရုဏာသက်သော မျက်ဝန်းများဖြင့်သာ ကျွန်တော်က ချစ်ထူးအား ကြည့်နေမိသည်။

'ကျွန်တော်ပြောတာတွေကို သူ့ကို ပြန်မပြောပါနဲ့နော်...'

သိပ်သနားဖို့ကောင်းသော ချစ်ထူးသည် ကျွန်တော့်အား ပြန်မပြောရန် စိုးရိမ်တကြီး ပူဆာနေရှာသည်။

'သူက ဘာကြောင့် ဒီလိုလုပ်ရ တာလဲ...'

'ကျွန်တော်က နွဲ့နေလို့ ဖြစ်မှာပေါ့...'

နွဲ့နေလို့... နွဲ့တာနဲ့ အခုလို လုပ်ရရိုးလား။ နွဲ့၍ဆိုလျှင် ထက်ပိုင်သည်လဲ နွဲ့နွဲ့နှောင်းနှောင်းနေတတ်သည့် gay တစ်ယောက်ပဲလေ။

တကယ်တော့ သူ့လက်ခုပ်ထဲကရေ

**မဆိုင်းမတွ ပြေလိုက်သော ချစ်ထူးစကားကြောင့် ကျွန်တော်မှင်သက်မိသွားသည်။ ကလေးများအပေါ် မေတ္တာဂရုဏာထားကာ ကူညီစောင့်ရှောက်တတ်သော ထက်ပိုင်ကို ချစ်ထူးက ကြောက်တယ်တဲ့..။ ထိုသို့သော ထက်ပိုင်ကို ချစ်ထူးက ကြောက်သည်ဆိုခြင်းမှာ သံသယရှိစရာ ပင်...**

မုဒိမ်းကျင့်သတဲ့လား...
ကျွန်တော် ချစ်ရတဲ့
ချစ်သူကလေ၊
နှိပ်စက်သတဲ့လား...
ကျွန်တော်ချစ်ရတဲ့
ချစ်သူကလေ၊
မူးနောက်နောက်
ဖြစ်လာသောကြောင့်
ကျွန်တော် ခဏ
ပြန်လှဲနေလိုက်သည်။
ခေါင်းအုံးက စိုရွှဲနေပြီ။
ချွေးတွေကြောင့်လား...
မျက်ရည်တွေလား...

ဖြစ်နေ၍ ထက်ပိုင်က စိတ်ဆန္ဒရှိသည့် အတိုင်း ကိုယ်ချင်းမစာတာ ဖြစ်နိုင်သည်။ အခြေအနေမဲ့သူတွေကို အရိပ်ပေးနေသည့် ထက်ပိုင်က အမှောင်များဖြစ်၍ နေမလား။

အချိန်အတော်ကြာသည်အထိ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ပြီး ခဏကြာသောအခါ ကျွန်တော်သာ အလျှော့ပေး၍ ကြားပြီးသားအဖြေကိုပင် ပြန်မေးခွန်းထုတ်ကာ စကားကို ဆက်ရသည်။

'ညီလေး ဘယ်သူ့ကိုမှ ဖွင့်မပြောဘူးလားဟင်'

ချစ်ထူးက ခေါင်းကိုချိန်နဲ့စွာခါရင်း

'သူ ကျွန်တော့်ကို သတ်လိမ့်မယ်'

'သူက ဘယ်လိုလုပ်သတ်နိုင်မှာလည်း ညီလေးရယ်...'

'မသိဘူး...ကျွန်တော်သူများကို ပြောလိုက်ရင် သူကျွန်တော့်ကို သတ်ပစ်မှာကို ကြောက်တယ်။ သူကျွန်တော့်ကို လျှောက်ပြောရင် သတ်ပစ်မယ်လို့ အမြဲပြောတယ်လေ...အဲ့ဒါကိုကြောက်တယ်...'

ကြောက်ရွံ့ထိတ်လန့်နေရာမှ ချစ်ထူး၏ မျက်ခမ်းစပ်တွင် မျက်ရည်များ ရစ်သီလာပြန်သည်။

ဒီကောင်လေးအတွက် တရားမျှတမှုတစ်ခုခု ကျွန်တော်လုပ်ပေးဖို့ သင့်သည်ဟု စိတ်ကူးမိ၏။

'ညီလေး အစ်ကို့ကိုယုံလား...'

ချစ်ထူးသည် အထက်မျက်နှာကြပ်ကို မျက်လုံးပင့်ကာကြည့်ရင်း တစ်ချက်မျှတွေဝေစဉ်းစားရင်း ခေါင်းကို ညိတ်ပြသည်။

'ညီလေးဘက်က အစ်ကိုနေပေးမယ် ဒီကိစ္စကို ထက်ပိုင်နဲ့ရှင်းကြရအောင်...'

'ကျွန်တော်ကြောက်တယ်...'

လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်းပြောရှာသော ချစ်ထူးကို ကျွန်တော်ဂရုဏာသက်မိပါသည်။

'ညီလေးဘက်မှာ အစ်ကိုရှိတယ်လေ။ ညီလေးဘက်က တရားမျှတမှုလိုတယ်၊ ညီလေးလို အဖြစ်ဆိုးနဲ့ကြုံနေရသူတွေ နောက်ထပ်မရှိနိုင်တော့ဘူးလို့ ထင်နေတာလား...'

ချစ်ထူးသည်စကားမပြန် ခပ်မဆိတ်လေးသာနေ၏။

♥ ♥ ♥ ♥ ♥

ညသည် တိတ်ဆိတ်မှောင်မိုက်နေပေ၏။ အိပ်မောကျနေရာမှ ကျွန်တော်လန့်နိုးလာတော့ တစ်ကိုယ်လုံး ချွေးများရွဲနစ်နေလေပြီ။ အသက်ကို အငမ်းမရ ရှူနေစဉ်မှာပဲ နေ့လယ်က သူကြားခဲ့သော စကားသံက နားထဲ ပဲ့တင်ထပ်လာပြန်သည်။

မုဒိမ်းကျင့်သတဲ့လား...ကျွန်တော်ချစ်ရတဲ့ချစ်သူကလေ၊ နှိပ်စက်သတဲ့လား... ကျွန်တော်ချစ်ရတဲ့ချစ်သူကလေ၊ မူးနောက်နောက် ဖြစ်လာသောကြောင့် ကျွန်တော် ခဏ ပြန်လှဲနေလိုက်သည်။ ခေါင်းအုံးက စိုရွှဲနေပြီ။ ချွေးတွေကြောင့်လား...မျက်ရည်တွေလား ကျွန်တော် သေချာ မသိတော့...။

ထိုကလေးကို ယုံရမလားဆိုတာလဲ ကျွန်တော်မသိ...။

ယုံလိုက်ရင်ရော ချစ်တဲ့သူကို အမှုဖွင့်ရမလား၊ ရုံးတင်စစ်ဆေးရမလား..။ မယုံရင်ရော ထိုကလေးကလည်း တစ်သက်လုံး ဒဏ်ရာတွေကြားထဲ မကျေမနပ်နေသွားရပြီး ကျွန်တော်ကလဲ မုဒိန်းမှုတရားခံကို အကာအကွယ်ပေးတဲ့သူ အဖြစ်နေသွားရမှာလား..။

ထက်ပိုင်ကရော...

မေးခွန်းများစွာကြောင့် ကျွန်တော် ရီဝေဝေ ဖြစ်လာသည်။

သို့ရာတွင် ကလေးကိုယ်ရေးအချက်

အလက်ကို ဂေဟာတွင် ကျွန်တော်တွေ့ခဲ့ပြီးပြီ။ ဒဏ်ရာဒဏ်ချက်များကိုလည်း မြင်တွေ့ခဲ့ရပြီ။ ချစ်ထူး၏ ပြောစကားများက သက်သေအထောက်အထား ခိုင်လုံနေသည်။ ဘာဖြစ်ဖြစ် ထက်ပိုင်နှင့်ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရပေမည်။

ဒီညတော့... ဆက်အိပ်ဖြစ်မည်မထင်။

ကျွန်တော်နှင့်ချစ်ထူး ဂေဟာအတွင်း ဝင်လာသည်နှင့် တာဝန်ခံများက တအံ့တသြ ငေးကြည့်နေကြသည်။ ကျွန်တော်ထိုသူများကို စကားမပြန် ဦးတည်ရာဖြစ်သည့် ထက်ပိုင်၏ ရုံးခန်းသို့သာ တက်လာခဲ့လိုက်သည်။

ရုံးခန်းအတွင်း ဝင်လာသည့် ကျွန်တော်တို့နှစ်ယောက်ကို တစ္ဆေသူရဲတစ်ကောင်ကို မြင်သည့်အလား ထက်ပိုင်သည် မျက်လုံးများ ပြူးကျယ်ကာမှင်သက်၍ ကြည့်နေသည်။

ချစ်ထူးပြောစကားများကိုတွေးရင်း ထက်ပိုင်အတွက်ကို ကျွန်တော် သိပ်မပြင်မိတော့ပေ။ မှုပျက်နေသော သူ၏ မျက်နှာအနေအထားကြောင့်လည်း ဖြစ်မည်ထင်သည်။

'ဘာလို့ သူ့ကိုခေါ်လာတာလဲ..'

ထက်ပိုင်က ကြောက်အားလန့်အားမေးသောအခါ ကျွန်တော့်နှုတ်ခမ်းထောင့်စွန်းလှုပ်ရုံလေး မချိပြုံးပြုံးပြလိုက်သည်။

ချစ်ထူးအတွက်သာ ရည်ရွယ်၍ ကျွန်တော်က စကားပြန်၏။

'မင်းမျက်နှာဖုံးတွေ ခွာဖို့သင့်ပြီ ထက်ပိုင်...'

'ဟင့်အင်း ကျွန်တော် ဘာမှမလုပ်ထားဘူး...'

အပြစ်ကျူးလွန်သူသည် သူများကိုလိမ်၍ရသော်လည်း ကိုယ့်ကိုယ်ကိုတော့ လိမ်၍ မရပေ..။ ထက်ပိုင်သည်လည်း ထိုနည်းအတိုင်းပင် သူလုပ်ရပ်၏ အရိပ်ဆိုးကြီးကို သူကိုယ်တိုင် ကြောက်ရွံ့နေပေသည်။

'မင်းအခုလို ထိတ်လန့်နေပုံက မင်းလုပ်ခဲ့တဲ့အပြစ်ကို ဝန်ခံနေသလိုပဲ ထက်ပိုင်...'

'ကို ကျွန်တော့်ကို ဘာတွေလာပြောနေတာလဲ...'

ဂယောင်ခြောက်ခြားဖြင့် ထက်ပိုင်သည် ဝရုန်းသုန်းကား စကားများကိုဆိုနေလေသည်။ အရင်က ချစ်ခဲ့ဖူးသောဖော်ရွေသည့် ထက်ပိုင်၏ မျက်နှာအနေအထားသည် ယခုမူ ပျောက်ကွယ်၍ နေလေသည်။

'သွားစမ်းပါကွာ... ဘုရားမှတ်လို့ ရှိခိုးခဲ့တာ ဖွတ်ထွက်မှ တောင်ပို့မှန်းသိတော့တယ်။ မင်းတော်တော်ဟန်ဆောင်ကောင်းပါလားဟမ်...'

'ဟန်ဆောင်ကောင်းတယ်၊ ဘာသက်သေရှိလို့ ကျွန်တော့်ကို စွပ်စွဲနေရတာလဲ...'

ထက်ပိုင်၏ စကားအဆုံးတွင် ကျွန်တော်က ချစ်ထူးကို တစ်ချက်ကြည့်လိုက်သည်။ ချစ်ထူးသည် ထက်ပိုင်ကိုအနည်းငယ်ကြောက်ရွံ့နေပြီး သူ့ကိုယ်တစ်ခြမ်းကို ကျွန်တော့်နောက်တွင် ကွယ်၍ ရပ်နေလေသည်။

'မင်းလုပ်ခဲ့တဲ့ လုပ်ရပ်တွေကို မင်းမမှတ်မိတော့ဘူးလား...'

'ကိုက ဒီလိုကလေးကချေပြောစကားကို ယုံနေတာလား...'

'ဟ..ဟ..ရယ်ရတယ် ထက်ပိုင်ရာ အရင်ကကျ လေလွင့်နေတဲ့ မိဘမဲ့ကလေးတွေကို ကိုယ့်သွေးသားလို သဘောထားပြီး ကူညီစောင့်ရှောက်တာပါဆို အခုတော့ မင်းပါးစပ်က ကလေးကချေလို့ ပြောထွက်ပြီလား။ မင်းက ကလေးတွေကို စောင့်ရှောက်နေတာမဟုတ်ဘူး။ မင်း တဏှာရာဂအတွက် အသုံးချနေတာ...'

ထက်ပိုင်၏ မျက်နှာသည် တဖြည်းဖြည်း နီရဲ၍လာပြီး စားပွဲကို ဝုန်းခနဲထုရိုက်ကာ မတ်တပ်ရပ်လိုက်ပါသည်။

သို့ရာတွင် ကလေးကိုယ်ရေးအချက်အလက်ကို ဂေဟာတွင် ကျွန်တော်တွေ့ခဲ့ပြီးပြီ။ ဒဏ်ရာဒဏ်ချက်များကိုလည်း မြင်တွေ့ခဲ့ရပြီ။ ချစ်ထူး၏ ပြောစကားများက သက်သေအထောက်အထား ခိုင်လုံနေသည် ...

'ဘာသက်သေရှိလို့ အခုလိုတွေ လာပြောနေတာလဲ ကိုထူးမောင်...ခင်ဗျားကို ကျွန်တော်အသရေဖျက်မှုနဲ့ တရားပြန်စွဲလို့ရတယ်နော်...'

ကျွန်တော် စိတ်ထိန်းထားရာမှ ဒေါသများက တလူလူ တိုးထွက်၍ လာပေသည်။ ထက်ပိုင်၏ ပြောစကားများက အခုလုပ်ရပ်ကို ငြင်းဆိုရာမရောက်ဘဲ ဝန်ခံရာရောက်နေပေသည်။

နှစ်ဦးနှစ်ဖက် အမှန်အမှားရှင်းလင်းရန်လာသော်လည်း အခုတော့အမှားအမှန်ကွဲပြားနေလေပြီ။

'အိုကေ...ဟုတ်ပြီလေ...အဲ့ဒါဆို တရားဥပဒေနဲ့ပဲ ဖြေရှင်းကြတာပေါ့။ တစ်ခုပြောခဲ့မယ် ဒီနေ့ကစပြီး ငါတို့ဇာတ်လမ်းပြီးပြီ'

ကျွန်တော် ချစ်ထူး၏ လက်ကို ဖမ်းဆုပ်ကိုင်လျက် ထက်ပိုင်၏ ရုံးခန်းအတွင်းမှထွက်လာခဲ့သည်။ ချစ်ထူးခမျာ ကျွန်တော့်ကို မော့ကြည့်ကာဖြင့် တရွေ့ရွေ့နောက်မှ ကပ်ပါလာခဲ့သည်။ ကျွန်တော့်တွင် ချစ်သူဆိုသည့် မျက်နှာထောက်စရာမရှိတော့ပါ။ ထက်ပိုင်အပေါ် ထိတ်လန့်အံ့ဩမိသလို ကိုယ့်ကိုယ်ကိုလည်း သိပ်တုံးအသူဟု၍ အပြစ်တင်မိသည်။

ကျွန်တော်ချစ်ခဲ့ဖူးသော မျက်နှာနှစ်ဖက်နှင့်ထက်ပိုင်သည် တစ်ဖက်တွင်တော့ သနားညှာတာတတ်သည်။ မေတ္တာစေတနာအပြည့်ရှိသည်။ လူကြီးလူကောင်းဆန်သည်။ ကိုယ်ချင်းစာစိတ်အပြည့်ဖြင့် လူတစ်ဖက်သားကို ကူညီတတ်သေးသည်။

ကျန်တစ်ဖက်မှာတော့...

♥♥♥♥♥

အတုံ့အလှည့်ဆိုသည့် စကားသည် ထက်ပိုင်အပေါ် သက်ရောက်ရပေမည်။ သူ့လက်အောက်အတွင်း ကလေးများရဲ့ အနာဂတ်တွေ၊ ရည်မှန်းချက်တွေ၊ ဘဝတွေ ဘယ်လောက်များ ပျက်ပြားခဲ့ပြီးပြီလဲ...။ ကျွန်တော်တွေးရင်းတွေးရင်းဖြင့် ထက်ပိုင်ကို ပို၍ရွံရှာမိပေသည်။ ကလေးငယ်တွေရဲ့ မျက်ရည်ကို သူမစာနာမိလေသလား။

ပထမဦးစွာ ကျွန်တော်သည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) သို့ ထက်ပိုင်၏ မိဘမဲ့ဂေဟာနှင့်ပတ်သက်သည့် အကြောင်းအချက်များကို ရေးသား၍ တိုင်ကြားစာပို့သည်။

MNHRC ၏ စစ်ဆေးသည့်ကာလအတွင်း ဂေဟာခေတ္တပိတ်ထားရပြီး နောက်ထပ် ကလေးငါးယောက်ကိုလည်း ထက်ပိုင်ကအလိုမတူ ကာမစပ်ယှက်ကြောင်းပေါ်လွင်လာခဲ့ပြန်သည်။ ကလေးတိုင်းအားလုံးသည် ချစ်ထူးလောက် ဆိုးဆိုးရွားရွား မခံစားရသော်လဲ ချစ်ထူးနည်းအတိုင်း ခံစားရ၏။ အစားမက်သူကိုမုန့်နှင့် မျှား၍၊ အရုပ်မက်သူကို အရုပ်နှင့်မျှားလေသည်။

ကျူးလွန်ခံရသော ကလေးတိုင်းသည် ထက်ပိုင်၏ သတ်မည်ဟူသော စကားကို ကြောက်ရွံ့နေကြ၏။ ကလေးများ၏ စိတ်အတွင်း ကြောက်စိတ်လွှမ်းစေကာ ထက်ပိုင်က သူ့ဆန္ဒကို ရှေ့ဆက်နေခြင်းဖြစ်သည်။ ထိုစစ်ဆေးမှုကြောင့် ကလေးတစ်ယောက်ဆီက ထက်ပိုင်၏ သုတ်ရည်ကိုလည်း ရရှိခဲ့ပေသည်။

မကောင်းမှုဟူသည်က ဆိတ်ကွယ်ရာ မရှိနိုင်ပေ။

ထက်ပိုင်၏ လူမဆန်သောလုပ်ရပ်ကို ကြောက်ရွံ့ရှာသော်လည်း တချို့ကထွက်မပြေးဘဲ ကြိတ်မှိတ်ခံ၏။ ထွက်ပြေးသူများ၏ ကိုယ်ရေးအချက် အလက်ကို ထက်ပိုင်က ဖျောက်ဖျက်ပစ်ကာ မွေးစားမိဘပေါ်လာသည်ဟု ဂေဟာကတာဝန်ခံများကို သတင်းလွှင့်သည်။ ထို့ကြောင့်သာပင် ဂေဟာရှိ တာဝန်ခံဆရာများကလည်း ကလေးတွေပျောက်ဆုံးမှုအပေါ် သံသယမရှိချေ။

ဤအမှုကို ကျွန်တော်ကပင် တရားလိုပြု၍ ရာဇသတ်ကြီးဥပဒေပုဒ်မ (၃၇၇) ဓမ္မတာနှင့် ဆန့်ကျင်သော ပြစ်မှုဖြင့် ထက်ပိုင်အား တရားစွဲဆိုသည်။

ထက်ပိုင်အား ရုံးထုတ်စစ်ဆေးသည့်နေ့တွင် ကျွန်တော်ရော ချစ်ထူးပါရောက်ဖြစ်ကြသည်။ အမြဲရွှင်လန်းတက်ကြွနေသော ထက်ပိုင်၏ မျက်နှာသည် ယခုမှုညိုးငယ်နေ၏။ သို့ရာတွင် ကျွန်တော်သူ့ကို သနားစိတ်လေးအလျဉ်းပင် မဝင်ခဲ့မိပါ...။

တရားလိုပြသက်သေအနေဖြင့် ချစ်ထူးနှင့် တစ်ခြားကလေးငယ်များကို စစ်ဆေးသည့်အခါ မြို့နယ်တရားသူကြီးက ယာယီကလေးတရားရုံးပြုလုပ်၍ ကလေး၏ ဂုဏ်သိက္ခာအရ တံခါးပိတ်ကာ စစ်ဆေးသည်။

♥♥♥♥♥

ဒီနေ့သည် ထက်ပိုင်အား အမိန့်ချမှတ်မည့်နေ့ ဖြစ်ပါသည်။

ချစ်ထူးအတွက် တရားမျှတမှုနှင့် အနာဂတ်အလင်းရောင်ခြည် သန်းနေသော အတွေးများကြောင့် ကျွန်တော့်စိတ်သည် ရွှင်လန်းတက်ကြွနေ၏။ ထို့ကြောင့်သာပင် တရားရုံးသို့ ကျွန်တော်စောစောလေး ထွက်လာခဲ့လိုက်သည်။

ရုံးသို့ ရောက်ချိန်တွင် ကျွန်တော်တစ်ယောက်ထဲသာ ရှိနေပါသည်။ ပျင်းပျင်းရှိသည်နှင့် ဖုန်းကိုထုတ်ကာ Facebook မှသတင်းများကို ဖတ်ရှုမိသည်။

တအံ့တဩဖြင့် သတင်းတစ်ခုကို ကျွန်တော်တွေ့မိပါသည်။ မုံရွာဘက်ကဖြစ်သည်။ မူလတန်းကျောင်းသားတစ်ယောက်ကို နှံ့သည်ဟု ကျောင်းက ဆူပူကြိမ်းမောင်း၏။ ထိုအကြောင်းကို အိမ်

က သိသွားသောအခါ မနှဲ့လေအောင် ကျားဟော်မှန်းဆေးထိုးပေးသည့် သတင်း ဖြစ်သည်။

ကျွန်တော်တို့ဖြစ်တည်မှုတွေအတွက် ကျွန်တော်တို့မှာ ရွေးချယ်ခွင့်မရှိတော့ပြီလား....။ နှဲ့လို့ အစမ္မပြုကျင့်ခံရသည်၊ နှဲ့လို့ ကျားဟော်မုန်းဆေးထိုးခံရသည်။ ဒါတွေက ကလေးရဲ့စိတ်ကို ချိုးနှိမ်လိုက်ခြင်းတစ်ခု မဟုတ်ဘူးလား။ နှဲ့သည် ဆိုခြင်းကရော အပြစ်တစ်ခုလား...။ အဲ့ဒီအပေါ် အနိုင်ကျင့်စော်ကား၍ ရရိုးလား။

တောင်စဉ်ရေမရ အတွေးများသည် ကျွန်တော်တို့ လူ့အဖွဲ့အစည်း၏အနာဂတ်ကို ခြောက်လှန့်နေပေသည်။ နိုင်ငံ၏ အရင်းအမြစ်သည် ကလေးများပင် ဖြစ်သည်။

ထိုကလေးများသည် နောင်တစ်ချိန်တွင် ဗီဇကြောင့်ပင်ဖြစ်စေ၊ ပတ်ဝန်းကျင်ကြောင့်ပင်ဖြစ်စေ၊ ကံတရားကြောင့်ပင်ဖြစ်စေ LGBT မဖြစ်လာဘူးဟုပြော၍မရ။

ထို့ကြောင့် ကျွန်တော်တို့ LGBT များ၏ အရင်းအမြစ်သည်လည်း ကလေးများပင်ဖြစ်သည်။ LGBTအရင်းအမြစ်ကို LGBT များကပင် ချိုးနှိမ်ဖို့မကောင်းပေ....။ ကျွန်တော်တို့တွေ LGBT အခွင့်အရေးများကို လှုပ်ရှားဆောင်ရွက်ကြသည်။ LGBTကလေးငယ်များအတွက်က သိပ်တွင်တွင် ကျယ်ကျယ်မရှိလှ။

ကလေးငယ်များသည် မိမိ Sex Orientation ကိုခွဲခြားမသိနိုင်လျှင်တောင် Sex Education တော့ အနည်းငယ် သိထားသင့်သည်ဟု ကျွန်တော်ထင်မှတ်မိသည်။

LGBT ကလေးငယ်များအတွက် ကာကွယ်ပေးနိုင်ရေး၊ ကူညီစောင့်ရှောက်ရေး၊ အနာဂတ်လမ်းကြောင်းများ စသည်အတွက် ကျွန်တော်တို့ တွေးပေးရပေမည်။ ကလေးငယ်များအတွက် ကလေးအခွင့်အရေးက ပိုသက်ဆိုင်သည်ဆိုသော်လည်း Right For All ဆောင်ပုဒ်အတိုင်း အားလုံးအတွက် အခွင့်အရေးကို အားလုံးက လုပ်ဆောင်ရပေမည်။

'အမိန့်...'

ကျွန်တော့်၏ တွေးတောမှုများသည် ပတ်ဝန်းကျင်နှင့် အဆက်ပြတ်နေရာမှ တရားသူကြီး အမိန့်ချမှတ်သည့်အခါမှာပင် စိတ်နှင့်လူ ပြန်ကပ်လေသည်။

'တရားခံ ဦးထက်ပိုင်သည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ (၃၇၇)အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည့်အတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဆယ်နှစ်ချမှတ်လိုက်သည်...'

အမိန့်အဆုံးတွင် ကျွန်တော်ရင်ဘက်အတွင်းရှိ ဆို့နင့်မှုများ ပြေလျော့သွားလေပြီ။ ချစ်ထူးအတွက် တရားမျှတမှုများလည်း ရရှိခဲ့လေပြီ။

အော်....ချစ်ထူးလို လေလွင့်ရာမျောနေသည့် တွယ်ကပ်ရန်ကောင်းကင်မဲ့နေသောတိမ်စိုင်လေးများ နောက်ထပ်မည်မျှရှိနေဦးမည်နည်း။

တရားရုံးကအပြန် ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ဖြစ်၏။

မိုးကောင်းကင်ဟူသောအမည်ဖြင့်
မိဘမဲ့ဂေဟာဖွင့်၍ ချစ်ထူးတို့လို လိင်စိတ်တိမ်းညွတ်သည့် ကလေးငယ်များ ခိုကိုးရာနေရာတစ်ခု ဖြစ်စေရမည်။

နောင်တစ်ချိန်ချိန်တွင်တော့ ခိုတွယ်ရာ ကောင်းကင်မဲ့နေသော တိမ်စိုင်လေးများအတွက် ကျွန်တော့်၏ ရင်ဘက်ကြီးသည် မှီတွယ်ရာတစ်ခု ဖြစ်လာစေရပေမည်။

ပြီးပါပြီ။
ရှိသေလေးစားစွာဖြင့်
အရောင်မဲ့

ကျွန်တော်ချစ်ခဲ့ဖူးသော
မျက်နှာနှစ်ဖက်နှင့်
ထက်ပိုင်သည်
တစ်ဖက်တွင်တော့
သနားညှာတာတတ်သည်။
မေတ္တာစေတနာအပြည့်ရှိသည်။
လူကြီးလူကောင်းဆန်သည်။
ကိုယ်ချင်းစာစိတ်အပြည့်ဖြင့်
လူတစ်ဖက်သားကို
ကူညီတတ်သေးသည်။
ကျန်တစ်ဖက်မှာတော့...



Photo: saltlakemagazine.com





# ခရီးသွားတိုင်း မဖြစ်မနေ လုပ်သင့်တဲ့ အသားအရေ ထိန်းသိမ်းနည်း (၇) မျိုး

**Angelic Demon**

ပွင့်လင်းရာသီ၊ ခရီးသွားရာသီဆိုပြီး ခရီးတွေ ပျော်ပျော်ထွက်ဖို့ ပြင်ပြီးကြပြီလား?

ခရီးထွက်တာတော့ ဟုတ်ပါရဲ့၊ နေဒဏ်၊ လေဒဏ်တွေ ခံလိုက်ရတာကတစ်မျိုး၊ ခရီးပန်းတာက တစ်သွယ်နဲ့ ဟော... ခရီးကလည်း ပြန်ရောက်ရော အသားအရေတွေ ပျက်စီးခြင်းမက ပျက်စီးပြီး ဟိုဟာလုပ်လည်း မသက်သာ၊ ဒီဟာလုပ်လည်း မပျောက်နဲ့ အိမ်တွင်းပုန်းပြီး အသားအရေကောင်းအောင် ပြန်မွေးနေရမယ်ဆိုရင်တော့ ပျော်ရတာနဲ့ ထိန်းရတာ မကာမိဘူးရှင်... ဒီတော့ ဘာလုပ်ကြမလဲ?

ထုံးစံအတိုင်း ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်း၏ ဆိုသလို စကတည်းက မပျက်စီးအောင် ဒီလိုကာကွယ်ရတော့မှာပေါ့ရှင်...





### ၁။ Sunscreen ကို နိုင်နိုင်သုံးပါ။ နေရောင်ကို ရှောင်ပါ။

နိုင်နိုင်တစ်ယောက်တည်းကို သုံးခိုင်းတာ မဟုတ်ပါဘူးနော်။ နေပူသည်ဖြစ်စေ၊ မိုးအုံ့သည် ဖြစ်စေ Sunscreen ကို ၂ နာရီခြားတစ်ခါ လိမ်းပေးပါ။ Cream တွေ၊ Lotion တွေမှာ နေရောင်ဒဏ်ကာကွယ်နိုင်တယ်လို့ ဆိုထားဦးတော့ SPF 30+ ပါတဲ့ Sunblock လောက်တော့ ဘယ်ထိရောက်ပါ့မလဲ။ ဆိုတော့ ဘာ Lotion တွေ၊ Cream တွေ လိမ်းထားသည်ဖြစ်စေ၊ အပေါ်ကနေ Sunblock တွေ၊ Sunscreen တွေ သုံးပေးပါ။ လိမ်းရမှာ စေးကပ်ကပ်နဲ့မို့ မကြိုက်ဘူးဆိုရင် ဒီခေတ်မှာ လွယ်မှလွယ် လွယ်..လွယ်.. လွယ်နေအောင် ထုတ်ထားတဲ့ UV protection spray တွေ ပေါပါ့ရှင်.. မျက်နှာလေးကို ချေချေလေးမော့ ဟော.. စပရေးလေး ဖြန်းချလိုက်ရုံ ဘာပင်ပန်းတာလိုက်လို့နော်။

အကောင်းဆုံးကတော့ SPF 50+ PA+++ ဆိုတဲ့ စာသားလေးတွေ ပါတဲ့ spray လေးတွေ ရွေးဝယ်ပါ။ ဒီ Spray တွေဆို လိမ်းရတဲ့ဒုက္ခလည်း ဝေးသလို အသားထဲ စိမ့်ဝင်အောင် ထိုင်ပွတ်နေစရာလည်း မလိုပါဘူး။ ဖြန်းချလိုက်ရင် သူ့ဟာသူ အသားထဲ စိမ့်ဝင်သွားရော၊ အရေးကြီးတာက ကိုယ်က အရိပ်အောက်ရောက်နေတယ်ဆိုပြီး မဖြန်းဘဲ မနေဖို့ပါပဲနော်၊ ၂ နာရီခြားတစ်ခါ ဖြန်းဖြန်းပေးဖို့ မမေ့ပါနဲ့လို့။

မနက် ၁၀ နာရီနဲ့ ညနေ ၄ နာရီကြားဖြစ်နိုင်ရင် နေရောင်အောက် မထွက်ပါနဲ့နော်။ ဟယ်... ခရီးထွက်ပါတယ်ဆို မထွက်လို့ ရမလားဆိုရင်တော့ အင်္ကျီလက်ရှည်ဝတ်ပါ။ အနက်ရောင်လို အပူစုပ်တဲ့ အရောင်မျိုးထက် အဖြူရောင်လို အရောင်ဖျော့လေးတွေ ဝတ်ပြီး လန်းချလိုက်ပါ။ အဖြူရောင်လေးနဲ့ဆို လူလည်းပိုပြီး လွတ်လပ်ပေါ့ပါးသလို ခံစားသွားရပါလိမ့်မယ်။ မယုံမရှိနဲ့နော်... ခရီးသွားတဲ့ မှဒ်နဲ့ အဖြူရောင်က ခွဲထားလို့ မရစကောင်းတဲ့ အရာတွေပဲ... ဖက်ရှင်လည်းကျ၊ အသားအရေကိုလည်း ထိန်းသိမ်းပြီးသားဖြစ် ဘယ်လောက်ကောင်းတုန်း။ အင်္ကျီအောက်က အသားတွေကိုလည်း Sunscreen သုံးပေးဖို့ မမေ့နဲ့နော်။

### ၂။ မျက်နှာကို ခဏခဏ သွားမထိပါနဲ့။

နေပူတယ်၊ လေတိုက်တယ်၊ ချွေးတွေထွက်တယ်။ ဟော.. လက်ကြီးနဲ့ သုတ်ချလိုက်ပါပြီရှင်။ ဟော.. ဝက်ခြံတွေ တစ်ပြုံကြီး ထွက်လာပါပြီရှင်၊ ဒီလိုနဲ့ သံသရာကို လည်လို့၊ ဒီလို မဖြစ်ရလေအောင် တစ်ရှူးလေး ဆောင်ပါ။ အဆီစုပ်စက္ကူလေးတွေဆို ပိုကောင်းပါတယ်။ အဲဒါလေးတွေ ဆောင်ပြီး ချွေးထွက်လာတိုင်း သုတ်သုတ်ပေးပေါ့။ Wet Tissue တွေလည်း ပေါသားမဟုတ်လား။ အဲဒါလေးတွေနဲ့ သုတ်နော်။ နောက်ပြီး Antibacterial Hand Sentanizer/ Hand Gel တွေ ဆောင်ပြီး မကြာမကြာ လက်ဆေးပေးပါ။ ပြီးရင် Hand cream လိမ်းဖို့လည်း မမေ့နဲ့ဦးနော်။

### ၃။ မိတ်ကပ် အထူကြီးတွေကို ရှောင်ပါ။

ခရီးသွားရင်လည်း Skincare ကို အိမ်မှာလို လုပ်လို့ရတာမို့ မရှောင်ချင်ဘူး လိမ်းမယ်ဆိုလည်း သဘောပါရှင်။ ဒါပေမဲ့ ကိုယ်က လမ်းခရီးမှာ မိတ်ကပ်ဖျက်ဖို့၊ အိမ်မှာလို step by step skincare ဖို့ အချိန်မပေးနိုင်ဘူးဆိုရင် ဘယ့်နှယ်လုပ်မတုန်းနော်။ ဒီတော့ မိတ်ကပ်ကို ပါးပါးလျားလျားနဲ့ သဘာဝဆန်ဆန်လေး ပြင်ပါ။ သုံးတဲ့ မိတ်ကပ်တိုင်းမှာ အသားအရေ

**နေပူတယ်၊
လေတိုက်တယ်၊
ချွေးတွေ ထွက်တယ်။
ဟော... လက်ကြီးနဲ့
သုတ်ချလိုက်ပါပြီရှင်။
ဟော... ဝက်ခြံတွေ
တစ်ပြုံကြီး
ထွက်လာပါပြီရှင်၊
ဒီလိုနဲ့
သံသရာကို လည်လို့ ...**

ထိန်းသိမ်းနိုင်တဲ့ ပစ္စည်းတွေပါရင် ပိုကောင်းတာပေါ့။ ဥပမာ Foundation ကို သုံးမယ့်အစား BB နဲ့ CC cream တွေကို သုံးတာမျိုးပေါ့။ ပြီးတော့ မိတ်ကပ်ကို ပြောင်နေအောင်ဖျက်ပါ။ အိမ်မှာ နေတုန်းလို အသေးစိတ် မလုပ်နိုင်ဘူးဆိုရင်တော့ အနည်းဆုံးတော့ Micellar water လေးတော့ သုံးပြီး မိတ်ကပ်ဖျက်ပါ။ ပြီးမှ မျက်နှာသစ်ပါ။ Double cleansing လောက်တော့ အနည်းဆုံး လုပ်ပေါ့ရှင်။ ဒီလိုမှ အသားအရေ ထိခိုက်ပျက်စီးနှုန်း နည်းပါးသွားမှာပါ။

နောက်ပြီး အကြာကြီး ခံပါတယ်ဆိုတဲ့ Lipstick တွေကို ခရီးထွက်နေတုန်း မေ့ပစ်ပါ။ ဒါတွေက နှုတ်ခမ်းကို ရေဓာတ်ခမ်းခြောက်စေပြီး ကွဲအက်လာစေပါတယ်။ ဒီလို Lipstick တွေအစား နှုတ်ခမ်းသားကို ရေဓာတ်ဖြည့်ပေးနိုင်တဲ့ နှုတ်ခမ်းနီတွေကို တစ်လွှာချင်းဆိုး၊ အခြောက်ခံပြီး အပေါ်ဆုံးမှာ Lip Gloss ကြည်ကြည်လေး ထပ်ဖြည့်ပေးပါ။ ဒါက လန်းဆန်းတက်ကြွတဲ့ အသွင်ကို ရစေသလို နှုတ်ခမ်းသားကို ဂရုစိုက်ပြီးသားလည်း ဖြစ်စေတယ်လေ။

### ၄။ ရေချိုးအကြာကြီး မစိမ်ပါနဲ့။

ဟုတ်ပါတယ်။ ခရီးသွားရတာ ပျော်စရာကောင်းသလောက် အင်မတန်လည်း လူပင်ပန်းတဲ့ အလုပ်ပါ။ ပြန်လာလို့ နားတဲ့အချိန်လေး ရေနွေးလေး စိမ်လိုက်ရင် ပင်ပန်းတာတွေ၊ ညောင်းညာတာတွေ ပြေသွားရော။ ချွေးလည်း ပြောင်လွယ်တယ်လေ။ ဒါပေမဲ့ အကြာကြီး ရေနွေးစိမ်လိုက်တဲ့အခါ ရေနွေးက ချွေးတွေကို ဖယ်ရှားပစ်လိုက်တဲ့အပြင် အရေပြားမှာ ရှိသင့် ရှိထိုက်တဲ့ အဆီတွေကိုပါ အကုန်ရှင်းပစ်တာမို့ အသားခြောက်လာတတ်ပါတယ်။ တန်ဆေးလွန်ဘေးပေါ့ရှင်။ ခြောက်နေတဲ့အသားနဲ့ နေရောင်တွေ၊ လေတွေနဲ့ ထိလိုက်ရင်တော့ဖြင့်... ဒါကြောင့် ရေပူပူနဲ့ ကြာကြာစိမ်ချိုးမယ့်အစား ရေကြက်သီးနွေးလေးနဲ့သာ သင့်တင့်ရုံလောက်ချိုးပါ။ ပြီးရင် ခန္ဓာကိုယ်ကို ရေဓာတ်ဖြည့်ပေးနိုင်မယ့် Moisturizer တွေ၊ Lotion တွေ လိမ်းပေးဖို့ မမေ့ပါနဲ့။

### ၅။ အစားအသောက်နဲ့ အသားအရေကို ထိန်းပါ။

ခရီးထွက်တုန်း ဝိတ်ချရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျန်းမာရေးနဲ့ ညီညွတ်မျှတအောင် စားစေချင်တာပါ။ အသီးအရွက်၊ အသီးအနှံ များများစားပါ။ ဒါက ပင်ပန်းမှုကို ပြေလျော့စေပြီး ခန္ဓာကိုယ်က ဆုံးရှုံးလိုက်တဲ့ ရေဓာတ်ကို ပြန်ဖြည့်တင်းပေးနိုင်တဲ့အပြင် အသားအရေကိုပါ ပိုပြီး ကြည်လင်လှပလာစေပါတယ်။ နောက်ဆုံး ဘာမှမဝယ်နိုင်ဘူးဟယ်.. အသီးအရွက်၊ အသီးအနှံတွေက ရှားတယ်ဆိုရင် ရေကို နိုင်အောင်သောက်ပါ။ အနည်းဆုံး ၂ လီတာတော့ ဝင်အောင် သောက်ပေးပါ။ အဲ.. အများကြီးလည်း ပိုပြီး မသောက်နဲ့ဦးနော်.. ရေသောက်တာများရင်လည်း ကျောက်ကပ်ကို ထိခိုက်နိုင်တာမို့ပါ။ ဘယ်အရာမဆို အထိန်းအကွပ်လေးနဲ့မှ အဆင်ပြေမှာပေါ့နော်။

### ၆။ မျက်လုံးကို ဂရုစိုက်ပါ။

အကောင်းဆုံး နည်းလမ်းကတော့ ညအိပ်ချိန်မှာ ရေခဲကပ်ပေးတာပါ။ ဒါက မျက်ကွင်းညိုတာတွေကို သက်သာစေတဲ့အပြင် ပင်ပန်းနေတဲ့ မျက်လုံးတစ်ဝိုက်က ဆဲလ်တွေကိုပါ အနားရစေပါတယ်။ ရေခဲကပ်တဲ့အခါမှာလည်း ဒီတိုင်းကြီး ရေခဲအတုံးလိုက် တင်မယ့်အစား ရေခဲသေးသေးလေးတွေကို ပုဝါလေးထဲထည့်ပြီး ကပ်ပေးပါ။ ရေခဲအတုံးလိုက် အရေပြားပေါ် တင်လိုက်တာကလည်း တစ်နည်းတစ်ဖုံ အသားအရေကို ထိခိုက်စေနိုင်တယ်လေ။

အချိန်ရမယ်ဆို မျက်စဉ်းကို ပုံမှန်ခတ်ပေးပါ။ ကိုယ့်မျက်လုံးအတွက် သင့်တော်မယ့် မျက်စဉ်းကို မျက်စိဆရာဝန်တွေနဲ့ တိုင်ပင်ပြီး ခတ်ပေးလို့ရပါတယ်။ ကိုယ်က မျက်လုံးခြောက်တတ်လား၊ ယားတတ်လား၊ အဖုလေးတွေ ပေါက်တတ်တာလား၊ မျက်လုံးအားနည်းတာလား စသဖြင့် ဆရာဝန်နဲ့ တိုင်ပင်ပြီး သင့်လျော်တဲ့ မျက်စဉ်းကို သတိတရ ခတ်ခတ်ပေးပါ။

### ၇။ အိပ်ရေးဝပါစေ။

နောက်ဆုံးမှာချင်တဲ့ အချက်ကတော့ အိပ်ရေးဝဝ အိပ်ပါ။ ရတဲ့အချိန်လေးမှာ ရသလို အနားယူတတ်ပါစေ။ (ကိုယ်ကတော့ ခရီးထွက်ရင် အိပ်ရာပေါ်က မဆင်းလို့ ငြူငြင်ခံရသူပါ (ဟုတ်တယ်။ ခရီးထွက်ပါတယ်ဆို အိပ်ရာထဲမှာချည်းပဲ၊ ဒါကျလည်းအဆင်မပြေ ပြန်ဘူးလေနော်... ) အနည်းဆုံးတော့ ၇ နာရီ ပြည့်အောင် အိပ်ပေါ့ရှင်။ အိပ်တဲ့ အခါမှာလည်း ကိုယ့်အသားအရေနဲ့ အဆင်ပြေမယ့် Sleeping Mask လေး ကပ်အိပ်၊ မဟုတ်လည်း အသားအရေကို အားဖြည့်ပေးမယ့် Night Cream လေး လိမ်းအိပ်ဆိုရင် တကူးတကတောင် အသားအရေကို ထိန်းသိမ်းနေစရာမလိုဘူးရယ်.. သူ့အလိုလိုကို အားပြည့်ကျန်းမာတဲ့ မျက်နှာလေး ဖြစ်နေမှာတော့မှာပေါ့။


ပျော်ရွှင်စရာ ခရီးလမ်း ဖြစ်ပါစေရှင်။

**Angelic Demon**

# အကြင်နာမွှန်

# ဆူး

အခန်းဆက် ဝတ္ထုရှည်



Rainbow

# အပိုင်း (၂၂)

အိပ်ချင်ယောင်ဆောင်သူကို နှိုးရခက်သည်တဲ့။

ဒါဆိုလျှင် ရူးချင်ယောင်ဆောင်နေသူကိုရော...

ဒီမိုးယံသည် ရှိုင်းထွဋ်အတွက်တော့ အိပ်ချင်ယောင်ဆောင်နေသူမဟုတ်။ ရူးချင်ယောင်ဆောင်နေသည့် ကောင်လေးတစ်ယောက်ဖြစ်နေသည်။ စိတ်မသက်သာစွာဖြင့် စက်ဘီးကိုတွန်းထုတ်ကာ လမ်းကျဉ်းလေးအတိုင်း နင်းလာခဲ့သည်။

'ကိုကြီးလား။ မမ ဆီသွားမယ်ဆိုပြီး ထွက်သွားတာ ကြာပြီ ကိုထွဋ်'

သိပ်မကြာသောအချိန်အတွင်းကမှ မိငယ်ပြောလိုက်သည့် စကားသံသည် သူ့နားထဲတွင် ပဲ့တင်ထပ်နေသည်။

မမ..

ဒီနာမည်သည် သူ့အတွက် တဖြည်းဖြည်းနှင့် ကျိန်စာတစ်ခုနှင့် တူလာနေသည်။ အစပိုင်းတုန်းကတော့ ရပ်ကွက်အတွင်းမှာ မမသည် ချောမောလှပလွန်းသည်ဆိုသည့် သတင်းမွှေးခဲ့သည်။ တကယ်တမ်း မျက်နှာချင်းဆိုင်ဆုံရတော့ မမလှသည်မှာ သူ ကြားဖူးတာထက်ပင် ပိုလွန်ကြောင်းကို နားလည်ခဲ့သည်။ ဒီမှာပဲ ဇာတ်လမ်းဆုံးသွားလျှင် ဘယ်လောက်ကောင်းလိမ့်မည်နည်းဟု ရှိုင်းထွဋ် တွေးမိသည့်အကြိမ်ပေါင်းမနည်းတော့။

အခုတော့ ဒီမိုးယံနှင့်မမ၏ ပတ်သက်မှုများကို သူ အသိအမှတ်မပြုချင်လို့မရတော့ပါ။

'အဲဒီကောင် တစ်ချိန်လုံး မမအိမ်မှာပဲ'

ဆိုတဲ့ ဖေဖေ့စကားသံ...

'ဒီကောင် မမကို ချူစားနေတယ်'

ဆိုသည့် ရပ်ကွက်အတွင်းမှ မလိုသူများရဲ့ အတင်းအဖျင်းသံတွေ...

သူ ကြားခဲ့ရသည်မှာ ကြာခဲ့ပြီ။ ကြားဖြစ်ခဲ့သည်မှာလည်း များလှပြီ။ ရင်ဆိုင်မေးကြည့်ဖို့ အခါခါစဉ်းစားမိပေမယ့် သူနှင့် ဒီမိုးယံကြားမှ သံယောဇဉ်ဆိုသည့် ကြိုးမျှင်မျှင်လေးကို ပြတ်တောက်သွားအောင် လုပ်ဆောင်နိုင်မည့် ဓါးသွားတစ်ခု ဖြစ်သွားမှာကို သူကြောက်နေခဲ့သည်။

**သစ်ပင်အောက်မှာ ရပ်ထားသော စက်ဘီးကို တွန်းထုတ်ကာ ရှိုင်းထွဋ် အဖြေပေးရင်း ရင်ထဲမှာ မောသွားသည်။ တကယ်ပင် ချောလွန်းသည်။ တစ်ရက်ပြီး တစ်ရက် ပိုပြီးကြည့်ကောင်းလာသလား ထင်ရအောင် ဒီမိုးယံ ရုပ်ရည်သည် ရှင်းသန့်နေသည် ...**

သူနှင့် ဒီမိုးယံက ဘာတွေလဲ။

သူငယ်ချင်းဆိုသည့် အသုံးအနှုန်းသည် သူတို့နှစ်ယောက်အတွက်တော့ မဖြစ်နိုင်။ ဘယ်သူငယ်ချင်းကမှ ကိုယ့်သူငယ်ချင်းရဲ့ ကျောပြင်ကို ခိုးမနမ်းဖူးပါ။ သူ့အတွက် ဒီမိုးယံက သူငယ်ချင်းဆိုတာထက် အများကြီးပိုသည်။ ဒီ သံယောဇဉ်တွေကို သူ ဆေးကျောင်းစတက်ချိန်မှာတော့ ပိုပြီး သေချာသွားခဲ့သည်။ ကျောင်းတက်နေရပေမယ့် သူ နည်းနည်းမှ မပျော်။ အထက်တန်းကျောင်း တစ်လျှောက်လုံး သူ့ဘေးနားမှာရှိနေခဲ့သော ဆံပင်စုတ်ဖွားနှင့် မျက်နှာမာကျောသည့် ထိုကောင်လေးကို ဘယ်လိုရင်ဖွင့်ရမှန်း မသိအောင် သူ လွမ်းသည်။

ဖြစ်နိုင်လျှင် အချိန်တိုင်းလိုလို ဒီမိုးယံဘေးနားမှာ သူ ရှိနေချင်သည်။ ဒါပေမဲ့ ကျောင်းနှင့် စာသင်ဝိုင်းများကြားတွင် နားချိန်မရတော့သောကြောင့် ဒီမိုးယံ အိမ်သို့ အရောက်နည်းလာသလို ရောက်ဖြစ်လျှင်လည်း ကလေးနှင့် ဆော့လျှင်ဆော့၊ မဆော့လျှင် မိငယ်ကို စာရှင်းပြနေတတ်သောသူ့ကို ဒီမိုးယံက မသိမသာရှောင်နေတတ်သည်။ အရင်ကလို အတူအိပ်စက်ဖို့ကိုလည်း မဖိတ်ခေါ်တော့သည့်အပြင် မကြိုက်ကြောင်းကိုပါ ပြောနေတတ်ပြီဖြစ်သည်။ ဒီတော့လည်း ဒီမိုးယံတို့အိမ်မှာ သူ အိပ်ဖြစ်ချိန်သည် နည်းသည်ထက် နည်းလာသည်။ သူတို့နှစ်ယောက်ကြားမှာ ကွာခြားခြင်းတွေက တဖြည်းဖြည်း နေရာယူလာနေသည်ကို သူ ကြောက်ရွံ့စွာ လက်မခံလို့မရ။

ဒီလိုနဲ့ပဲ သူတို့နှစ်ယောက် ဝေးသွားတော့မှာလား။

တွေးမိတော့နှင့် ရင်ထဲမှာ စူးနေအောင် အောင့်သည်။ အသက်ရှူလို့မရအောင် နာသည်။

ဒါဆိုလျှင် ရှေ့ဆက်ဖို့ကိုကျတော့ရော။

သူ မသိ။

အကာအရံမရှိသည့် ချောက်ကမ်းပါးစွန်းတစ်ခုပေါ်မှာ လမ်းလျှောက်နေရသူတစ်ယောက်လို သူ ခံစားရသည်။ အသည်းတွေအေးကာ ရင်မှာတလှပ်လှပ်။ အဆုံးမရှိသော ချောက်နက်ကြီးထဲကို သူ အချိန်မရွေး ပြုတ်ကျသွားနိုင်သည်။

'ဒီဒီ'

သူ လှမ်းခေါ်တော့ လင်းလက်၏ ခြံထဲမှ လှမ်းထွက်လာသော ဒီမိုးယံ အံ့ဩသွားဟန်ရှိသည်။

'မင်း ဘာလုပ်နေတာလဲ'

'မင်းကိုစောင့်နေတာ'

သစ်ပင်အောက်မှာ ရပ်ထားသော စက်ဘီးကို တွန်းထုတ်ကာ ရှိုင်းထွဋ် အဖြေပေးရင်း ရင်ထဲမှာ မောသွားသည်။ တကယ်ပင် ချောလွန်းသည်။ တစ်ရက်ပြီး တစ်ရက် ပိုပြီးကြည့်ကောင်းလာသလား ထင်ရအောင် ဒီမိုးယံရုပ်ရည်သည် ရှင်းသန့်နေသည်။ နောက်ပြီး ဒီမိုးယံသည် အရင်ကလို စုတ်စုတ်ပြတ်ပြတ်ကောင်လေးတစ်ယောက် မဟုတ်တော့။ မမ၏ ပုံသွင်းမှုအောက်မှာ ပုံစံကျကျဝတ်စားတတ်ကာ လူကြည့်ကောင်းအောင် ပြင်ဆင်တတ်သူတစ်ယောက် ဖြစ်နေပြီ။ ဘယ်အချိန်ဖြစ်ဖြစ်၊ ဘယ်နေရာဖြစ်ဖြစ် လူအားလုံးရဲ့ စိတ်ဝင်စားမှုများကို ခံယူနေရသူ။

မမကရော။

ဘာသားနဲ့ လုပ်ထားသည့်သူတစ်ယောက်မို့လို့လဲ။

ဒီမိုးယံကို မမ ချစ်မနေပါဟု ဘယ်သူမှ အာမ မခံနိုင်။

ဖွင့်ပြောမှဖြစ်မည်။

သူ ဒီမိုးယံကို ဖွင့်ပြောမှဖြစ်မည်။

တစ်ယောက်တည်း အတွေးများစွာဖြင့် ရှိုင်းထွဋ် ပင်ပန်းလွန်းနေပြီ။ ဒီလို မတင်မကျကြီး ရှေ့မဆက်နိုင်တော့။ ဒါပေမဲ့ လိုအပ်သော သတ္တိခွန်အားတွေ

သူ့မှာ ရှိပါ့မလားဆိုတာကို ရှိုင်းထွဋ် မသိ။

'ဘာဖြစ်လို့လဲ။ ကလေးတစ်ခုခုဖြစ်လို့လား'

'မဟုတ်ပါဘူး။ ငါ မင်းကို ပြောစရာရှိလို့'

သူ စက်ဘီးကိုတွန်းရင်း ရှေ့ဆက်လျှောက်လာခဲ့သည်။ ဒီမိုးယံ သူ့ကိုကျော်တက်ကာ သူနှင့် မျက်နှာချင်းဆိုင်ပြီး နောက်ပြန်လျှောက်ကာ ရှိုင်းထွဋ် မျက်နှာကို စူးစိုက်ကြည့်သည်။

'ဒီဒီ... မင်း ခလုတ်တိုက်လဲချင်နေလား'

'မလဲပါဘူး'

'မင်း နောက်စေ့မှာ မျက်လုံးမပါဘူးဟုတ်ကောင်'

'မင်းမျက်နှာကို ငါ မြင်နေရတယ်လေ။ ရှေ့လမ်းမှာ ငါ့အတွက် အန္တရာယ်ရှိတာကိုမြင်ရင် မင်းမျက်နှာမှာ ငါ ဖတ်လို့ရတယ်'

နှုတ်ခမ်းထောင့်ကွေးရုံ ပြုံးကာ အရေးမကြီးသလို ပြောလိုက်သော ဒီမိုးယံ စကားကြောင့် သူ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားမသိ။

ဒီမိုးယံက သူ့ကိုယုံသည်တဲ့လား။

'မင်း ငါ့ကိုယုံရင် မှား မှာပေါ့ ဒီရာ'

ဒီမိုးယံမဖြေဘဲ ပခုံးနှစ်ဖက်သာ တွန့်ပြသည်။

'ကောင်းကောင်းလျှောက်ကွာ ဒီဒီ။ ငါ မင်းကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်'

ဒီမိုးယံ သူ့မျက်လုံးများကို မလွှတ်တမ်းကြည့်ပြီး ခြေလှမ်းများကို တစ်လှမ်းချင်းဆုတ်ကာ နောက်ပြန်လျှောက်နေရာမှ ရပ်လိုက်သည်။ သူပါ ယောင်ယမ်းရပ်မိသွားတော့ သူနှင့် ဒီမိုးယံနှစ်ယောက် မျက်နှာချင်းဆိုင်ရပ်ကာ တစ်ယောက်၏ အသက်ရှူသံက တစ်ယောက်နှာခေါင်းပေါ် ကျရောက်လာသည်အထိ နီးစပ်သွားသည်။

'မင်းမပြောနဲ့ဦး။ ငါ အရင်ပြောမယ်'

အမိန့်ပေးသံထက်ပင် ခိုင်မာနေသော ဒီမိုးယံ စကားကြောင့် စကားလုံးများကို ပြန်လည်မြိုချကာ သူ့နှုတ်ခမ်းများကို ရှိုင်းထွဋ် တင်းတင်းစေ့လိုက်မိသည်။ အရောင်တလက်လက်တောက်နေသော ဒီမိုးယံ၏ မျက်လုံးစိမ်းများကို သူ ရင်ဆိုင်ကြည့်နိုင်စွမ်း မရှိတော့သလို ခေါင်းငုံ့မိချိန် ဒီမိုးယံထံမှ ကျွတ်တစ်ချက်စုတ်သံကို ကြားလိုက်ရသည်။

'ငါ့မျက်နှာကို သေချာကြည့် ထွဋ်ထွဋ်'

မေးစေ့မှကိုင်ကာ သူ့မျက်နှာကို ဆွဲမလိုက်သော ဒီမိုးယံ၏ လက်များသည် ညင်သာမှုလုံးဝမရှိ။ ကြမ်းတမ်းလှသည်။

'ငါ မမကို ချစ်နေပြီ'

ဆွဲဆောင်မှုအပြည့်ရှိသလို ထင်ရသော နှုတ်ခမ်းများကြားမှ ရုန်းထွက်လာသော စကားသံများကလည်း အေးစက်လှသည်။

နီးစပ်မှုဆိုတာကို မုန်းတီးဖူးတာဒါ ပထမဆုံးအကြိမ်ပါ။

ကြားလိုက်ရသည့်စကားကို အမှားတစ်ခုပါလို့ ငြင်းပိုင်ခွင့်မရှိလောက်အောင် သူတို့နှစ်ယောက်ကြားမှာ ဝေးလံသည့် အကွာအဝေးတစ်ခု ရှိမနေ။

ဒီမိုးယံရဲ့ ထွက်သက် ဝင်သက်က သူ့မျက်နှာပေါ် တိုက်ရိုက်ကျရောက်နေသည်လေ။ စူးရဲသည့် သိမ်းငှက်တစ်ကောင်ရဲ့ အကြည့်မျိုးနဲ့တူတဲ့ ဒီမျက်လုံးစိမ်းတွေထဲမှာ ခါးသီးမှုတချို့နဲ့အတူ နာကြည်းမှုတချို့ပါ ရှိနေသည်။

သူ ပြုတ်ကျရမည့် ချောက်သည် ထင်ထားသည်ထက် ပိုနက်ပါလိမ့်မည်။

'မင်းကြားလား ထွဋ်ထွဋ်'

သူ့ မေးစေ့ကို လိုသည်ထက် ပိုပြီး ဖျစ်ညှစ်ထားသည့် ဒီမိုးယံ လက်ချောင်းများကြားမှာ သူ့မှာ မျက်နှာလွှဲခွင့်ပင်မရှိ။ ခြောက်ခြားတုန်လှုပ်နေသည့် နာကျင်မှုများကို ဖုံးကွယ်ဖို့ပင် အခွင့်မပေး။ တင်းနေအောင် စေ့ထားတဲ့ နှုတ်ခမ်းများကြားမှာ ထင်နေသည့် ပြတ်သားမှုက ကြောက်စရာကောင်းလွန်းနေသည်။ သူ့ထံမှ အဖြေမရမချင်း လွတ်မြောက်ခွင့်မပေးနိုင်ဆိုသည့် ပြတ်သားမှုမျိုး။

'ငါ ကြားတယ်'

'ပြီးတာပဲ'

ဒီမိုးယံ သူ့မေးစေ့မှ လက်များကို ဖယ်ချလိုက်သည်။ ဒါပေမဲ့ သူ လွတ်မြောက်သွားသလို မခံစားရ။ သူ့မျက်နှာကို စေ့စေ့ကြည့်ကာ နောက်ဘက်သို့ ခြေတစ်လှမ်းပြီးတစ်လှမ်း ဒီမိုးယံ ဆက်ဆုတ်နေသည်။ သူ့ထံမှအကြည့်မလွှဲ။ ကျောင်းအုပ်တစ်ယောက် စာမေးပွဲမအောင်သည့် ကျောင်းသားတစ်ယောက်ကို စူးစမ်းသည့် အကြည့်မျိုး၊ သေဒဏ်အမိန့်ချပြီးမှ ကိုယ့်ကိုကိုယ် သတ်မသေအောင် စောင့်ကြည့်နေသည့် အစောင့်တစ်ယောက်၏ အကြည့်မျိုးပါ။

စက်ဘီးလက်ကိုင်ကို လက်ချောင်းတွေ နာသည်အထိ ဆုပ်ကိုင်ထားပေမယ့် သူ တွန်းနေမိသေးလားဆိုတာ ရှိုင်းထွဋ် မသိ။ သူသိသည်က နာကျင်အောင့်တက်နေသည့် ရင်ခွင်တစ်ခုလုံးကို လျစ်လျူရှုနိုင်ဖို့ဖြစ်သည်။ ပျက်ယွင်းနေသည့် မျက်နှာကို ဟန်ဆောင်ပြင်ဖို့ကိုတောင် သူ့မှာ ခွန်အားမရှိတော့ပေမယ့် မျက်ရည်မဝဲလာဖို့ကိုတော့ သူ သွေးပျက်မတတ် ဆုတောင်းမိသည်။

ဒီလောကကျဆုံးလျှင် တော်သင့်ပါပြီ။

မာနတွေရော၊ သိက္ခာတွေပါ ကုန်းကောက်စရာမရှိတော့လောက်အောင် သူ နောက်ထပ် မကျဆုံးပါရစေနဲ့တော့။

ပုစွန်ဆီရောင် ကောင်းကင်ပြင်က လှပမှုမရှိတော့။ သွေးကွက်၊ သွေးပွက်တွေ ဖြန့်ပက်ထားသလို မညီမညာ

ရုပ်ပျက်အကြည်းတန်နေသည်။ လှုပ်လီလှုပ်လဲ့ သစ်ရွက်များကြားမှာ ကြွေဆင်းလာသော ရွက်ကြွေများသည်လည်း ရင့်ရော်နေသည်။ ခပ်လှမ်းလှမ်းမှ သူတို့ရှိရာနင်းလာသော စက်ဘီးတစ်စီးကို ရှိုင်းထွဋ် တွေ့လိုက်ရသည်။

'စက်ဘီးလာနေတယ်'

သူ့ပါးစပ်က ထွက်လာသည့် စကားသံတွင် ပူပန်မှုတွေ ရောနေသေးတာကို သူ မုန်းသည်။ ဒါပေမဲ့ ဒီမိုးယံက ကြားသည့်ပုံစံမပြ။ နောက်ထပ် ခြေလှမ်းသွက်သွက်ဖြင့် နောက်ဆုတ်ကာ နောက်ပြန်ဆက်လျှောက်နေသည်။ သူ့မျက်လုံးများမှ အကြည့်ကို မလွှဲ။ စက်ဘီးကရှောင်ဖို့ ကြိုးစားပေမယ့် မလွတ်။

'ဟေ့ကောင်'

ရှိုင်းထွဋ် တောက်တစ်ချက်ခေါက်ရင်း ဒီမိုးယံလက်ကို ဆွဲကာ လမ်းပေါ်မှ ဖယ်ချလိုက်သည်။ ပွတ်ကာသီကာနှင့် ဒီမိုးယံဘေးမှ ဖြတ်သွားသော စက်ဘီးနင်းသူထံမှ ညစ်ညမ်းသော ဆဲရေးသံထွက်လာသည်။ ဒီမိုးယံ မျက်နှာတစ်ချက်မပျက်။ ကျေနပ်စွာပင် ပြုံးလိုက်သေးသည်။

'ငါ မင်းကို စက်ဘီးလာနေတယ်လို့ ပြောတယ်မဟုတ်လား'

'ငါ မင်းကို ယုံတယ်လို့ ပြောထားတယ်လေ'

'စက်ဘီးမို့လို့ မင်းကို ဆွဲဖယ်လိုက်တာ။ ကားသာဆိုရင် ရှေ့ကိုပါ တွန်းပို့လိုက်မှာ'

သူ့အသံမှာ ဒေါသသံတွေ ရောပါသွားသည်။

'မင်း သဘောပဲ ထွဋ်လေး'

နောက်တောက်တောက်အသံ။ ဟိုးအရင်အတိတ်က သူနဲ့ ခင်မင်စွာ မပေါင်းသင်းခင်က စနောက်နေမြဲအသံ။

သူဟာ ဒီမိုးယံအတွက် အပျော်စနောက်စရာ သက်သက်ပဲလားမသိ။

'မင်း ပြောစရာရှိတယ်ဆို'

ဒီမိုးယံ သူ့ဘေးမှာ လမ်းကို တည့်တည့်ပြန်လျှောက်နေပြီဖြစ်သည်။ တစ်ချက်သာ ငဲ့ကြည့်ရင်း မေးလိုက်သည့် မေးခွန်းက နှစ်ခြိုက်စွာ အိပ်ပျော်နေသည့်သူ့ကို လှုပ်နှိုးလိုက်သလို ဘာတွေမေးပြီး ဘာတွေဖြစ်နေသည်ကို ချက်ချင်းနားမလည်နိုင်။

မိနစ်အနည်းငယ်ကြာမှ ဒီမိုးယံ မေးခွန်းကို သူ နားလည်သည်။

ဒါပေမဲ့ သူ့မှာ အဖြေမရှိတော့။

'ဩော်.. အင်း.. အဲဒါက..'

ခေါင်းတွေပူပြီးစကားသံတွေ ထစ်နေကာ လည်ချောင်းမှာ တစ်ဆို့နေသည်။ သူဖြစ်နေပုံက ရှက်ဖို့ကောင်းသလို ကိုယ့်ကိုကိုယ်လည်း ဒေါသထွက်လာသည်။ မိမိကိုယ်ကို ဒီလောက် စုတ်ပြတ်သနားစရာကောင်းသည့်ပုံစံဖြင့် မြင်ရလိမ့်မည်ဟု ရှိုင်းထွဋ် ဘယ်တုန်းကမှ မသိထားခဲ့။ ဒီမိုးယံက ဘာမှလောစရာ မလိုပါဘူးဆိုသည့် အကြည့်ဖြင့် စိတ်ရှည်စွာ စောင့်ပေးနေတာကိုက သူ့သိက္ခာတွေ တစစီဆွဲဖဲ့ခံရသလို ဖြစ်စေသည်လေ။

'ဟို.. ဟိုကွာ.. ငါ.. ငါ ကျောင်းတက်ရတာ အရမ်းပင်ပန်းတာပဲ။ အဲဒါ ပြောမလို့'

စကားတွေက ရှေ့နောက်မညီ။ အဓိပ္ပာယ်ကင်းမဲ့နေသည်။

မြေမြိုခံရမည်ကို လူတွေကြောက်နိုင်ပေမယ့် သူကတော့ အခုအချိန်မှာ မြေမြိုခံရပြီး ဒီမိုးယံဘေးမှ ပျောက်ကွယ်သွာချင်နေသည်။ ဒါမှမဟုတ်လည်း မိုးကြိုးပစ်ခံရကာ မီးသွေးအဖြစ် ဘဝပြောင်းသွားချင်သည်။

အငွေ့ပျံတာပဲ ဖြစ်ဖြစ်..
ပြာမှုန်ဖြစ်တာပဲ ဖြစ်ဖြစ်..
အရည်ပျော်သွားတာပဲ ဖြစ်ဖြစ်..
ဘာနည်းလမ်းနဲ့ပဲ ဖြစ်ဖြစ်ပါ။
ယခုလက်ရှိ ပစ္စုပ္ပန်မှ သူ ပျောက်ကွယ်သွားလျှင်တော်ပါပြီ။

သူ ဒီမိုးယံနားမှ ထွက်သွားမှ ဖြစ်မည်။

အမြန်ဆုံးထွက်သွားမှဖြစ်မည်။

အတွေးဆုံးသည်နှင့် ခြောက်ခြားတုန်လှုပ်စွာ စက်ဘီးပေါ် ခုန်တက်လိုက်သည်။

'ငါသွားမယ်'

'အေး'

ဒီမိုးယံ မတားပါ။ သူ့ဘေးနားမှ စက်ဘီးကို အားကုန်နင်းကာ ထွက်ခွာသွားသည့် ရှိုင်းထွဋ်၏ ကျောပြင်ကို မျက်စိတစ်ဆုံး ငေးကြည့်ရုံသာ စိုက်ကြည့်နေသည်။ လမ်းကွေ့တစ်ခုမှာ ချိုးကွေ့ပျောက်ကွယ်သွားမှ ဟက်ခနဲ အသံထွက်ရယ် ဖြစ်သည်။

'ကျောင်းတက်ရတာ အရမ်းပင်ပန်းတာပဲတဲ့လား။ မင်းမှာ တခြားအကြောင်းပြစရာ မရှိဘူးလား ငထွဋ်'

သူ့ရယ်သံနှင့်အတူ ရင်ထဲမှ နာကြည်းမှုတချို့ပါ ပွင့်အန်ကျသွားခဲ့သည်။

## အပိုင်း (၂၃)

ပစ္စည်းတချို့ ပြုတ်ကျသံကြောင့် ဒီမိုးယံ လှည့်ကြည့်တော့ သဇင်လေးက ကြွက်လျှောက်တန်းပေါ်မှာ တင်ထားသမျှကို ဆွဲချနေသည်။ နွေသဇင်လေးပင် မတ်တပ်စမ်းနေပြီဖြစ်သည်။ ခြေက မခိုင်သေး။ မတ်တပ်ရပ်ပြီးသည်နှင့် သကြိန်ယိမ်းကသလို ကိုယ်အပေါ်ခြမ်းက ရှေ့ထိုး၊ နောက်ယိုင်ဖြစ်နေသည်။ နေမကောင်းတာတောင် အငြိမ်မနေ။ ရှိသမျှနံရံတွေကို အားပြုကာ စမ်းတမ်းတမ်းနှင့် မတ်တပ်ရပ်သည်။ မှီသမျှဆွဲချကာ ပါးစပ်ထဲ ကောက်ထည့်သည်။

'ဟာ ဒီကောင်မလေးတော့'

ဒီမိုးယံ နွေသဇင်လက်ထဲမှ ကျား

ဗန်းဆေးဗူးဝိုင်းလေးကို ဆွဲဖယ်လိုက်တော့ သူမ ထုံးစံအတိုင်း အာဖြဲငိုတော့သည်။

'ဒါ စားစရာမဟုတ်ဘူးဟ။ သေသွားချင်လို့လား'

သူပြောမှ မျက်စိကိုပါမှိတ်ပြီး ငိုသည်။

'ကိုကြီး ဘာဖြစ်လို့လဲ'

မိငယ် မီးဖိုခန်းမှ အပြေးထွက်လာကာ ကလေးကို ကောက်ချီတော့ သူ ပိုစိတ်ဆိုးသွားသည်။

'နင်က ထစ်ခနဲရှိ ကောက်ချီတာပဲ။ အဲဒါကြောင့် ပိုဂျီကျနေတာ'

'တိတ်တိတ်။ မီးမီးတိတ်'

မိငယ် ချော့ပေမယ့် ဂျီမလေးက မတိတ်။ အပြင်ကို လက်ညှိုးထိုးပြီး ဆက်ငိုသည်။ ဘာကိုဆိုလိုချင်သည်ကို သူ ကောင်းကောင်းသိသည်။ ရှိုင်းထွင်ရွှေ အိမ်ကို ပို့ပေးဆိုသည့် အဓိပ္ပာယ်။ ဒီအိမ်မှာ သူ လိုချင်တာမရတိုင်း၊ သူ စိတ်တိုင်းမကျတိုင်း ရှိုင်းထွင်ရွှေတို့အိမ်ကို ပို့ခိုင်းတတ်သည်။ ဟိုမှာက သူ့ကို ဝိုင်းအလိုလိုက်မည့်သူချည်းဖြစ်သည်။

'ကိုကြီး'

'ဘာလဲ'

'ကိုထွင်ရွှေနဲ့ ရန်ဖြစ်ထားတာလား'

ကလေးလက်ထဲကို သိုးမွေးယုန်ရုပ်လေးထိုးထည့်ရင်း မိငယ်မေးသည်။ ရှိုင်းထွင်ရွှေ ဝယ်ပေးခဲ့သော ယုန်ဖြူလေးပင် ဝါညစ်ညစ် အရောင်ပေါက်နေပြီ ဖြစ်သည်။ ဒီမေးခွန်းကို မိငယ် ဘာလို့မေးမှန်းသူ သိသည်။

'ကိုထွင်ရွှေမလာတာကြာပြီ'

'အဲဒါ ငါနဲ့ ဘာဆိုင်လဲ'

'ကိုကြီးနဲ့ ရန်ဖြစ်ထားတယ်မဟုတ်လား'

ကျိန်းသေသလို သေချာပေါက်ပြောနေသော ညီမကို သူ မငြင်းဖြစ်။

'သွားခေါ်ပေးပါလား ကိုကြီးရာ'

မိငယ်က အသံတိုးတိုးဖြင့် နောက်တစ်ကြိမ်ပြောတော့ ဒီမိုးယံ ပိုပြီးစိတ်တိုလာသည်။ သူ သွားမခေါ်ချင်။ သွားလည်းမခေါ်နိုင်။ သတိရလားမေးလျှင် သေမလောက် သတိရသည်။ ဒါပေမဲ့ ရှိုင်းထွင်ရွှေကို သူ မျက်နှာချင်း မဆိုင်ချင်တော့။ ဒါက သူတို့နှစ်ယောက်စလုံးအတွက် အကောင်းဆုံးဖြစ်မည်။

'မိငယ် သွားခေါ်တယ်။ မလာဘူး။ သဇင်လေးလည်း ကိုထွင်ရွှေကိုပဲ တစ်ချိန်လုံး မျှော်နေတာ'

'သိပ်တွေ့နေချင်ကြရင်လည်း နင်တို့နှစ်ယောက်စလုံး အဲဒီ့အိမ် သွားနေကြပါလား'

ငိုသံပေါက်နေသော ညီမကို စိတ်ပျက်လက်ပျက်ကြည့်ရင်း သူ ဒေါသတကြီး ဟောက်ဖြစ်သည်။ ဒါပေမဲ့ မိငယ်က ဟီးခနဲ ထိုင်ငိုတော့သည်။ သူ လျစ်လျူရှုဖို့ ကြိုးစားပေမယ့် ကြာရှည်တော့ တောင့်မခံနိုင်။

'တိတ်ကြစမ်းဟာ။ ကျက်သရေကို မရှိဘူး။ ပြီးရော။ ငါ သွားခေါ်ပေးမယ်'

ဒီမိုးယံ အိမ်အောက်ရောက်သည်နှင့် ကျောက်ခဲတစ်လုံးကို ဟိုးအဝေး ထိရောက်အောင် ကန်ပစ်လိုက်သည်။ ဒါပေမဲ့ သူ့ဒေါသတွေက လျော့မသွား။ သူတို့ခြံက ထွက်လိုက်သည်နှင့် ဟိုဘက်ခြံရောက်ဖို့ မိနစ်ပိုင်းပင်မလို။ ခြံထဲမှာ ဘယ်သူမှ မရှိ။ ဆိုင်ထိုင်နေသော ဒေါ်မိမိတင်သာ ရှိသည်။

'အန်တီမိ။ ထွင်ရွှေထွင်ရွှေ ရှိလား'

'မင်းသူငယ်ချင်းလား။ အခန်းထဲမှာ'

မှတ်လက်စ စာရင်းစာအုပ်ကို ပိတ်ပြီး ဒီမိုးယံကိုမော့ကြည့်ကာ ဒေါ်မိမိတင် ပြုံးလိုက်သည်။

'မင်းတို့နှစ်ယောက် ရန်ဖြစ်ထားကြပြန်ပြီလား။ ထုံးစံအတိုင်း သားကပဲ လာချော့ရတယ်ပေါ့'

မေးခွန်းတွေ ဆက်မလာခင်မှာ

ပစ္စည်းတချို့
ပြုတ်ကျသံကြောင့်
ဒီမိုးယံ လှည့်ကြည့်တော့
သဇင်လေးက
ကြွက်လျှောက်တန်းပေါ်မှာ
တင်ထားသမျှကို
ဆွဲချနေသည်။
နွှေသဇင်လေးပင်
မတ်တပ်စမ်းနေပြီဖြစ်သည်။
ခြေက မခိုင်သေး ...

> **နီညိုရောင် တံခါးလက်ကိုင်ကို တွန်းဖွင့်ကာ လှမ်းဝင်လိုက်သည်။ ခန်းမအတွင်း ထွန်းညှိထားသော ဆလိုက်မီးများကြောင့် မျက်လုံးများပင် ကျိန်းစက်သွားသည်။ မြူးကြွသော တီးလုံးများကလည်း ခန်းမထဲမှာ ဟိန်းနေသလို ...**

ဒေါ်မိမိတင်ကို အမြန်ဖြတ်ကျော်ကာ သူ အိမ်ထဲလှမ်းဝင်ခဲ့သည်။ အခန်းထဲရောက် သည်နှင့် ကုတင်ပေါ်မှာ စောင်ခေါင်းမြီး ခြုံထားသော ရှိုင်းထွဋ်ကို တွေ့ရသည်။ ရှိုင်းထွဋ်၏ အခန်းသည် စာဖွဲ့ရလောက် အောင် မလှပ၊ မသပ်ရပ်ပါ။ အဝတ်အစား များကလည်း ကြမ်းပြင်ပေါ် ပုံနေသည် လည်းရှိသလို သံချိတ်များတွင် ပစ်စ လက် ခတ်ချိတ်ထားသည်များမှာလည်း တိုးလိုးတွဲလောင်းနှင့်ဖြစ်သည်။

'ထွဋ်ထွဋ်။ ဟေ့ကောင်'

စောင်ကို ဆတ်ခနဲဆွဲဖယ် လိုက်ပေ မယ့် စောင်အနားစကို ရှိုင်းထွဋ်က တင်း နေအောင်ဆုပ်ထား၍ ဖယ်မရ။

'မင်း ဘာလာလုပ်တာလဲ'

စောင်ခြုံထဲမှအသံ။

'မင်းကို လာခေါ်တာ'

'မလိုက်ဘူး'

'သဘောပဲ ထွဋ်ထွဋ်'

'ဒီဒီ'

သူ အခန်းပြင်ကို ပြန်ထွက်ဖို့ လုပ် တော့ စောင်ခြုံထဲမှ ရှိုင်းထွဋ် ခေါင်းပြူ လာသည်။

'မင်း ဘာလို့လာခေါ်တာလဲ'

'မိငယ်ခေါ်ခိုင်းလို့'

'ဒါပဲလား'

'ဂျီမလေးလည်း မင်းကိုစောင့်နေ တယ်'

စောင်ခြုံအောက်မှ ရှိုင်းထွဋ်ရဲ့ မျက်လုံးဝိုင်းများကို သူ မြင်နေရသည်။ ဒီမျက်လုံးတွေက ဘာကို မျှော်လင့်နေ သည်ဆိုတာကိုလည်း သူ သိသည်။ ဘာ ကို ကြားချင်နေသည် ဆိုတာကိုလည်း သူ သိသည်။

'မိငယ်နဲ့ သဇင်လေးကြောင့်ပဲ မင်း ငါ့ကို လာခေါ်တာပေါ့'

'ဟုတ်တယ်'

'ငါ မယုံဘူး'

ဒီမိုးယံ သက်ပြင်းချရင်း ရှိုင်းထွဋ် နား ပြန်လျှောက်လာခဲ့သည်။

နောက်တစ်ကြိမ်။

နောက်တစ်ကြိမ် သူ ပြောရဦးမည်။

တကယ်တော့ သူ မပြောချင်ပါ။ ဒါပေမဲ့ ရှိုင်းထွဋ် ခေါင်းမာတာကို သူသိ သည်။ ဒီခေါင်းမာလွန်းသည့် ကောင် လေးတစ်ယောက် နားလည်အောင် သူ ထပ်ခါထပ်ခါ ပြောမှရမည်လေ။

'ငါတို့အိမ်ကို မင်း လာချင်လာ။ မလာချင်နေ ရှိုင်းထွဋ်။ မင်းကို မျှော်နေ သူတွေထဲမှာ ငါတော့မပါဘူး'

သူငယ်ချင်းဖြစ်သူရဲ့ မျက်လုံးဝိုင်း တွေကို နာကျင်မှုတွေနဲ့ ပြည့်နှက်သွား အောင် သူ ပြောရတာ ဒီတစ်ခါနောက်ဆုံး ဖြစ်ပါစေဟုတော့ သူ ဆုတောင်းမိသည်။

## အပိုင်း (၂၄)

မီးရောင်ထိန်ထိန်လင်းနေသော ဟို တယ်ခန်းမကြီးသည် တောက်ပမှုများ ဖြင့်သာ ဖွဲ့စည်းထားလေသလားဟု ထင် ရလောက်သည်။ ဟိုတယ်ခန်းမ အလယ် မျက်နှာကြက်မှ မီးဆိုင်းကြီးသည် လင်း ထိန်ခန့်ညားနေသလို အိစက်နေသော ဆိုဖာကြီးများသည်လည်း ဧည့်ကြိုကောင် တာနှင့် မလှမ်းမကမ်းတွင် ရှိနေသည်။

စကားပြောနေသူများ၊ ဖြတ်သန်း သွားလာသူများ၊ ခပ်သုတ်သုတ် သွားလာ ကာ အလုပ်ရှုပ်နေသော ဟိုတယ်ဝန်ထမ်း များဖြင့် ဧည့်ခန်းမကြီးတစ်ခုလုံးမှာ ပြည့် နှက်နေသည်။ ထူးခြားချက်ကတော့ သူ တို့အားလုံး တောက်ပြောင်လှပစွာ ဝတ် စားဆင်ယင်ထားခြင်း ဖြစ်သည်။ ဝန် ထမ်းများကလည်း ဝန်ထမ်းဝတ်စုံများနှင့် ကျက်သရေရှိနေသလို ဧည့်သည်များ၏ ကိုယ်မှ တဖျတ်ဖျတ်လက်နေသော လက် ဝတ်ရတနာများနှင့် အဝတ်အစားဒီဇိုင်း

ဆန်းဆန်းများသည်လည်း ထူးခြားမှုများဖြင့် တောက်ပြောင်နေကြသည်။

ဟိုတယ်ဝန်ထမ်းမှ တရိုတသေဖွင့်ပေးလာသော တံခါးပေါက်မှ လှမ်းဝင်လိုက်သည်နှင့် လင်းလက် ရင်တွေခုန်ကာ လက်ဖျားတွေ အေးလာသည်။ ခေတ်မီ အဝတ်အစား ဒီဇိုင်းမျိုးစုံဖြင့် လှပလွန်းနေသော လူများကြားမှာ သူမ ဝင်ဆံ့ပါ့မလားဆိုသည့် မေးခွန်းက မေးစရာမလိုဘဲ ခေါင်းထဲတိုးဝင်လာသည်။ တကယ်တော့ သူမ ဝတ်ဆင်ထားသည့် အဝတ်အစားများမှာလည်း ကဲ့ရဲ့စရာတော့မဟုတ်ပါ။ ဒါပေမဲ့ သိမ်ငယ်သလို ခံစားရတာတော့ အမှန်ပင်ဖြစ်သည်။

အဖြူရောင် ပါးလျားသော ပိတ်သားစပေါ်တွင် ဇာဖောက်ထားသော အခက်အနွယ်လေးများမှာ ယဉ်ယဉ်လေးနှင့် လင်းလက်၏ အလှကို ပေါ်နေစေသည်။ ပေါင်တံရှည်များကို ထွင်းဖောက်မြင်ရသော ပါးလျားသည့် ပိတ်သားစဖြစ်သော်လည်း အောက်ခံအနက်ရောင်ကိုယ်ခန္ဓာကွက်တိ ဂါဝန်နက်လေးမှာ ပေါင်လယ်ထိရှိသည်ဖြစ်၍ မရိုင်းပါ။ ပုလဲရောင် ဒေါက်မြင့်ဖိနပ်လေးနှင့် ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ဝေ့ဝိုက်လွင့်သွားသော ကြည်လင်သော ဂါဝန်အနားစလေးများမှာ လှိုင်းလုံးများကြားမှ လျှောက်လှမ်းလာသော ပင်လယ်စောင့်နတ်သမီးလေးလို သူမ အလှကို ပေါ်လွင်စေသည်။

'ဟိုလေ။ xxx က လုပ်တဲ့ show ပွဲခန်းမက ဘယ်နားမှာလဲဟင်'

အနားမှာရှိနေသည့် ဝန်ထမ်းကောင်လေးကို မရဲတရဲလှမ်းခေါ်ရင်း လင်းလက် မေးလိုက်သည်။ ဝန်ထမ်းကောင်လေးက

'ဟုတ်ကဲ့။ ဒီဘက်ကိုကြွပါအစ်မ'

ဟု သူမကို တရိုတသေ လမ်းညွှန်ပြသည်။ ဖိတ်စာကတ်ကိုပင် မတောင်း။ သူမကို ဒီမိုးယံနှင့်အတူ တွဲသိနေသည်မှာ သေချာသည်။

ဟိုတယ်ကော်ရစ်ဒါတစ်လျှောက် ဝန်ထမ်းကောင်လေးနောက်မှ လိုက်လာရင်း နံရံတစ်ဖက်တစ်ချက်တွင် ကပ်ထားသော ပန်းချီကားများကို ငေးကြည့်လာခဲ့သည်။ comtemporary art ဟု ခေါ်သည့် ခေတ်ပြိုင်ပန်းချီကားများကို သူမ နားလည်သည်တော့မဟုတ်။ ဒါပေမဲ့ ခေတ်နှင့်အညီ ပရိဘောဂမှအစ အဆင်အပြင်ကိုပါ ရွေးချယ်ထားသည့် ယခုဟိုတယ်ကြီးအတွက်ကတော့ ဒီပန်းချီကားများနှင့် လိုက်ဖက်နေသည်ကို သူမ မငြင်းနိုင်။

'ဒီကနေဝင်သွားရင် ရောက်ပါပြီခင်ဗျ'

'ဟုတ်ကဲ့။ ကျေးဇူးပါနော်'

နီညိုရောင်တံခါးလက်ကိုင်ကို တွန်းဖွင့်ကာ လှမ်းဝင်လိုက်သည်။ ခန်းမအတွင်း ထွန်းညှိထားသော ဆလိုက်မီးများကြောင့် မျက်လုံးများပင် ကျိန်းစက်သွားသည်။ မြူးကြွသော တီးလုံးများကလည်း ခန်းမထဲမှာ ဟိန်းနေသလို ခန်းမလယ်တွင်ရှိနေသော ဆလိုက်မီးဖြူများကြားမှ အဖြူရောင် လမ်းလျှောက်စင်သည် ရှည်လျားခန့်ညားလွန်းနေသည်။

'မမ...'

တရင်းတနှီး လှမ်းခေါ်သံကြောင့် လင်းလက် ဘေးဘက်သို့ လှည့်ကြည့်လိုက်သည်။ မတ်တပ်ရပ်စကားပြောနေသော လေးယောက်အုပ်စုကြားမှ ကောင်လေးတစ်ယောက် သူမကို လက်ပြနှုတ်ဆက်နေသည်။

'မှူးသစ္စာ'

မိန်းကလေးနာမည်နှင့် ခပ်ချောချောကောင်လေးကို သူမ မှတ်မိစွာ ပြန်လည်ပြုံးပြလိုက်သည်။ သစ္စာက ဒီမိုးယံ၏ လုပ်ဖော်ကိုင်ဖက် မော်ဒယ်တစ်ယောက်လည်းဖြစ်သလို ဟန်ဆောင်မှုများနှင့်သာ ပြည့်နေတတ်သော ဒီလောကတွင် မျက်နှာဖုံးမပါသည့် ဒီမိုးယံအတွက် သူငယ်ချင်းကောင်းတစ်ယောက်ဟုလည်း ပြော၍ရသည်။

'လာ မမ။ မမအတွက် နေရာက ဟိုးထိပ်ဆုံးမှာ'

သစ္စာက သူမ လက်ကိုဆွဲကာ runway နေရာကို ခြံရံပြီး ချထားသော ထိုင်ခုံများထဲမှာ ထိပ်ဆုံးနားမှာရှိနေသော နေရာကို ခေါ်သွားခဲ့သည်။ ထိုင်ခုံတွေက အများကြီးတော့မဟုတ်။ လျှောက်လမ်းတစ်လျှောက်ကို ခြံရံကာ သုံးတန်းလောက်သာ ချထားခြင်းဖြစ်သည်။ ဒါပေမဲ့ ဒီပွဲကို လာကြသူများသည် တကယ့်လူချမ်းသာအသိုင်းအဝိုင်းကဆိုတာ မေးစရာမလို။ အဝတ်အစားနှင့် အပြင်အဆင်များကို ကြည့်လိုက်သည်နှင့် သူမ သိသည်။

'မင်းရော ဒီနေ့ပွဲမှာ မလျှောက်ဘူးလား သစ္စာ'

'ကျွန်တော်လား။ rehearsal မှာ ခြေကျင်းဝတ်လည်သွားတယ်။ ဟီး'

'ဟယ်'

'ဘာမှမဖြစ်ဘူး မမ။ နည်းနည်းနာသွားရုံလောက်ပဲ'

သူမ စိတ်ပူပန်စွာ လှည့်ကြည့်တော့ သစ္စာက လက်ကာပြီး ကပျာကယာရှင်းပြသည်။

'အခုပွဲမှာ ကျွန်တော့်နေရာမှာ ဒီမိုးယံဝင်လိမ့်မယ်။ ဒီကောင်က show leader လည်းဖြစ်တော့ ဘယ်လိုအဝတ်အစားလဲမလဲတော့ ကျွန်တော်လည်း မသိဘူး'

သစ္စာက ရယ်ရင်းပြောပေမယ့် လင်းလက် ဒီမိုးယံအတွက် စိတ်မပူဘဲမနေနိုင်။ show leader ဆိုတာက ပွဲတစ်ခုမှာ အရေးအကြီးဆုံးဖြစ်သည်။ အကောင်းဆုံး၊ အတော်ဆုံးဟု ပြောလို့လည်းရောက်သည်။ show ပွဲစစချင်း သစ္စာတို့လို အရံတွေက အရင်ထွက်ရသည်။ show leader ကတော့ အားလုံးလျှောက်ပြီးမှ အကောင်းဆုံးအဝတ်အစားဖြင့် ပွဲလုပ်ပေးသည့် လုပ်ငန်းရှင်ကို ခေါ်ထုတ်လာရသည်။

show လျှောက်သည်ဆိုသည်မှာလည်း ပြီးစလွယ်တော့မဟုတ်။ နှစ်ရက်၊ သုံးရက်လောက် show director မကျေမနပ်မခြင်း အထပ်ထပ် အခါခါ လျှောက်ကျင့်ထားရသည်။ နောက်ပြီး တီးလုံးနှင့် ကွက်တိဖြစ်ဖို့လည်း လိုသည်။ ထွက်ချိန်၊ ဝင်ချိန်က စက္ကန့်ပိုင်းလောက်ပင် လွဲချော်၍မရ။

လင်းလက် သက်ပြင်းချရင်း စင်မြင့်ပေါ်ကို ငေးကြည့်ကာ အတွေးများက ဟိုရောက်သည်ရောက်ဖြစ်နေသည်။

ကြာခဲ့ပြီပဲ။

အချိန်ကာလအားဖြင့် သုံးနှစ်ဆိုသည့် အချိန်တစ်ခု ကြာခဲ့ပြီပဲဖြစ်သည်။

လင်းလက်တို့ခြံဘေးမှ အုတ်ဘောင်ပေါ်တွင် သူမနှင့် ဒီမိုးယံ ပျော်ရွှင်နောက်ပြောင်စွာ လမ်းလျှောက်ကျင့်ခဲ့သည့် အချိန်များသည် အခုတော့ လွမ်းစရာကောင်းနေသည်။ သူမ ဝတ်ပေးသော အဝတ်အစားဒီဇိုင်းများအတိုင်း မငြီးမငြူ ဝတ်ကာ ကင်မရာရှေ့နေပေးသော ကောင်လေးသည် အခုတော့လည်း လျှမ်းလျှမ်းတောက်အောင်မြင်နေသည့် မော်ဒယ်ကောင်လေးတစ်ယောက် ဖြစ်လို့နေပြီဖြစ်သည်။ သူများတွေက ကင်မရာရှေ့နေတတ်ဖို့ သင်ကြားလေ့လာရချိန်မှာ ဒီမိုးယံက ဘယ်လိုနေနေ ကြည့်ကောင်းနေတတ်ပုံကို သတိရမိတော့လည်း ဂုဏ်ယူမှုများနှင့် သူမ ပြုံးမိသည်။

ဓာတ်ပုံရိုက်ခံရသည်ထက် ရှိုးပွဲလျှောက်ရသည်ကို ပိုပြီးဝါသနာကြီးသည့် ဒီမိုးယံ..

အင်တာဗျူးသူတွေနှင့် ဘယ်တော့မှ အဆင်ပြေစွာ မဆက်ဆံတတ်သည့် ကောင်လေး..

သူ ဘာဖြေဖြေ၊ ဘယ်လိုနေနေ အားပေးချစ်ခင်နေတတ်သည့် ဒီမိုးယံ၏ ပရိသတ်များ..

ဒီဒီနှင့်ပတ်သက်ပြီး လင်းလက်ဘဝမှာ မေ့မရစရာတွေ အများကြီးရယ်ပါ။

'ဟိုအကောင် ပါသေးလား'

'ပါမှာပေါ့။ မပါလို့ဖြစ်မလား။ ပွဲပိုင်ရှင်ကို ပေါင်ကြားထဲထည့်ထားတာကို'

သူမနောက်နားမှ အတင်းပြောသံက ခပ်တိုးတိုး ထွက်လာသည်။ အထူးအဆန်းတော့ မဟုတ်။ ဒါမျိုးတွေက ဒီလိုပွဲမျိုးတွေမှာ ကြားနေရမြဲဖြစ်သည်။ အချင်းချင်း မနာလိုသံတွေလည်း ပါသည်။ အမှန်တရားတွေလည်းပါသည်။ ရှုပ်ထွေးပျက်ဆီးလွန်းသည့် ဒီလောကအကြောင်းကို အနည်းနဲ့အများတော့ သူမလည်း သိနေပြီဖြစ်သည်။

'နေရာတကာ သူချည်းပဲ'

'ဟုတ်ပ။ ရုပ်လေးနဲ့ လုပ်စားနေတာ။ သူပွဲလျှောက်ရင် သူဝတ်ထားတဲ့ အဝတ်အစားထက် သူ့ကိုပဲ ပိုကြည့်လွန်းလို့ ပွဲရှင်တွေတောင် လက်မခံချင်ဘူးပြောတာပဲ'

ဓအေး။ ဒါပေမဲ့ သူ မပါဘဲလည်း ဘယ်သူက ပွဲလုပ်ဖူးလို့လဲ။ နင် ကြားသေးလား။ အခု အဲ့ကောင်က အသစ်ကောင်မလေးနဲ့တဲ့'

'ဟယ်။ တကယ်လား။ ဟိုတစ်လောကတွဲနေတဲ့ သူဌေးသားဆိုတာကရော'

'ထားခဲ့ပြီပြောတာပဲ။ ချူစားလို့ ဝသွားလို့နေမှာပေါ့'

'ဟီ။ ဟုတ်မှာ။ ဒါနဲ့ အဲ့အကောင်က ဈေးဗန်းခင်းတာ အရမ်းတော်တယ်'

'ဟုတ်ပ။ သူနဲ့တွဲသူတွေက တိုက်ခန်းကအစ ကားအဆုံး ဝယ်ပေးတာတဲ့'

'အခုတွဲနေတဲ့ ကောင်မလေးကတော့ အဲဒီလောက် မချမ်းသာဘူးဆိုလားပဲ။ ဆေးကျောင်းတက်နေတယ်ဆိုတာက လွဲရင် ဘာဂုဏ်မှ မရှိဘူး'

လင်းလက် နောက်ဘက်သို့ လှည့်မကြည့်ဖြစ်ပါ။ ဒါပေမဲ့ သူမ ပခုံးတွေ

သူမနောက်နားမှ
အတင်းပြောသံက
ခပ်တိုးတိုး ထွက်လာသည်။
အထူးအဆန်းတော့ မဟုတ်။
ဒါမျိုးတွေက
ဒီလိုပွဲမျိုးတွေမှာ
ကြားနေရမြဲဖြစ်သည်။
အချင်းချင်း
မနာလိုသံတွေလည်းပါသည်။
အမှန်တရားတွေလည်း
ပါသည် ...

မတ်သွားသည်။ သူတို့ပြောနေသူ၏ နာမည်သည် သူမ မြတ်နိုးရသည့် နာမည်ပိုင်ရှင်တော့ မဟုတ်ပါစေနဲ့ဟု ရင်တွင်းမှ ကြိတ်ပြီးဆုတောင်းမိသည်။

'နင် မသိလို့ပါဟာ။ ဒီကောင် ဘယ်လောက်ရည်းစားများများ သူ တကယ်ချစ်တာ သူ့ မမ ပဲရှိတယ်'

'နင်ကလည်း သေချာလို့လား'

လင်းလက် ဆက်မကြားရဲတော့။ သူမ မျက်နှာတွေ ပြင်မရအောင် ပျက်ယွင်းနေပြီဖြစ်သည်။ သစ္စာက တခြားဘေးတစ်ဖက်မှ လူတစ်ယောက်နှင့် ရယ်ရယ်မောမော စကားပြောနေသဖြင့် နောက်ဘက်မှ တီးတိုးသံများကို သတိထားမိဟန်မတူ။

'သေချာတာပေါ့။ အဲ့မမဆိုတဲ့ဟာမကို အရမ်းအလေးပေးတာ။ တရားဝင်သာမတွဲတာ။ အဲ့မိန်းမရှိရင် ကျန်တာတွေကို အကုန်ခေါက်ထားတာဟ။ လှည့်ကိုမကြည့်တာ။ နောက်ပြီး ငါ သိသလောက် မမကို လက်ဖျားနဲ့တောင် မတို့ဘူးဆိုပဲ'

'ဘာရယ်'

'အေးလေ။ ဒီကောင်က တွေ့သမျှလူနဲ့အိပ်တာ။ မမနဲ့တော့ ဘာမှမဖြစ်ဘူးတဲ့။ တကယ်ချစ်လို့ပဲဖြစ်ရမယ်'

'သူတို့ဘာသာ တိတ်တိတ်ပုန်းတွဲနေလည်း နင် သိတာကျနေတာပဲ'

'ဟား ဟား'

'ဒါနဲ့လေ။ သူနဲ့တွဲဖူးတဲ့သူတိုင်းက ပြောကြတယ်။ အိပ်ရာထဲမှာ အဲ့ကောင် ဒီမိုးယံက တကယ်ကျွမ်းတာတဲ့'

ရယ်သံတွေကို ကြားနေရသည်။ လင်းလက် ငိုချင်လာသည်။ လူတွေသာ အနားမှာမရှိလျှင် သူမ ကလေးတစ်ယောက်လို ရှိုက် ရှိုက်ပြီးသာ ငိုလိုက်မိမည်ထင်သည်။

ပြောရက်လိုက်ကြတာ...

သူမအတွက် တန်ဖိုးရှိလွန်းတဲ့ သူမ မြတ်နိုးရလွန်းသည့် လူသားတစ်ယောက်ကိုမှ တစ်ပြားမှမတန်အောင် ပြောရက်ကြသည့် လူတွေကို သူမ နာကြည်းချင်ပေမယ့် အခွင့်မရှိ။ သူတို့ပြောနေသည့် စကားများ အားလုံးက မမှန်ခဲ့လျှင်တောင် တစ်ချို့တစ်ဝက်က အမှန်တွေဆိုတာ လင်းလက်သိသည်။ ဒီမိုးယံနားသို့ရောက်လာတိုင်း ဒီစကားမျိုးတွေကို သူမ ကြားရတတ်သည်။

ရင်ခွင်တစ်ခုလုံး ဆွဲစုတ်ခံရသလို ခံစားရတာမှလွဲလျှင် သူမ တတ်နိုင်တာ ဘာဆိုဘာမှ မရှိပါ။

မှောင်မိုက်သွားသော မီးရောင်များကြောင့် ပွဲစပြီဆိုတာကို လင်းလက်သိလိုက်သည်။ အခုအချိန်မှာတော့ သူမအတွက် အကောင်းဆုံးဖြစ်သည်။ စို့တက်လာသော မျက်ဝန်းထောင့်မှ မျက်ရည်စကို ဘယ်သူမှ သတိမထားမိအောင် သုတ်ဖယ်ခွင့် ရသွားသည်လေ။

မြူးကြွသောတီးလုံးများနှင့် မော်ဒယ်မိန်းကလေးများ တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြသည်။ လှပလွန်းသည်။ တောက်ပလွန်းသည်။ အဝတ်အစား ဒီဇိုင်းမျိုးစုံနှင့် တည့်မတ်ဟန်ပါစွာ လျှောက်နေသည့် မိန်းကလေးများ၏ အဝတ်အစားများကိုရော မျက်နှာများကိုပါ သူမ သတိမထားမိ။ လင်းလက် မျက်လုံးများက မော်ဒယ်များ ထွက်ပေါ်လာရာ မျက်စိဆုံးမှ နေရာကွယ်တစ်ခုကိုသာ စူးစိုက်ကြည့်နေမိသည်။

သိပ်မကြာလိုက်ပါ။

မိန်းကလေးများ အားလုံးဝင်သွားတာနှင့် သူမ စောင့်မျှော်နေသည့် အရိပ်လေးကို မြင်လိုက်ရသည်။

'1st round မှာကတည်းက စဝင်လိုက်တာပဲ။ ဒီကောင်ကတော့'

သူမဘေးမှ သစ္စာ၏စကားသံကို မကြားမိလိုက်။ လမ်းလျှောက်စင်ပေါ်တစ်လျှောက် ထွန်းညှိထားသော မီးလုံးငယ်

> သေချာတာပေါ့။
> အဲ့မမဆိုတဲ့ ဟာမကို
> အရမ်းအလေးပေးတာ။
> တရားဝင်သာ မတွဲတာ။
> အဲ့မိန်းမရှိရင် ကျန်တာတွေကို
> အကုန်ခေါက်ထားတာဟ။
> လှည့်ကိုမကြည့်တာ။
> နောက်ပြီး ငါသိသလောက်
> မမကို လက်ဖျားနဲ့တောင်
> မတို့ဘူးဆိုပဲ ...

များကြားမှ ခပ်မတ်မတ် လျှောက်လာသော ဒီမိုးယံကိုသာ မျက်တောင်မခတ်ဘဲ သူမ စူးစိုက်ကြည့်နေမိသည်။

ကိုယ်နေဟန်က ခိုင်မာလွန်းသည်။

မျက်စိရှေ့တည့်တည့်က တစ်နေရာတည်းကိုသာ စူးစိုက်ကြည့်နေသော အကြည့်တွေက စူးရှလွန်းသည်။

တည်နေသော မျက်နှာမှာ တစ်ခါ မြင်ရုံနှင့် တစ်သက်လုံး မေ့မရနိုင်လောက်အောင် ဆွဲဆောင်မှုအပြည့်။

လျှောက်စင်အဆုံးထိ တစ်လှမ်းချင်း မမြန်၊ မနှေးလျှောက်လာပုံမှာ အားလုံးကို အသက်ရှူမေ့သွားလောက်အောင် လုပလွန်းသလို လက်များကို ဘေးတစ်ဖက်တစ်ချက်မှာ လွတ်လပ်စွာချကာ စိတ်အေးအေးလျှောက်နေပုံမှာ ပေါ့ပါးသလို ခန့်ညားမှုနှင့်အပြည့်။

ဒီမိုးယံ၏ ရှည်လျားသော ခြေတံများနှင့် ကွက်တိဖြစ်သော ဂျင်းဘောင်းဘီမှာ သပ်ရပ်အချိုးကျစွာ ရှိနေသလို ကိုယ်ခန္ဓာအထက်ပိုင်းမှ ဇကာပေါက်ပါသည့် အနက်ရောင်လက်ပြတ်အင်္ကျီနှင့် သားရေဂျာကင် လက်ရှည်ကလည်း စူးရှသည့် အကြည့်များကို ပိုပြီးအထောက်အကူဖြစ်နေစေသည်။ လှိုင်းတွန့်ကောက်များနှင့် ဆံပင်များက မညီမညာနှင့် နဖူးပေါ်ဝဲကျနေသည်။ တီးတိုးသံတွေ၊ လေချွန်သံတချို့နှင့် ကင်မရာမီး တဖျတ်ဖျတ်သည် ထူးထူးခြားခြား ပိုကျယ်လောင်သွားသည်။

'ဘုရားရေ ချောလိုက်တာဟယ်'

'သူသာ ငါ့ကို တစ်ချက်ကြည့်ရင် သေပျော်ပြီ'

အခုနလေးတင်ကမှ မကောင်းပြောနေသူများထံမှ ချီးကျူးသံများနှင့် တပ်မက်သံများကို လင်းလက် ကြားလိုက်ရတော့ ဘာမှန်းမသိပေမယ့် ဂုဏ်ယူမိသည်။ သူမ၏ ဒီမိုးယံလေးသည် တောက်ပသည့် ကြယ်တစ်ပွင့်ပါ။ သူမအတွက်တော့ တကယ့်ကို ဂုဏ်ယူစရာကောင်းသည့် ကြယ်လေးတစ်ပွင့်။

လမ်းလျှောက်စင်အဆုံးမှာ ခြေတစ်ဖက်တစ်ချက်စီပေါ် စက္ကန့်ပိုင်းမှ အားပြုပြီး ဟိုဘက်ဒီဘက် ဝေ့ခနဲယိုင်လိုက်ကာ ကြည့်ကောင်းဟန် ဟန်ပြချိန်မှာ လင်းလက်အသက်မရှူမိ။ ဒီနောက်မှာတော့ ဒီမိုးယံ သူမရှိရာ တစ်ချက်လှမ်းကြည့်ကာ နှုတ်ခမ်းထောင့်လေးကွေးရုံပြုံးလိုက်ကာ မျက်စိတစ်ဖက် မှိတ်ပြသွားသည်။

'ဒီကောင်လေးကတော့နော်'

ရင်တွေခုန်လွန်းသဖြင့် သူမဘယ်ဘက်ရင်အုံကို လက်များဖြင့် ဖိအုပ်ထားရသည်။ လှည့်ထွက်သွားပြီဖြစ်သော ဒီမိုးယံကို သူမ အော်ဆူလိုက်ချင်သည်။ တကယ်ဆို မျက်နှာတည်ဖြင့်သာ လျှောက်ရသည့်ပွဲမှာ ဒီမိုးယံ လုပ်သွားပုံက စည်းကမ်းမှန်သမျှကို ချိုးဖောက်သွားခြင်းဖြစ်သည်။ ဒါပေမဲ့ ဒီအတွက် ဒီမိုးယံကို အပြစ်တင်မည့်သူကတော့ ရှိမှာမဟုတ်။

Show ပွဲပြီးသွားသည်နှင့် တီးလုံးသံများကြားမှာ စကားသံများဖြင့် တဖန်ပြန် လည်ဆူညံလာသည်။ နှုတ်ဆက်သံများ၊ ချီးကျူးသံများ လက်ခုပ်သံများကြားမှာ လင်းလက် ဆက်မနေချင်တော့။ မိတ်ဆက်စကားများ၊ ဝိုင်းဖွဲ့စကားများ၊ တီးတိုးချိန်းချက်ခြင်းများနှင့် လုပ်ရှားသက်ဝင်နေတတ်သည့် နေရာတစ်ခုမှာ သူမ ရှိမနေချင်တော့။

'မပြန်ပါနဲ့ဦးမမရ။ သူ ထွက်လာလို့ မမကိုမတွေ့ရင် ဒီမိုးယံက ကျွန်တော့်ကိုဆဲမှာ'

အိမ်ပြန်ရန် ဟန်ပြင်နေသော လင်းလက်ကို အတင်းတားနေသည့် သစ္စာကို အားနာပေမယ့် မတတ်နိုင်။

'နောက်မှ မမသူ့ကို ဖုန်းပြန်ဆက်လိုက်ပါ့မယ်။ အခုတော့...'

'လာပါ မမရာ။ ခဏလေးပါ။ မမရှိ

ရင်တွေခုန်လွန်းသဖြင့်
သူမဘယ်ဘက်ရင်အုံကို
လက်များဖြင့်
ဖိအုပ်ထားရသည်။
လှည့်ထွက်သွားပြီဖြစ်သော
ဒီမိုးယံကို သူမ
အော်ဆူလိုက်ချင်သည်။
တကယ်ဆို
မျက်နှာတည်ဖြင့်သာ
လျှောက်ရသည့်ပွဲမှာ
ဒီမိုးယံ လုပ်သွားပုံက
စည်းကမ်းမှန်သမျှကို
ချိုးဖောက်သွားခြင်း
ဖြစ်သည် ...

နေရင် သူ ချက်ချင်းထွက်လာမှာ'

ငြင်းခွင့်မရလိုက်။ လက်ဆွဲခေါ်သွားသည့် သစ္စာနောက်သို့ လင်းလက် တရွတ်တိုက် ပါသွားရသည်။ ဟိုတယ် ကော်ရစ်ဒါတစ်လျှောက် ဖြတ်လျှောက်ပြီး စားသောက်ခန်းရှိရာ သီးခြားခန်းမထဲသို့ ခေါ်ဆောင်သွားခြင်းဖြစ်သည်။ စားပွဲထိုင်ခုံများ သပ်ရပ်ခန်းနားစွာ ပြင်ဆင်ခင်းကျင်းထားသော ခန်းမကျယ်ကြီး၏ ဘေးနံရံတစ်နေရာတွင် နိုင်ငံခြားဖြစ် အရက်မျိုးစုံကို နံရံကပ်စင်များတွင် ခင်းကျင်းပြသထားသော ဘားကောင်တာ ရှိနေသည်။ အဖိုးတန်စကျင်ကျောက်ပြား ခင်းထားသည့် ကောင်တာသည် တလက်လက်တောက်ပနေသလို သားရေအုပ်ထားသည့် အနက်ရောင် ခုံဝိုင်းမြင့်များ၏ အောက်ခြေထောက်တိုင်များသည်လည်း စတီးရောင်တောက်နေသည်။

'ပြန်ပါရစေ သစ္စာရယ်။ မိုးချုပ်နေပြီ'

'ချုပ်ပါစေဗျာ။ ဒီမိုးယံ လိုက်ပို့မှာ သေချာနေတာပဲ။ ဒီကောင်က ဘယ်တုန်းက မမကိုတစ်ယောက်တည်း အိမ်ပြန်ခိုင်းဖူးလို့လဲ။ ရှမ်ပိန် ချာတိတ်'

သစ္စာက လင်းလက်ကို ပြောရင်းမှ ဘားကောင်တာမှ ဘားမန်းကို ရှမ်ပိန်နှစ်ခွက် လှမ်းမှာလိုက်သည်။ လင်းလက်အခု အချိန်ထိ ဒီမိုးယံကို စောင့်ရမည်လား၊ ထွက်သွားရမည်လည်း ဝေခွဲမရသေး။ နောက်မှ သက်ပြင်းချကာ ခုံဝိုင်းမြင့်ပေါ် ဝင်ထိုင်လိုက်ရသည်။ သစ္စာ ကမ်းပေးလာသော ရှမ်ပိန်ခွက်ကို လှမ်းယူချိန်မှာတော့ သူမနောက်မှာ လူရိပ်တစ်ခု ရောက်လာခဲ့သည်။

'မမက ဒါတွေ သောက်လို့မရဘူးလေဗျာ'

လင်းလက် လက်ချောင်းများကြားမှ ရှမ်ပိန်ဖန်ခွက်ရှည်လေးမှာ ဒီမိုးယံ လက်ထဲရောက်နေပြီဖြစ်သည်။ အဖြူရောင် အသားကပ် လက်ပြတ်အင်္ကျီလေးက အချိုးအစားကျလွန်းသည့် ကိုယ်ခန္ဓာမှာ ချပ်ချပ်ရပ်ရပ် ဝတ်ထားသည်။ ဘောင်းဘီကတော့ show လျှောက်ခဲ့သည့် ဂျင်းဘောင်းဘီရှည်ပဲဖြစ်သည်။ လက်ကောက်ဝတ်မှ ခေတ်မီတံဆိပ် နာရီဝိုင်းလေးနှင့် ဒီမိုးယံကိုယ်ပေါ်မှာ ဘာတစ်ခုမှ အပိုအလိုမရှိ။ သစ္စာကတော့ သူမဘေးမှ ကောင်လေးကိုကြည့်ရင်း မျက်လုံးပြူးနေသည်။

'မင်း မြန်လှချည်လား ဒီမိုးယံ'

'အေး။ မမ စောင့်နေရမှာစိုးလို့ အမြန်ဆုံးလာခဲ့တာ။ ဘယ်သူ့မှ မနှုတ်ဆက်ခဲ့ဘူး'

'ဟော့ကောင်။ မင်းက show leader လေ'

'ဘာဖြစ်လဲကွာ။ ဂရုမစိုက်ဘူး။ မင်းစိုးရိမ်ရင် မင်း မျက်နှာသွားပြလိုက် သစ္စာ'

'ကျွန်တော်မပြောဘူးလား။ မမရှိနေရင် ဒီကောင်မနေနိုင်ပါဘူးလို့'

သစ္စာ ရယ်သံနှင့်ပြောပြီးမှ သူတို့နားမှ ထွက်သွားခဲ့သည်။ လင်းလက်ဘေးထိုင်ခုံမှာ ဒီမိုးယံ ဝင်ထိုင်ရင်းခွက်ထဲမှ ရှမ်ပိန်ကို တစ်ခါတည်းနှင့် အကုန်မော့သောက်ပြီး ဘားကောင်တာပေါ်မှာ လှမ်းတင်လိုက်သည်။

'ဒီဒီနော်။ ဒါတွေသောက်နေ ပြန်ပြီ'

သူမ ဆူတာကို ပန်းနှင့်ပေါက်သည်ဟု သဘောထားလားမသိ။ ကလေးတစ်ယောက်လို ခုံအဝိုင်း၏ အနားကို လက်နှစ်ဖက်စုရှေ့ချပြီးကိုင်ကာ ပတ်ချာလှည့်နေသည်။ အခုနတုန်းက show ပွဲမှာ စတိုင်ကျစွာ၊ ခန့်ညားစွာ လျှောက်ခဲ့သည့် မော်ဒယ်ကောင်လေးဟု ကျမ်းကျိန်ပြောလျှင်တောင် ယုံနိုင်စရာမရှိ။ သူ့စိတ်ကြိုက် ပတ်ချာလှည့်ပြီးမှ သူမကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ပြီး ပြုံး

လင်းလက်အခု အချိန်ထိ
ဒီမိုးယံကို စောင့်ရမည်လား၊
ထွက်သွားရမည်လည်း
ဝေခွဲမရသေး။
နောက်မှ သက်ပြင်းချကာ
ခုံဝိုင်းမြင့်ပေါ်
ဝင်ထိုင်လိုက်ရသည်။
သစ္စာ ကမ်းပေးလာသော
ရှမ်ပိန်ခွက်ကို
လှမ်းယူချိန်မှာတော့
သူမနောက်မှာ လူရိပ်တစ်ခု
ရောက်လာခဲ့သည် ...

> **ဒြိမ်းခြောက်မှုအပြည့်နှင့် အေးစက်သည့်အသံကြောင့် လင်းလက်ပင် နေစရာ မရှိတော့လောက်အောင် ခံစားလိုက်ရသည်။ ထိုလူကတော့ အတန်ငယ် ကြောင်တောင်တောင် ဖြစ်နေပြီးမှ အေးပါကွာဟုဆိုကာ သူတို့နားမှ နှုတ်ဆက်ထွက်ခွာသွားသည် ...**

သည်။

'မမ အရမ်းလှတယ်ဗျာ'

လင်းလက် မရှက်ဘဲ မနေနိုင်ပါ။ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်လို ပါးနှစ်ဖက်လုံး နီရဲသွားခဲ့သည်။

'မင်းကမှ တကယ့် star ပါ ဒီဒီရာ။ အရမ်းတော်တယ်'

သူမ လိုက်လိုက်လဲ့လဲ့ ချီးကျူးတော့ သွားတက်လေးများပေါ်အောင် ဟီးခနဲ ရယ်ကာ ခေါင်းကုတ်ပြီး ရှက်နေသေးသည်။ ဘယ်လိုတောင် ချစ်ဖို့ကောင်းမှန်း မသိ။

ဒီကောင်လေးကလေ...

ဖြစ်နိုင်ပါ့မလားနော်...

ဒီမိုးယံနှင့်ပတ်သက်ပြီး သူမ ကြားရတဲ့ သတင်းတိုင်းကို ယုံကြည်ဖို့ လင်းလက်မှာ ခွန်အားမရှိသလို ဖွင့်မေးဖို့လည်း ဘယ်တုန်းကမှ သတ္တိမရှိခဲ့။ အတွေးများကို ရပ်တန့်ရင်း နှုတ်ဆက်ဖို့ ကြိုးစားရသည်။

'မမ ပြန်ဦးမယ်။ မင်းလည်း တခြားလုပ်စရာတွေ အများကြီးရှိဦးမှာ'

'ကျွန်တော် လိုက်ပို့ပေးမယ်'

'ရတယ်။ မမ ကားပါတယ်'

'ကျွန်တော် မောင်းမယ်လေ'

'မင်းကားကို ဘယ်နားထားခဲ့လို့လဲ'

'ဒီမှာပဲ ထားခဲ့မှာပေါ့'

တစ်ခွန်းမကျန် ထင်သလိုဖြေနေသည့် ကောင်လေးကို လင်းလက် တကယ်မနိုင်။

'အလကား အလုပ်ရှုပ်မခံနဲ့ ဒီဒီရာ။ မမကိုလိုက်ပို့ပြီးရင် ဒီကို မင်းဘယ်လိုပြန်လာမလဲ။ မမနေတဲ့နေရာက ကားငှားဖို့ အဆင်မပြေတာ သိရဲ့သားနဲ့'

ကောင်းဖို့က စေစ တွေ ရှိနေပြီ လေ မမရာ။ ခေတ်နောက်ကျလိုက်တာ။ေ

နဖူးပေါ် ငိုက်ကျလာသည့် ဆံပင်များကို သပ်တင်ရင်း ဖြေပုံလေးကငေးကြည့်ချင်စရာ။ နာရီဝိုင်းလေးမှ တစ်ဆင့် ရောင်ပြန်ဟပ်သည့် အလင်းရောင်တစ်ချို့က မျက်လုံးစိမ်းတောက်တောက်လေးများကို ဖြတ်သန်းသွားချိန်သည် လောကမှာ အလှပဆုံးအခိုက်အတန့်များဟု လင်းလက် ထင်မိသည်။

'မင်းကွာ။ ရှာလိုက်ရတာ။ ဟိုမှာ မင်းကိုနှုတ်ဆက်ချင်လို့ စောင့်နေတဲ့ လူတွေအများကြီးပဲ'

အသက်လေးဆယ်အရွယ် လူကြီးတစ်ယောက်၏ ခေါ်သံကြောင့် ဒီမိုးယံ တစ်ချက်လှည့်ကြည့်ပြီး ဘာလာရှုပ်ပြန်ပြီလဲဗျာဆိုပြီး ညည်းသည်။ ကုတ်အင်္ကျီ၊ နက်ကတိုင်၊ အနောက်တိုင်းဝတ်စုံအပြည့်အစုံဖြင့် ခန့်ညားနေသော လူကြီးက သူမတို့ရှိရာ လျှောက်လာပြီး သူမကို ပြုံးပြသည်။

'သြော်။ မမ ရောက်နေတာကိုး။ အဲဒါကြောင့် မင်းကို ရှာမတွေ့တာ'

'အခုပဲ ကျွန်တော် မမကို ပြန်လိုက်ပို့မလို့'

'ငါးမိနစ်လောက်ပဲ လာပြီး မျက်နှာပြစမ်းပါကွာ'

ဒီမိုးယံ မဖြေ။ ပခုံးနှစ်ဖက်သာ တွန့်ပြသည်။ ပြောသည့်အတိုင်း မလုပ်နိုင်ပါဆိုသည့် အမူအရာက အထင်းသား။

'အေးပါကွာ။ မင်း မမ ရောက်လာရင် ဘယ်သူ့ကိုမှ မျက်လုံးထဲမထည့်တော့တာ ငါ သိပါတယ် ဒီဒီရာ။ ဟား ဟား'

လုပ်ငန်းရှင်ဖြစ်ဟန်တူသော ထိုလူကြီးက အလျှော့ပေးသည့်ဟန် ပြောကာ လှည့်အထွက် ဒီမိုးယံ လူကြီးပခုံးကို ဆတ်ခနဲ ဖမ်းဆွဲသည်။

'ကျွန်တော့်ကို ဒီဒီလို့ မခေါ်နဲ့'

'ဟေ'

'ခင်ဗျားကြားပါတယ်။ ကျွန်တော့်နာမည် ဒီမိုးယံ။ ကြိုက်သလိုခေါ်။ ဒီဒီလို့တော့ မခေါ်နဲ့'

ခြိမ်းခြောက်မှုအပြည့်နှင့် အေးစက်သည့်အသံကြောင့် လင်းလက်ပင်နေစရာမရှိတော့လောက်အောင် ခံစားလိုက်ရသည်။ ထိုလူကတော့ အတန်ငယ်ကြောင်တောင်တောင်ဖြစ်နေပြီးမှ အေးပါကွာဟု ဆိုကာ သူတို့နားမှ နှုတ်ဆက်ထွက်ခွာသွားသည်။

'ဒီဒီကလည်းကွာ။ လုပ်ငန်းရှင်ကို ဒီလိုပြန်ပြောစရာလား'

ဒီမိုးယံ၏ အပြုအမူက အလုပ်အတွက် အနှောင့်အယှက်ဖြစ်နိုင်မှာကို စိုးရိမ်ပြီး သူမ ဆူတော့ ဒီမိုးယံက ပြုံးရုံသာပြုံးသည်။

'မရဘူးလေဗျာ။ တစ်လောကလုံးမှာ ကျွန်တော့်ကို ဒီဒီလို့ ခေါ်ခွင့်ရှိတဲ့လူသုံးယောက်ပဲ ရှိတယ်'

လက်ညှိုးသုံးချောင်းကို သူမ မျက်နှာရှေ့မှာထောင်ပြီး ဆရာကြီးတစ်ယောက်လို ရှင်းပြနေသော ဒီမိုးယံကိုကြည့်ပြီး လင်းလက် ပြုံးလိုက်သည်။

'ဆိုစမ်းပါဦး။ အဲဒီ့ထဲမှာ မမ မှ ပါရဲ့လား'

'ပါတာပေါ့။ မေမေရယ်... မမရယ်..'

လက်ညှိုးတစ်ချောင်းချင်းစီကို နောက်လက်တစ်ဖက်ဖြင့် ချိုးပြသွားပြီး နောက်ဆုံးတစ်ချောင်းကိုတော့ ကိုင်ပြီး ဒီမိုးယံ စကားသံတို့ ပျောက်ဆုံးသွားသည်။

စက္ကန့်ပိုင်းပဲဖြစ်သည်။

တကယ့်ကို စက္ကန့်ပိုင်းလောက်ပဲ ဖြစ်သည်။

ဒါပေမဲ့ မျက်လုံးတောက်တောက်လေးများက အရောင်ဖျော့သွားတာကို သူမ သတိထားမိသည်။ မျက်နှာချောချောလေးထက်မှာ ဝမ်းနည်းရိပ်တစ်ချို့ဖြတ်ပြေးသွားတာကို သူမ မြင်ဖြစ်သည်။

'အင်း.. နောက်တစ်ယောက်ရယ်မမရာ။ မမတို့သုံးယောက်ပဲ ခေါ်ခွင့်ရှိတာ'

အရေးမကြီးသလို ဟန်ဆောင်အပြုံးနဲ့ စကားစဖြတ်လိုက်သည့် ဒီမိုးယံကိုငေးကြည့်နေရုံမှလွဲ၍ သူမ ဘာမှမတတ်နိုင်။ နှစ်ယောက်စလုံး အသံတိတ်သွားကြပြီးမှ ခုံဝိုင်းမြင့်လေးပေါ်မှ ဒီမိုးယံခုန်ဆင်းလိုက်သည်။

'လာ မမ။ ကျွန်တော် လိုက်ပို့ပေးမယ်'

လင်းလက် ဒီမိုးယံ ဘေးမှ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။ လင်းလက်ဆိုသောသူမသည် အရပ်နိမ့်သူတစ်ယောက်မဟုတ်ဘဲ အရပ်မြင့်သည်ဆိုသည့် အမျိုးသမီးများထဲတွင် ပါဝင်ပါသည်။ နောက်ပြီး အခု ဒေါက်မြင့်ဖိနပ်ကိုလည်း စီးထားသေးသည်။ ဒါတောင်သူမ အရပ်က ဒီမိုးယံ နားရွက်လောက်ပဲရှိနေသည်။ အရင်က သူတို့နှစ်ယောက်ဘယ်သူအရပ်ပိုရှည်ကြောင်း အမြဲပြိုင်ရင်း ပြုံးရယ်ခဲ့ရသည်များကို သတိမရဘဲမနေနိုင်။ အချိန်သုံးနှစ်အတွင်းမှာ ပြောင်းလဲသွားတာတွေက အများကြီးဖြစ်သည်။ ဒါပေမဲ့ သူမရင်ထဲက ချစ်ခြင်းမေတ္တာတွေကတော့ ဟိုးအရင်ကလိုပဲဖြစ်သည်။

'ဒီဒီ'

'ဗျာ မမ'

'မင်း ကောင်မလေးတစ်ယောက်နဲ့တွဲနေတယ်ဆို'

'ဟာ။ သတင်းတွေက မြန်တာမမရာ'

ဝန်ခံသည့် သဘောမှန်း နားလည်ရသည်မို့ လင်းလက် သက်ပြင်းချဖြစ်သည်။ ဘယ်တုန်းကမှ ဒီမိုးယံ၏ ချစ်ရေးချစ်ရာကိစ္စများကို သူမ ဝင်မစွက်ဖက်ခဲ့ဘူးပါ။ စွက်ဖက်ခွင့်လည်း မရှိခဲ့လို့ ပြောလို့ရမည်ထင်သည်။ လင်းလက်နှင့် ဒီမိုးယံ ဆိုတာက မိတ်ဆွေဆိုတာထက်ကို ဘယ်တုန်းကမှ အဆင့်ကျော်ခဲ့ခြင်း မရှိခဲ့ကြ။

'ကောင်မလေးက ဆေးကျောင်းကဆို..'

ဒီမိုးယံ ချက်ချင်းမဖြေ။ အသံတိတ်ရင်း သူမ ဘေးမှာ တိတ်တဆိတ်လျှောက်နေသည်။

'ဆေး ၁ ကလား ၂ ကလား ဒီဒီ'

'ဆေး ၂ ကပါ မမ'

သူမနှင့် မျက်လုံးချင်းမဆိုင်အောင် ကြိုးစားနေကတည်းက ဒီမိုးယံ၏ အဖြေကို မကြားရသေးပေမယ့် လင်းလက် နားလည်ပြီးသားဖြစ်သည်။

ဆက်လက်ဖတ်ရှုပါရန်

မင်္ဂလာပါ။ ရုပ်ရှင်အညွှန်းကဏ္ဍကနေ ကြိုဆိုလိုက်ပါတယ်။ ရုပ်ရှင်လောက၊ ရုပ်ရှင်သမိုင်းတစ်လျှောက် ထွက်ရှိခဲ့တဲ့ ဇာတ်ကားပေါင်းများစွာတွေထဲမှာမှ တစ်မျိုးတစ်ဖုံ တူညီရာလေးတွေစုထားတဲ့ဇာတ်ကားလေးတွေကို လစဉ်လတိုင်း စုစည်းဖော်ပြပေးနိုင်ဖို့ အမြဲကြိုးစားနေပါတယ်။ ဒီတစ်ခါမှာတော့ ဒါရိုက်တာတွေကိုယ်တိုင်က ဇာတ်လမ်းစဉ်၊ ဇာတ်ညွှန်းခွဲ၊ ဇာတ်ညွှန်းရေးသားပြီး ရိုက်ကူးပုံဖော်တဲ့ ဇာတ်ကား (၅) ကားကို ညွှန်းဆိုဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဇာတ်ကားတိုင်းမှာလည်း Slogan, Tagline လေးတွေ ပါဝင်ဖော်ပြထားတဲ့ ဇာတ်ကားမျိုးကို ရွေးချယ်ထားတာ ဖြစ်ပါတယ်။




## Handsome Devil (2016)

Director: John Butler

Writers: John Butler

Stars: Fionn O'Shea, Nicholas Galitzine, Andrew Scott, Ardal O'Hanlon, Amy Huberman, Ruairi O'Connor

Running Time: 95 min

Rating: 7.1/10 (IMDB)

ဂီတနဲ့ သီချင်းအနုပညာတွေကိုပဲ ဝါသနာပါတဲ့ ကျောင်းသားလေးတစ်ယောက်ဟာ ကျောင်း Rugby အသင်းမှာ အားကိုးအားထားပြုနိုင်လောက်အောင် သန်မာကြံ့ခိုင်တဲ့ ကျောင်းသားနဲ့ တစ်ခန်းထဲအတူတူနေရာက အစပြုတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ ဖြစ်ပါတယ်။ နူးညံ့အေးဆေးပေမယ့် အမှန်တရားကို မတုန်မလှုပ်ရင်ဆိုင်နိုင်တဲ့ ကျောင်းသားနဲ့ ကြမ်းတမ်းသွက်လက်ပေမဲ့ လူမသိစေချင်တဲ့ လိပ်ပြာအတွက် ဟန်ဆောင်နေရတဲ့ ကျောင်းသား၊ ဘယ်သူက ပိုပြီးရဲရင့်နိုင်မလဲ။

ပြည့်ကျပ်မွန်းအစ်နေတဲ့ ပတ်ဝန်းရဲ့ခေါင်းဆောင်ရာကိုပဲ လိုက်ရမလား၊ နှလုံးသားရဲ့ ဦးဆောင်ရာနောက်ကိုပဲ ပါသွားရမလားဆိုတာ ကိုယ့်ရဲ့ရွေးချယ်မှုပါပဲ။ 'Follow the Crowd, or Follow you heart' ဆိုတဲ့ စာသားလေးကိုက ကြည့်ရှုသူကို Inspiration ဖြစ်စေပါတယ်လို့ ပြောပါရစေ။

For The People Like Us
Salai Leo

---

## Burning Blue (2013)

Director: D.M.W. Greer

Writers: Helene Kvale, D.M.W. Greer (co-writer)

Stars: Trent Ford, Morgan Spector, Tammy Blanchard, William Lee Scott

Running Time: 96 min

Rating: 6.1/10 (IMDB) (R)




Navy Fighter Pilot နှစ်ယောက်ရဲ့ အင်မတန်လှပတဲ့ ဇာတ်လမ်းတစ်ပုဒ်လို့ ပြောချင်ပါတယ်။ လျှို့ဝှက်ခက်ခဲလွန်းတဲ့ အချစ်လမ်းခရီးကို လျှောက်လှမ်းဖို့ ကြိုးစားတဲ့အခါ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲနဲ့ ဒုက္ခတွေဟာ အံတုဖို့ မလွယ်ကူလောက်အောင် များပြားလွန်းလှပါတယ်။ အချစ်တစ်ခုတည်းကို အလေးထားဖို့ ကြိုးစားရပေမဲ့ ရင်ဆိုင်ရမယ့်ပတ်ဝန်းကျင်၊ ဘဝတွေနဲ့ ရာထူးအလုပ်အကိုင်တွေအထိကို ဖရိုဖရဲနဲ့ ပြိုလဲစေနိုင်တဲ့အခါ...။

US Navy တပ်သားတွေရဲ့ အကြောင်းအရာအချို့နဲ့ တားမြစ်ပိတ်ပင်ခံရတဲ့ အချစ်တွေအကြောင်းကို အများကြီးဆက်စပ် တွေ့မြင်နိုင်စေတဲ့ ဇာတ်လားလေးတစ်ကားလို့ ဆိုချင်ပါတယ်။ Tagline ကတော့ Dyne Nothing ဖြစ်ပါတယ်။ အမှန်တရားတွေကို ငြင်းဆန်ဖို့မလိုပါဘူး။




## Private Romeo (2011)

Director: Alan Brown

Writers: Alan Brown, William Shakespeare (adapted from the play "Romeo and Juliet")

Stars: Hale Appleman, Charlie Barnett, Adam Barrie

Running Time: 94 min

Rating: 6.1/10 (IMDB)

ကမ္ဘာကျော် ဇာတ်လမ်းဖြစ်တဲ့ Romeo and Juliet ဇာတ်ကားကို မှီပြီး ခွဲထွက်စွာ တင်ဆက်ရိုက်ကူးထားတဲ့ ဇာတ်ကားလေး ဖြစ်ပါတယ်။ စစ်ပညာအထက်တန်းကျောင်း တစ်ခုက သီးခြားအတန်းမှာတက်နေတဲ့ ကျောင်းသား ၈ ယောက်ထဲကမှ အချစ်တွေ တည်ဆောက်ပျိုးထောင်မိတဲ့ ကျောင်းသားနှစ်ယောက်ရဲ့အကြောင်းကို စိတ်ကူးပုံဖော်ပြီး ရိုက်ကူးထားတာပါ။ "Love goes toward love as schoolboys from their books" စကားလေးက သူ့ Tagline ပါ။ တစ်ချိန်က အမေရိကန်ပြည်ထောင်စုမှာ ချမှတ်ခဲ့တဲ့ “Don't ask. Don't tell” ဆိုတဲ့ စည်းမျဉ်းကို မီးမောင်းထိုးပြနိုင်တဲ့ ဇာတ်ကားကောင်း တစ်ကားလည်း ဖြစ်ပါတယ်။

---

## Front Cover (2015)




Director: Ray Yeung

Writers: Ray Yeung

Stars: Jake Choi, James Chen, Jennifer Neala Page

Running Time: 87 min

Rating: 6.3/10 (IMDB)

အမေရိကန်နိုင်ငံမှာ Fashion Stylist အလုပ်လုပ်ရင်း ရုန်းကန်နေတဲ့ တရုတ်လူမျိုး တစ်ယောက်ဟာ သူ့အလုပ်ရဲ့ တာဝန်ပေးမှုအရ တရုတ်မင်းသားတစ်ဦးနဲ့ ကြော်ငြာ ရိုက်ကူးဖို့ အကြောင်းဖန်လာခဲ့ရာကစပြီး ဇာတ်လမ်းဟာ အချိုးအကွေ့အပြောင်းအလဲ တွေ ဖြစ်သွားခဲ့ပါတယ်။ အနောက်တိုင်းမှာ ဆုံတွေ့ကြတဲ့ အရှေ့တိုင်းသားနှစ်ဦးရဲ့ ဇာတ်လမ်းဟာ...။

Love is always in style တဲ့။ လက်တွေ့ဆန်တဲ့ဘဝနဲ့ စိတ်ကူးယဉ်ဆန်တဲ့ အချစ်တို့ရဲ့ ပေါင်းဖက်မှုဟာ အမြဲတမ်း စတိုင်ကျလှပ နေနိုင်မလားဆိုတာကို ဒီဇာတ်ကားလေးက Style ကျကျလေးပုံဖော်သွားတယ်လို့ သတ်မှတ်ပါရစေ။

---




## Ciao (2008)

Director: Yen Tan

Writers: Alessandro Calza, Yen Tan

Stars: Adam Neal Smith, Alessandro Calza, Chuck Blaum

Running Time: 87 m in

Rating: 6.6/10 (IMDB) (R)

ယာဉ်မတော်တဆမှုတစ်ခုကြောင့် အသက်ဆုံးရှုံးလိုက်ရတဲ့ Mark ရဲ့ e-mail ကို ကျန်ရစ်သူ သူငယ်ချင်းဖြစ်တဲ့ Jeff က စစ်ဆေးရာမှ စတဲ့ဇာတ်လမ်းလေးဖြစ်ပါတယ်။ e-mailထဲမှာ Mark ဟာ အီတလီလူမျိုးမိတ်ဆွေတစ်ဦးဖြစ်တဲ့ Andrea ကို အလည်လာဖို့ ဖိတ်ခေါ်ထားခဲ့ဖူးပါတယ်။ Jeff ဟာ Mark မရှိတော့ပေမဲ့ Andrea ကို ဖိတ်ခေါ်ခဲ့ပြီး ဧည့်ဝတ်ကျေပွန်ခဲ့ရာမှ အစပြုလို့.....။

သိမ်မွေ့အေးဆေးတဲ့ဇာတ်အသွားအလာက ငြိမ့်ငြိမ့်ညောင်းညောင်းလေးနဲ့ ကြည့်ရှုသူကို အနက်ရှိုင်းဆုံးအထိ ဆွဲခေါ် သွားပေးပါတယ်။ "Every ending has a new beginning" စာသားလေးကလည်း နိုးထမှုဆန်တဲ့ ခွန်အားမျိုးကို ဖြစ်ပေါ်စေမှာပါ။

- ဘယ်အချိန်ကစပြီး လက်ခံရရှိခဲ့တာလဲ?

- ဘယ်လိုပုံစံနဲ့ လက်ခံရရှိခဲ့တာလဲ?

အခမ်းအနားပွဲ ☐ သူငယ်ချင်း ☐ အဖွဲ့အစည်း ☐ အခြား ☐

- သင်မှတစ်ဆင့် အခြားသူများထံဖြန့်ဝေဖူးပါသလား?

ဖြန့်ဝေ ☐ မဖြန့်ဝေ ☐

- မဂ္ဂဇင်းရဲ့ဖွဲ့စည်းမှုကို ဘယ်လိုယူဆသလဲ?

အလွန်ကောင်း ☐ ကောင်း ☐ သာမန် ☐ ညံ့ ☐

- မဂ္ဂဇင်းရဲ့ဒီဇိုင်းအပြင်အဆင်ကို ဘယ်လိုယူဆသလဲ?

အလွန်ကောင်း ☐ ကောင်း ☐ သာမန် ☐ ညံ့ ☐

- Colors Rainbow မဂ္ဂဇင်းရဲ့ကဏ္ဍတွေအနက် ဘယ်ကဏ္ဍတွေကို အကြိုက်ဆုံးလဲ? ဘာကြောင့်လဲ?

- ဥပဒေရေးရာ အမေးအဖြေကဏ္ဍက သင့်အတွက် အသုံးဝင်သလား? မည်ကဲ့သို့ အသုံးဝင်သလဲ?

- Colors Rainbow မဂ္ဂဇင်းကို လက်ရှိအနေအထားထက် ပိုကောင်းအောင် ဘယ်လို လုပ်ဆောင်သင့်သလဲ?

- Colors Rainbow မဂ္ဂဇင်းနှင့်ပတ်သက်၍ သီးခြားအကြံပြုချက်များရှိပါက ဖော်ပြရန်။

ပေးပို့ရန် --- အခန်း (၆၀၄/၆၀၅)၊ (၆) လွှာ၊ ကမ်းသာယာရိပ်မွန်ပလာဇာ၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။